
## ရခိုင်ပြည်နယ်အတွင်း
## အလားအလာကောင်းသော
## စီးပွားရေးလုပ်ငန်းကဏ္ဍများ

- မွေးမြူရေးနှင့်ရေလုပ်ငန်း
- စိုက်ပျိုးရေး
- ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း
- သစ်တော
- ထုတ်လုပ်မှု/ပြုပြင်ပြောင်းလဲထုတ်လုပ်မှု
- သယ်ယူပို့ဆောင်ရေး
- လူ့စွမ်းအားအရင်းအမြစ်
- ဆက်သွယ်ရေး
- စွမ်းအင်
- ဆောက်လုပ်ရေး
- အထူးစီးပွားရေးဇုန်များ






**အစီရင်ခံစာ**

# ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်း စစ်တမ်းသုတေသန



Myanmar Investment Commission

Japan External Trade Organization

Myanmar Survey Research

ရန်ကုန်မြို့၊ ဖေဖော်ဝါရီလ ၂၀၁၉ ခုနှစ်






| | |
|---|---|
| **ပုံနှိပ်ခြင်း** | ▪ ရန်ကုန်မြို့၊ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ |
| **ဦးစီးဆောင်ရွက်ခြင်း** | ▪ **မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်**<br>အတွင်းရေးမှူးများအဖွဲ့<br>(ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန)<br>အမှတ် ၁၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း၊ ၉၅ ၁ ၆၅၈၀၁၃၂၊ ဖက်စ်၊ ၉၅ ၁ ၆၅၈၀၁၃၄၊ ဝက်ဘ်ဆိုက်၊ http://www.dica.gov.mm |
| | ▪ **ရခိုင်ပြည်နယ်အစိုးရအဖွဲ့** |
| **ပူးတွဲဆောင်ရွက်ခြင်း** | ▪ **ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (မြန်မာရုံး)** |
| JETRO Japan External Trade Organization | ▪ **ဂျပန်နိုင်ငံပြည်ပကုန်သွယ်ရေးအဖွဲ့ (ရန်ကုန်မြို့)** |
| **အထောက်အကူပြုခြင်း** PARAMI ENERGY | ▪ Parami Energy Group of Companies |
| mango group | ▪ Mango Media Group |
| BlueOcean operating management | ▪ Blue Ocean Operating Management |
| JTB PST | ▪ JTB Polestar Co Ltd |
| MSR | ▪ **မြန်မာဆာဗေးသုတေသနကုမ္ပဏီလီမိတက်**<br>ရန်ကုန်ဘူတာကြီးအဆောက်အဦ၊ ကွမ်းခြံလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း၊ ၉၅ ၁ ၃၇၀၄၆၄ ▪ ဖက်စ်၊ ၉၅ ၁ ၂၅၄၂၆၃<br>▪ အီးမေးလ်၊ msr@myanmarsurveyresearch.com<br>▪ ဝက်ဘ်ဆိုက်၊ www.myanmarsurveyresearch.com |

© **မူပိုင်ခွင့်၊** မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (၂၀၁၉ ခုနှစ်)

## ❖ အတိုကောက်စကားလုံးများ

| | |
|---|---|
| ASEAN | အရှေ့တောင်အာရှနိုင်ငံများအသင်း |
| CBM | ပြည်ထောင်စုမြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| CSO | ဗဟိုစာရင်းအင်းအဖွဲ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| Dept | ဦးစီးဌာ (အစိုးရဌာန) |
| DICA | ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန |
| EEZ | သီးသန့်စီးပွားရေးဇုန် (ရေပိုင်နက်အတွင်း) |
| GAD | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာ၊ ပြည်ထဲရေးဝန်ကြီးဌာန |
| GDP (ဂျီဒီပီ) | အကြမ်းပြည်တွင်းထုတ်လုပ်မှု |
| INGOs | အစိုးရမဟုတ်သောနိုင်ငံတကာအဖွဲ့အစည်းများ |
| IWT | ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| KII | Key informant interview |
| MIC | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် |
| MSME | မိုက်ခရို၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများ |
| MSR | မြန်မာဆာဗေးသုတေသနကုမ္ပဏီလီမိတက် |
| NEP | National Electrification Plan |
| NPT | နေပြည်တော် (မြို့တော်) |
| O&G | ရေနံနှင့်သဘာဝဓာတ်ငွေ့ |
| OSB | ကန်းလွှန်ထောက်ပံ့ရေးအခြေစိုက်စခန်း |
| SEZ | အထူးစီးပွားရေးဇုန် |
| SME | အသေးစားနှင့်အလတ်စားလုပ်ငန်းများ |
| Sq-km | စတုရန်းကီလိုမီတာ |
| TEU | 20-foot Equivalent Unit |
| UMFCCI | ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်း |
| **ငွေကြေး** | |
| MMK | မြန်မာကျပ် |
| USD / ကန်ဒေါ်လာ | အမေရိကန်ဒေါ်လာ |

## ❖ Former and current Rakhine names in English

| Current name | Former name |
|---|---|
| Rakhine | Arakan |
| Sittwe | Akyab |
| Kyaukphyu | Kyaukphru |
| Yanbye | Ramree |
| Thandwe | Sandoway |

## ❖ အသုံးအနှုန်းများနှင့်တိုင်းတာမှုစနစ်များ

## ❖ Terms

| | |
|---|---|
| **Myanma:** | "Myanmar" denotes the country and people and also is used as an adjective. However, government departments and enterprises use "Myanma" (withour 'r') as an adjective. Hence, the names of some government enterprises will be found starting with "Myanma" in their names. eg Myanma Petrochemical Enterprise |
| **Paddy:** | Rice grain in the husk that has not been milled. (*zabar* in Myanmar) |
| **Purchase depot:** | The phrase "purchase depot" is literally translated from Myanmar. It is also translated as "Brokerage House." It is a kind of large dealing centre which buys agricultural produce—rice and pulses—and re-distribute within the country or export them. |
| **Rice:** | Grain whose husk has been removed by milling (*hsan* in Myanmar) |
| **U:** | "U" is an honorific used before the name of a Myanmar male adult. It is an equivalent of Mr. |
| **Daw:** | "Daw" is an honorific used before the name of a Myanmar female adult, single or married. It is an equivalent of Miss/Ms/Mrs. |
| **Seasons in Myanmar:** | Myanmar has three seasons: Hot season (summer) (3 months: Mar – May), rainy season (monsoon season) (5 months: Jun – Oct), and cool season (4 months: Nov – Feb). |
| **Fiscal year:** | **"**Fiscal year" in this report refers to the period from October 1l of a year to September 30 of the following year. |

## ❖ Measuring systems

| System | Sample product | Units |
|---|---|---|
| Volume measuring | Rice, some agricultural produce | 8 tinfuls = 1 pyi |
| | | 16 pyi's = 1 basket |
| | Tin = condensed milk tin | |
| Weighting measuring | | 100 ticals = 1 viss |

| Conversion | | | |
|---|---|---|---|
| Weight | 1 viss | = | 1.63293 kg (= 3.6 lb) |
| Volume (rice) | 1 basket | = | 3.33 kg |
| Volume (rice) | 1.5 baskets | = | 50 kg (1 bag) |

Myanmar Investment Commission

Myanmar Survey Research

## မာတိကာ


**အတိုကောက်စကားလုံးများ** ---------- ၂
**အသုံးအနှုန်းများနှင့်တိုင်းတာမှုစနစ်များ** ---------- ၃
**ဇယားများနှင့်သရုပ်ပြပုံများ** ---------- ၈
**ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၏အမှာစာ** ---------- ၁၁
**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၏အမှာစာ** ---------- ၁၂
**အစီရင်ခံစာအားအကျဉ်းချုံးဖော်ပြချက်** ---------- ၁၃

▶ မြေပုံ၊ လုပ်ငန်းကဏ္ဍပေါင်းစုံ ---------- ၁၅

**၁ နိဒါန်း**
၁.၁ နောက်ခံအကြောင်း ---------- ၁၆
၁.၂ ရည်မှန်းချက်များ ---------- ၁၇
၁.၃ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းစစ်တမ်းကောက်ယူခြင်းနည်းလမ်းများ ---------- ၁၇
နမူနာကောက်ယူခြင်း ---------- ၁၈
၁.၄ လုပ်ငန်းဆောင်ရွက်မှုအစီအစဉ် ---------- ၁၉
၁.၅ လေ့လာမှု၏အကန့်အသတ်များ ---------- ၁၉

**၂ မြန်မာနိုင်ငံနှင့်ပတ်သက်သောခြုံငုံတင်ပြမှု**
၂.၁ မြန်မာနိုင်ငံ၏လူဦးရေဆိုင်ရာအချက်အလက်များ ---------- ၂၀
၂.၂ မြန်မာနိုင်ငံ၏စီးပွားရေးအကျဉ်းချုပ် ---------- ၂၀
၂.၃ တိုင်းဒေသကြီးများနှင့်ပြည်နယ်များ၏လူဦးရေများ ---------- ၂၀
၂.၄ မြေပုံ၊ တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုနှင့်နေပြည်တော်ပြည်ထောင်စုနယ်မြေ ---------- ၂၁
၂.၅ တိုင်းဒေသကြီးများနှင့်ပြည်နယ်များ၏လူဦးရေအချိုးများ ---------- ၂၂
၂.၆ အရွယ်ရောက်ပြီးသူစာတတ်မြောက်နှုန်း (၁၅ နှစ်နှင့်အထက်) ---------- ၂၂
၂.၇ တိုင်းဒေသကြီးများနှင့်ပြည်နယ်များ၏လူဦးရေသိပ်သည်းမှု ---------- ၂၂
၂.၈ အမျိုးသားဂျီဒီပီတွင်ကဏ္ဍအလိုက်ပါဝင်မှုများ (ရာခိုင်နှုန်းဖြင့်) ---------- ၂၃
၂.၉ ကဏ္ဍခွဲများ၏အမျိုးသားဂျီဒီပီတွင်အချိုးအစားပါဝင်မှု - တန်ဖိုး/ရာခိုင်နှုန်း ---------- ၂၄
၂.၁၀ ၂၀၁၅-၁၆ နှင့် ၂၀၁၆-၁၇ ခုနှစ်တို့အကြားဂျီဒီပီတိုးတက်မှုနှုန်းယှဉ်ခြင်း (ကဏ္ဍ/တန်ဖိုးဖြင့်) ---------- ၂၅

**၃ မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံမှုအခြေအနေ**
၃.၁ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်နေ့အထိခွင့်ပြုပေးခဲ့သည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ---------- ၂၆
၃.၂ မြန်မာနိုင်ငံတွင်အများဆုံးလာရောက်ရင်းနှီးမြှုပ်နှံသည့်နိုင်ငံ ၂၀ ---------- ၂၇
၃.၃ နှစ်စဉ်ခွင့်ပြုခဲ့သည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏများ (ကဏ္ဍအလိုက်) ---------- ၂၈
၃.၄ မြန်မာနိုင်ငံသားများ၏ရင်းနှီးမြှုပ်နှံမှုများ (ကဏ္ဍအလိုက်) ---------- ၂၉
၃.၅ တိုင်းဒေသကြီးများနှင့်ပြည်နယ်များတွင်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ---------- ၂၉

ရခိုင်ပြည်နယ်တွင်ရင်းနှီးမြှုပ်နှံမှုအခြေအနေ
၃.၆ ရခိုင်ပြည်နယ်အတွင်း မြန်မာနိုင်ငံသားများ၏ရင်းနှီးမြှုပ်နှံမှုများ ---------- ၃၀
၃.၇ ရခိုင်ပြည်နယ်အတွင်းနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ---------- ၃၁
၃.၈ ရခိုင်ပြည်နယ်အတွင်းရင်းနှီးမြှုပ်နှံရန်မူဝါဒနှင့်လုပ်ထုံးလုပ်နည်းဆိုင်ရာပြဌာန်းချက်များ ---------- ၃၂

**၄ အမျိုးသားစီးပွားရေးမူဝါဒနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဘောင်**
၄.၁ မြန်မာနိုင်ငံ၏စီးပွားရေးမူဝါဒ ---------- ၃၃
၄.၂ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမူဝါဒ ---------- ၃၄
၄.၃ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဥပဒေမူဘောင် ---------- ၃၅
၄.၄ မြန်မာနိုင်ငံရေရှည်တည်တံ့ခိုင်မြဲပြီးဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ---------- ၃၆

**၅ ရခိုင်ပြည်နယ်အားခြုံငုံတင်ပြမှု**
၅.၁ ရခိုင်ပြည်နယ်အကြောင်းအကျဉ်းချုပ် ---------- ၃၇
၅.၂ ရခိုင်ပြည်နယ်အားနယ်မြေပိုင်းခြားမှု ---------- ၃၇
၅.၃ လူဦးရေဆိုင်ရာအချက်အလက်များ ---------- ၃၈

၅.၃.၁ လူဦးရေသိပ်သည်းမှု ---------- ၃၉
၅.၃.၂ မြန်မာနိုင်ငံနှင့်ရခိုင်ပြည်နယ်တို့၏လူဦးရေပိရမစ်များ ---------- ၄၀
၅.၄ စီးပွားရေး ---------- ၄၀
၅.၄.၁ ရခိုင်ပြည်နယ်အတွင်းအခြေခံအဆောက်အအုံများ ---------- ၄၂
၅.၄.၂ ဆက်သွယ်ရေး ---------- ၄၄
၅.၄.၃ လျှပ်စစ်ဓာတ်အား ---------- ၄၄
၅.၄.၄ မြေယာအသုံးချမှု ---------- ၄၅
၅.၄.၅ လုပ်သားအင်အားပါဝင်မှုနှင့်အလုပ်လက်မဲ့နှုန်း ---------- ၄၆
၅.၄.၆ နယ်စပ်ကုန်သွယ်ရေး ---------- ၄၆
၅.၅ ရခိုင်ပြည်နယ်အစိုးရ၏ဦးစားပေးစီးပွားရေးကဏ္ဍများ ---------- ၄၇

**၆ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများရှိသောအဓိကကဏ္ဍများ**

**၆.၁ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ**

**၆.၁(က) ရေလုပ်ငန်းကဏ္ဍ**

၆.၁(က).၁ ရေလုပ်ငန်းကဏ္ဍအားခြုံငုံတင်ပြမှု ---------- ၄၈
၆.၁(က).၂ ရခိုင်ပြည်နယ်အတွင်းရေလုပ်ငန်းအမျိုးအစားများ ---------- ၅၀
- ကုန်းတွင်းရေလုပ်ငန်း ---------- ၅၀
- ပင်လယ်ပြင်ငါးဖမ်းခြင်း ---------- ၅၀

၆.၁(က).၃ ကမ်းရိုတန်းနှင့်ကမ်းလွန်ငါးဖမ်းလုပ်ငန်းများတွင်ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ---------- ၅၁
- ငါး၊ ပုစွန်မွေးမြူရေး ---------- ၅၂

၆.၁(က).၄ ငါးမွေးမြူရေးတွင်ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ---------- ၅၂
၆.၁(က).၅ ပုစွန်မွေးမြူရေးတွင်ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ---------- ၅၃
၆.၁(က).၆ ကဏန်းပျော့မွေးမြူရေးတွင်ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ---------- ၅၃
၆.၁(က).၇ ရေလုပ်ငန်းအားသုံးသပ်ချက် ---------- ၅၄

**၆.၁(ခ) မွေးမြူရေးလုပ်ငန်းကဏ္ဍ**

၆.၁(ခ).၁ မွေးမြူရေးလုပ်ငန်းကဏ္ဍအားခြုံငုံတင်ပြမှု ---------- ၅၅
၆.၁(ခ).၂ ရခိုင်ပြည်နယ်တွင်အဓိကမွေးမြူရေးလုပ်ငန်းများ ---------- ၅၆
- စီပီကြက်မွေးမြူရေး ---------- ၅၆
- ကျွဲ၊ နွားမွေးမြူခြင်း ---------- ၅၇

၆.၁(ခ).၃ မွေးမြူရေးကဏ္ဍအားသုံးသပ်ချက် ---------- ၅၈

► **မြေပုံ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ** ---------- ၅၉

**၆.၂ စိုက်ပျိုးရေးကဏ္ဍ**

၆.၂.၁ စိုက်ပျိုးရေးကဏ္ဍအားခြုံငုံတင်ပြမှု ---------- ၆၀
- နှံစားသီးနှံများ ---------- ၆၁
- ဆီထွက်သီးနှံများ ---------- ၆၃
- ပဲအမျိုးမျိုး ---------- ၆၄
- ငရုတ်၊ ကြက်သွန်နီနှင့်ကြက်သွန်ဖြူ ---------- ၆၅
- ဆေးရွက်ကြီး၊ ကွမ်းသီးနှင့်ကွမ်းရွက် ---------- ၆၆
- ကြံ ---------- ၆၇
- ဟင်းသီးဟင်းရွက်နှင့်သစ်သီးများ ---------- ၆၈
- သီဟိုဠ် ---------- ၆၈

၆.၂.၂ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင်ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ---------- ၆၈
၆.၂.၃ စိုက်ပျိုးရေးကဏ္ဍအားသုံးသပ်ခြင်း ---------- ၆၉

► **မြေပုံ၊ စိုက်ပျိုးရေးကဏ္ဍ** ---------- ၇၀

**၆.၃ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍ**

၆.၃.၁ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍအားခြုံငုံတင်ပြမှု ---------- ၇၁
၆.၃.၂ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍနှင့်သက်ဆိုင်သည့်ဥပဒေနှင့်ညွှန်ကြားချက်များ ---------- ၇၂
၆.၃.၃ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍတွင်ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ---------- ၇၄
၆.၃.၄ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍကိုသုံးသပ်ခြင်း ---------- ၇၄

▶ မြေပုံ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ---------- ၇၅
၆.၄ သစ်တောကဏ္ဍ
၆.၄.၁ သစ်တောကဏ္ဍအားခြုံငုံတင်ပြမှု ---------- ၇၆
၆.၄.၂ သစ်တောကဏ္ဍနှင့်ဆက်စပ်သည့်ဥပဒေများ ---------- ၇၆
၆.၄.၃ သစ်တောကြိုးဝိုင်းများ ---------- ၇၆
■ ဝါးထုတ်ကုန်များ ---------- ၇၈
■ ရော်ဘာ ---------- ၇၉
■ အုန်း ---------- ၇၉
■ ကျွန်း ---------- ၇၉
၆.၄.၄ သစ်တောကဏ္ဍကိုသုံးသပ်ခြင်း ---------- ၈၀
▶ မြေပုံ၊ သစ်တောကဏ္ဍ ---------- ၈၁
6.5 ထုတ်လုပ်မှု / ပြုပြင်ပြောင်းလဲထုတ်လုပ်မှုကဏ္ဍ
၆.၅.၁ ထုတ်လုပ်မှု / ပြုပြင်ပြောင်းလဲထုတ်လုပ်မှုကဏ္ဍအားခြုံငုံတင်ပြခြင်း ---------- ၈၂
၆.၅.၂ ထုတ်လုပ်မှုကဏ္ဍ၏အဓိကအကျိုးသက်ဆိုင်သူများ ---------- ၈၂
၆.၅.၃ သက်ဆိုင်ရာဥပဒေများ ---------- ၈၂
၆.၅.၄ ကုန်ထုတ်လုပ်မှုစီးပွားရေးအမျိုးအစားနှင့်အရွယ်အစားများ ---------- ၈၂
၆.၅.၅ ခရိုင် ၅ ခုအတွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းအမျိုးအစားများ ---------- ၈၃
■ ဆန်စက်များ ---------- ၈၃
■ စားသုံးဆီစက်များ ---------- ၈၄
■ ရေခဲစက် ---------- ၈၄
■ ဆားစက်များ ---------- ၈၅
၆.၅.၆ ထုတ်လုပ်မှု / ပြုပြင်ပြောင်းလဲထုတ်လုပ်မှုကဏ္ဍအားသုံးသပ်မှု ---------- ၈၆
▶ မြေပုံ၊ ထုတ်လုပ်မှု / ပြုပြင်ပြောင်းလဲထုတ်လုပ်မှုကဏ္ဍအားခြုံငုံတင်ပြခြင်း ---------- 87
၆.၆ သယ်ယူပို့ဆောင်ရေးကဏ္ဍ
၆.၆.၁ သယ်ယူပို့ဆောင်ရေးကဏ္ဍအားခြုံငုံတင်ပြမှု ---------- ၈၈
■ ရေကြောင်းသယ်ယူပို့ဆောင်ရေး ---------- ၈၈
■ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ---------- ၈၈
■ လေကြောင်းပို့ဆောင်ရေး ---------- ၉၀
၆.၆.၂ သယ်ယူပို့ဆောင်ရေးကဏ္ဍအားသုံးသပ်မှု ---------- ၉၁
▶ မြေပုံ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ ---------- ၉၂
၆.၇ လူ့အရင်းအမြစ်များနှင့်ကျန်းမာရေးကဏ္ဍ
၆.၇.၁ ပညာရေးကဏ္ဍအားခြုံငုံတင်ပြမှု ---------- ၉၃
၆.၇.၂ လူ့အရင်းအမြစ်များကဏ္ဍအားသုံးသပ်မှု ---------- ၉၅
၆.၈. ဆက်သွယ်ရေးကဏ္ဍ
၆.၈.၁ ဆက်သွယ်ရေးကဏ္ဍအားခြုံငုံတင်ပြမှု ---------- ၉၆
၆.၈.၂ ဆက်သွယ်ရေးကဏ္ဍအားသုံးသပ်မှု ---------- ၉၆
၆.၉ စွမ်းအင်ကဏ္ဍ
၆.၉.၁ စွမ်းအင်ကဏ္ဍအားခြုံငုံတင်ပြမှု ---------- ၉၇
၆.၉.၂ စွမ်းအင်ကဏ္ဍ၏အဓိကအကျိုးသက်ဆိုင်သူများ ---------- ၉၇
■ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု ---------- ၉၉
■ လျှပ်စစ်ဓာတ်ထုတ်လုပ်မှု ---------- ၁၀၀
■ ရေအားလျှပ်စစ် ---------- ၁၀၀
၆.၉.၃ စွမ်းအင်ကဏ္ဍအားသုံးသပ်မှု ---------- ၁၀၁
▶ မြေပုံ၊ စွမ်းအင်ကဏ္ဍ ---------- ၁၀၂
၆.၁၀. အထူးစီးပွားရေးဇုန်နှင့်အခြားဖွံ့ဖြိုးမှုစီမံကိန်းများ
၆.၁၀.၁ အထူးစီးပွားရေးဇုန်နှင့်အခြားသောဖွံ့ဖြိုးမှုစီမံကိန်းများအားခြုံငုံတင်ပြမှု ---------- ၁၀၃

၆.၁၀.၂ ကျောက်ဖြူအထူးစီးပွားရေရဇုန်နှင့်ရေနက်ဆိပ်ကမ်းစီမံကိန်း ---------------------------------- ၁၀၃
၆.၁၀.၃ ပုဏ္ဏားကျွန်းစက်မှုဇုန် ---------------------------------- ၁၀၄
၆.၁၀.၄ ကညင်ချောင်းကုန်သွယ်မှုဇုန် ---------------------------------- ၁၀၆
၆.၁၀.၅ ကုလားတန်မြစ်ကြောင်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ---------------------------------- ၁၀၇
၆.၁၀.၆ ကျေးတော - မင်းဂံဖွံ့ဖြိုးရေးစီမံကိန်း ---------------------------------- ၁၀၇
၆.၁၀.၇ မြောက်ဦးမြို့သစ်စီမံကိန်း ---------------------------------- ၁၀၈
၆.၁၀.၈ မြောက်ဦးလေဆိပ်စီမံကိန်း ---------------------------------- ၁၀၉
၆.၁၀.၉ ငပလီလေဆိပ်အဆင့်မြှင့်တင်ရေးစီမံကိန်း ---------------------------------- ၁၁၀
၆.၁၀.၁၀ မာန်အောင်ကျွန်း – သဘာဝခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုစီမံကိန်း ---------------------------------- ၁၁၁
၆.၁၀.၁၁ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့်အခြားစီမံကိန်းများတွင်ရင်းနှီးမြှုပ်နှံမှုအလားအလာများ ၁၁၂

▶ **မြေပုံ၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့်အခြားသောဖွံ့ဖြိုးမှုစီမံကိန်းများ** ---------------------------------- ၁၁၃

**၇ ရင်းနှီးမြှုပ်နှံသူများစိတ်ဝင်စားသည့်ကဏ္ဍများ** ---------------------------------- ၁၁၄

**၈ နိဂုံးချုပ်နှင့်အကြံပြုချက်များ**
၈.၁ နိဂုံးချုပ် ---------------------------------- ၁၁၅
၈.၂ အကြံပြုချက်များ ---------------------------------- ၁၁၅

**၉ နောက်ဆက်တွဲများ**
၉.၁ ရခိုင်ပြည်နယ်အတွင်းအဓိကအဖွဲ့အစည်းများ၏ဆက်သွယ်ရန်လိပ်စာများ ---------------------------------- ၁၁၇
၉.၂ ရခိုင်ပြည်နယ်အတွင်းရင်းနှီးမြှုပ်နှံထားသောမြန်မာကုမ္ပဏီများ ---------------------------------- ၁၁၇
၉.၃ အသေးစိတ်နမူနာစာရင်း ---------------------------------- ၁၁၈

**၁၀ ရည်ညွှန်းကိုးကားချက်များ** ----------------------------------
၁၀.၁ အစိုးရဌာနများ/လုပ်ငန်းများ ---------------------------------- ၁၂၀
၁၀.၂ ပုဂ္ဂလိကလုပ်ငန်းများ ---------------------------------- ၁၂၀
၁၀.၃ အသင်းအဖွဲ့များ/ကော်မတီများ/ဒေသခံအုပ်ချုပ်ရေးများ ---------------------------------- ၁၂၁
၁၀.၄ ထုတ်ဝေသော/မထုတ်ဝေသောစာရွက်စာတမ်းများ ---------------------------------- ၁၂၁
၁၀.၅ အင်တာနက်ဆိုက်များ ---------------------------------- ၁၂၂

## ❖ ဇယားများနှင့်သရုပ်ပြပုံများ

### ❖ ဇယားများ

**အခန်း ၃၊ မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံမှုအခြေအနေ**


ဇယား ၁၊ ကဏ္ဍအလိုက်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ (၂၀၁၈၊ ဒီဇင်ဘာ ၃၁ ရက်)------------------------------၂၆
ဇယား ၂၊ မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံသောထိပ်တန်းနိုင်ငံ ၂၀ (၁၉၈၈-၈၉ မှ ဒီဇင်ဘာ ၃၁၊ ၂၀၁၈ အထိ)-၂၇
ဇယား ၃၊ နစ်စဉ်ခွင့်ပြုခဲ့သည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏများ - ကဏ္ဍအလိုက ----------------------------------၂၈
ဇယား ၄၊ မြန်မာနိုင်ငံသားများအားခွင့်ပြုခဲ့သောရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ----------------------------------၂၉
ဇယား ၅၊ တိုင်းနှင့်ပြည်နယ်များရှိ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ (၂၀၁၀/၂၀၁၁–၂၀၁၆/၂၀၁၇) -----၂၉
ဇယား ၆၊ ရခိုင်ပြည်နယ်အတွင်း မြန်မာနိုင်ငံသားများ၏ရင်းနှီးမြှုပ်နှံမှုများ ------------------------------------------၃၀
ဇယား ၇၊ ရခိုင်ပြည်နယ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ -------------------------------------------------------၃၁


**အခန်း ၅၊ ရခိုင်ပြည်နယ်အားခြုံငုံတင်ပြမှု**


ဇယား ၈၊ ခရိုင် ၅ ခုအတွင်းရှိလူဦးရေများ-----------------------------------------------------------------------၃၈
ဇယား ၉၊ ရခိုင်ပြည်နယ်၏လူဦးရေဆိုင်ရာအချက်အလက်များ --------------------------------------------------၃၉
ဇယား ၁၀၊ ရခိုင်ပြည်နယ်၏ ဂျီဒီပီတွင်ကဏ္ဍများရာခိုင်နှုန်းပါဝင်မှု -------------------------------------------------၄၁
ဇယား ၁၁၊ ရခိုင်ပြည်နယ်နှင့်တခြားတိုင်းဒေသကြီး၊ ပြည်နယ်များအတွင်းလမ်းကွန်ရက်အရှည်များ -----------၄၂
ဇယား ၁၂၊ စစ်တွေဆိပ်ကမ်းသို့ဆိုက်ရောက်သော ရေယာဉ်များ (အရေအတွက်နှင့်တန်ချိန်ပမာဏ) ---------၄၃
ဇယား ၁၃၊ ပြည်တွင်းဆိပ်ကမ်းများ၏ကမ်းရိုးတန်းကုန်သွယ်မှု (တင်ပို့ကုန်များ)--------------------------------၄၄
ဇယား ၁၄၊ ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်းလျှပ်စစ်ဓာတ်အားရရှိသည့်အိမ်ထောင်စုများ ---------------------------၄၄
ဇယား ၁၅၊ ရခိုင်ပြည်နယ်ရှိ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံများ-------------------------------------------------------၄၅
ဇယား ၁၆၊ ရခိုင်ပြည်နယ်၊ မြေအသုံးပြုခြင်းစီမံချက်------------------------------------------------------------၄၅
ဇယား ၁၇၊ ရခိုင်ပြည်နယ်အလုပ်အကိုင်အခြေအနေ -------------------------------------------------------------၄၆
ဇယား ၁၈၊ နယ်စပ်ကုန်သွယ်ရေးပမာဏနှင့်တန်ဖိုးများ -----------------------------------------------------------၄၆


**အခန်း ၆၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများရှိသောအဓိကကဏ္ဍများ**


ဇယား ၁၉၊ ရင်းနှီးမြှုပ်နှံရန်အခွင့်အလမ်းအကောင်းဆုံးများရှိသည့်လုပ်ငန်းကဏ္ဍများ -------------------------၄၈


**ရေလုပ်ငန်းကဏ္ဍ**


ဇယား ၂၀၊ တိုင်းနှင့်ပြည်နယ်အလိုက် ငါး၊ ပုစွန်ထုတ်လုပ်မှုအား နှိုင်းယှဉ်ခြင်း (၂၀၁၆-၁၇) ------------------၄၉
ဇယား ၂၁၊ ရေလုပ်ငန်းကဏ္ဍအမျိုးအစားများ -----------------------------------------------------------------၅၀
ဇယား ၂၂၊ ရခိုင်ပြည်နယ်အတွင်းစုစုပေါင်းငါးဖမ်းလှေအရေအတွက် ------------------------------------------၅၁
ဇယား ၂၃၊ မှတ်ပုံတင်ပြီးသော ငါးဖမ်းရေယာဉ်များ --------------------------------------------------------------၅၁
ဇယား ၂၄၊ ငါးမွေးမြူခြင်းနှင့်ထုတ်လုပ်ခြင်းဧရိယာ - ခရိုင်အလိုက် --------------------------------------------၅၂
ဇယား ၂၅၊ ခရိုင်အလိုက်ပုစွန်မွေးမြူခြင်းနှင့်ထုတ်လုပ်ခြင်း----------------------------------------------------၅၃


**မွေးမြူရေးကဏ္ဍ**


ဇယား ၂၆၊ ခရိုင်အလိုက်တိရစ္ဆာန်မွေးမြူရေး (၂၀၁၆-၂၀၁၇)---------------------------------------------------၅၆


**စိုက်ပျိုးရေးကဏ္ဍ**


ဇယား ၂၇၊ ရခိုင်ပြည်နယ် ခရိုင်များတွင်စိုက်ပျိုးသော အဓိကသီးနှံများ၏ စုစုပေါင်းစိုက်ဧကများ --------------၆၀
ဇယား ၂၈၊ ရခိုင်ပြည်နယ်တွင် နှစ်အလိုက်စိုက်ပျိုးသောနံစားသီးနှံများ (စပါး၊ ဂျုံ၊ ပြောင်း)---------------------၆၁
ဇယား ၂၉၊ ရခိုင်ပြည်နယ်ရှိ မြေပဲနှင့်နှမ်းနှစ်အလိုက်စိုက်ပျိုးဧက ---------------------------------------------၆၃
ဇယား ၃၀၊ ရခိုင်ပြည်နယ်၌ နှစ်အလိုက်ပဲစိုက်ပျိုးမှုဧက ----------------------------------------------------------၆၄
ဇယား ၃၁၊ ရခိုင်ပြည်နယ်ရှိနှစ်အလိုက်စိုက်ပျိုးသည့် ဟင်းခတ်အမွှေးအကြိုင်သီးနှံစိုက်ပျိုးမှုဧက -------------၆၅
ဇယား ၃၂၊ ရခိုင်ပြည်နယ်ရှိ နှစ်အလိုက် စိုက်ပျိုးသည့်ဆေးရွက်ကြီး၊ ကွမ်းသီးနှင့် ကွမ်းရွက်တို့၏ စိုက်ပျိုးဧက ------------------------------------------------------------------------------------ ၆၆
ဇယား ၃၃၊ ရခိုင်ပြည်နယ်၌ နှစ်အလိုက်ကြံစိုက်ပျိုးဧက ------------------------------------------------------------၆၇
ဇယား ၃၄၊ ရခိုင်ပြည်နယ်ရှိ နှစ်အလိုက် ဟင်းသီးဟင်းရွက်နှင့် သစ်သီးများ စိုက်ဧကများ---------------------၆၈


**ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍ**


ဇယား ၃၅၊ ၂၀၁၈ ခုနှစ် ဟိုတယ်နှင့် ခရီးသည်အရေအတွက် (ခရိုင်အလိုက်)-----------------------------------၇၁

**သစ်တောကဏ္ဍ**

ဇယား ၃၆၊ ရခိုင်ပြည်နယ်ရှိသစ်တောကြိုးဝိုင်းများ----------၇၆
ဇယား ၃၇၊ တည်ထောင်ပြီးသစ်တောစိုက်ခင်းများ----------၇၇
ဇယား ၃၈၊ အစိုးရပိုင် (တည်ထောင်ပြီး) သစ်တောစိုက်ခင်းများ ----------၇၇
ဇယား ၃၉၊ ပုဂ္ဂလိကပိုင် (တည်ထောင်ပြီး) သစ်တောစိုက်ခင်းများ ----------၇၇
ဇယား ၄၀၊ သစ်တောထွက်ပစ္စည်းထုတ်လုပ်မှုပမာဏ (၂၀၁၇-၂၀၁၈) ----------၇၈
ဇယား ၄၁၊ သစ်တောကဏ္ဍရှိလွှစက်များ ----------၇၈
ဇယား ၄၂၊ ရခိုင်ပြည်နယ်ရှိလွှစက်များ - ခရိုင်အလိုက်----------၇၉
ဇယား ၄၃၊ နှစ်အလိုက်ရာဘာစိုက်ဧက----------၇၉
ဇယား ၄၄၊ နှစ်အလိုက် အုန်းစိုက်ပျိုးဧက----------၇၉

**ကုန်ထုတ်လုပ်မှု/ပြုပြင်ထုတ်လုပ်မှုကဏ္ဍ**

ဇယား ၄၅၊ ကုန်ထုတ်လုပ်မှုစီးပွားရေးအမျိုးအစားနှင့် အရွယ်အစားများ ----------၈၂
ဇယား ၄၆၊ ရခိုင်ပြည်နယ်အတွင်း အကြီးစား၊ အလတ်စားနှင့် အသေးစားစီးပွားရေးလုပ်ငန်းများ ----------၈၃
ဇယား ၄၇၊ ရခိုင်ပြည်နယ်ရှိဆန်စက်များ----------၈၃
ဇယား ၄၈၊ ရခိုင်ပြည်နယ်ရှိ စားသုံးဆီစက်များ ----------၈၄
ဇယား ၄၉၊ ရခိုင်ပြည်နယ်ရှိရေခဲစက်ရုံများ----------၈၅
ဇယား ၅၀၊ ရခိုင်ပြည်နယ်ရှိ ဆားစက်များ ----------၈၅

**သယ်ယူပို့ဆောင်ရေးကဏ္ဍ**

ဇယား ၅၁၊ စစ်တွေဆိပ်ကမ်းတွင် ဆိုက်ကပ်သည့် ရေယာဉ်များ (အရေအတွက်နှင့် ပမာဏ)----------၈၈
ဇယား ၅၂၊ စစ်တွေဆိပ်ကမ်းမှတင်ပို့၊ တင်သွင်းသည့် ကုန်စည်ပမာဏ ----------၈၈
ဇယား ၅၃၊ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် မှတ်ပုံတင်ထားသည့် ကုန်စည်ပို့ဆောင်ရေးယာဉ်များ ----------၈၉
ဇယား ၅၄၊ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် မှတ်ပုံတင်ထားသည့်ယာဉ်များ ----------၈၉
ဇယား ၅၅၊ ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍတွင် အဓိကလမ်းကြောင်းများ ----------၈၉
ဇယား ၅၆၊ လစဉ်ပို့ဆောင်သည့်ကုန်စည်ပမာဏ----------၉၀
ဇယား ၅၇၊ လေကြောင်းဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု----------၉၁

**လူ့အရင်းအမြစ်နှင့် ကျန်းမာရေးကဏ္ဍ**

ဇယား ၅၈၊ ရခိုင်ပြည်နယ်ရှိ တက္ကသိုလ်များနှင့် နည်းပညာကျောင်းများ----------၉၃
ဇယား ၅၉၊ စစ်တွေ အစိုးရနည်းပညာကျောင်းတွင် ကျောင်းသားများတက်ရောက်မှုအခြေအနေ----------၉၃
ဇယား ၆၀၊ စစ်တွေ အစိုးရနည်းပညာကျောင်းများတွင် အဓိကသင်ကြားသည့် ဘာသာရပ်များ ----------၉၃
ဇယား ၆၁၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စုစုပေါင်းကျောင်းများ----------၉၄
ဇယား ၆၂၊ ရခိုင်ပြည်နယ်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပုဂ္ဂလိကဆေးရုံများ/ဆေးခန်းများ----------၉၄

**စွမ်းအင်ကဏ္ဍ**

ဇယား ၆၃၊ ၂၀၁၈-၂၀၁၉ ခုနှစ် ရခိုင်ပြည်နယ်ရှိ လျှပ်စစ်ဓာတ်အားရရှိမည့်အိမ်ထောင်စုစာရင်း ----------၉၈
ဇယား ၆၄၊ အမျိုးသားစီမံကိန်းအရနောင်လာမည့် ၅ နှစ်ကာလတွင်လျှပ်စစ်ဓာတ်အားရရှိမည့် အိမ်ထောင်စုပေါင်း----------၉၉
ဇယား ၆၅၊ ရခိုင်ကမ်းလွန်ရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ကွက်များ ----------၉၉
ဇယား ၆၆၊ ရခိုင်ပြည်နယ်နှင့် အခြားပြည်နယ်များရှိ လေစွမ်းအင်သုံးလျှပ်စစ်ထုတ်စီမံကိန်း----------၁၀၀
ဇယား ၆၇၊ ရခိုင်ပြည်နယ်ရှိ ရေအားလျှပ်စစ်စီမံကိန်းများ----------၁၀၀

❖ သရုပ်ပြပုံများ

**အပိုင်း ၃၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအခြေအနေ**

ပုံ ၁၊ ကဏ္ဍအလိုက်ခွင့်ပြုထားသောနိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ----------၂၇
ပုံ ၂၊ ထိပ်တန်းနိုင်ငံ ၂၀ ၏ ရင်းနှီးမြှုပ်နှံမှုနှိုင်းယှဉ်ချက် ----------၂၈
ပုံ ၃၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခြေအနေ (၁၉၈၈-၂၀၁၇) (ကဏ္ဍအလိုက်) ----------၂၈

**အပိုင်း ၅၊ ရခိုင်ပြည်နယ်အား ခြုံငုံတင်ပြမှု**

ပုံ ၄၊ ရခိုင်ပြည်နယ်၏ တည်နေရာ ----------၃၇

ပုံ ၅။ နယ်မြေပိုင်းခြားမှုများ --------------------၃၈
ပုံ ၆။ ရခိုင်ပြည်နယ်အတွင်းခရိုင်များ --------------------၃၈
ပုံ ၇။ မြန်မာနိုင်ငံနှင့်ရခိုင်ပြည်နယ်တို့၏လူဦးရေပိရမစ်များ --------------------၄၀
ပုံ ၈။ ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း ဂျီဒီပီတွင် အဓိကကဏ္ဍများ၏ရာခိုင်နှုန်းများပါဝင်မှုများ--------------------၄၁
ပုံ ၉။ National Spatial Development Framework and Road Network Plan --------------------၄၂
ပုံ ၁၀။ ရခိုင်ပြည်နယ်နှင့် အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်ကမ်းရိုးတန်းများရှိ အဓိကဆိပ်ကမ်းများ--------------------၄၃
ပုံ ၁၁။ မြေအမျိုးအစားများ - ရာခိုင်နှုန်းအလိုက် (၂၀၁၆-၂၀၁၇)--------------------၄၆
ပုံ ၁၂။ ရခိုင်ပြည်နယ်အစိုးရ၏ဦးစားပေးစီးပွားရေးကဏ္ဍများ -------------------- ၄၇

**အပိုင်း ၆။ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများရှိသော အဓိကကဏ္ဍများ**

**ရေလုပ်ငန်းကဏ္ဍ**

ပုံ ၁၃။ ရခိုင်ပြည်နယ်၏ဂျီဒီပီတွင် ကဏ္ဍများပါဝင်မှု--------------------၅၀

**မွေးမြူရေးကဏ္ဍ**

ပုံ ၁၄။ ရခိုင်ပြည်နယ်၏ဂျီဒီပီတွင်မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ၏ပါဝင်မှု--------------------၅၅
ပုံ ၁၅။ ခရိုင်အလိုက်စုစုပေါင်းမွေးမြူရေးများ--------------------၅၆

**စိုက်ပျိုးရေးကဏ္ဍ**

ပုံ ၁၆။ ရခိုင်ပြည်နယ်တွင်စိုက်ပျိုးသောအဓိကသီးနှံများ၏စိုက်ဧကများ --------------------၆၁
ပုံ ၁၇။ သီးနှံစိုက်ပျိုးခြင်း--------------------၆၂
ပုံ ၁၈။ ပြောင်းစိုက်ပျိုးခြင်း--------------------၆၂
ပုံ ၁၉။ ရခိုင်ပြည်နယ်ရှိ အဓိကစိုက်ပျိုးသောသီးနှံများ၏ရာခိုင်နှုန်းပါဝင်မှုများ --------------------၆၂
ပုံ ၂၀။ နှစ်အလိုက်စုစုပေါင်းစပါးစိုက်ဧက --------------------၆၃
ပုံ ၂၁။ ဆီထွက်သီးနှံများစိုက်ပျိုးမှုအခြေအနေ--------------------၆၄
ပုံ ၂၂။ ပဲစိုက်ပျိုးမှုဧက--------------------၆၅
ပုံ ၂၃။ ကြက်သွန်နီနှင့် ကြက်သွန်ဖြူစိုက်ပျိုးမှုအခြေအနေ --------------------၆၆
ပုံ ၂၄။ ရခိုင်ပြည်နယ်အတွင်း ဆေးရွက်ကြီး၊ ကွမ်းသီးနှင့် ကွမ်းရွက်စိုက်ပျိုးမှုအခြေအနေ --------------------၆၆

**ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍ**

ပုံ ၂၅။ ရခိုင်ပြည်နယ်အတွင်း နိုင်ငံခြားခရီးသွားများ ဝင်ရောက်မှု - ခရိုင်အလိုက်--------------------၇၁

**စွမ်းအင်ကဏ္ဍ**

ပုံ ၂၆။ တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၏ စွမ်းအင်သုံးစွဲမှုအနေအထားနှင့်ရာခိုင်နှုန်းပါဝင်မှုများ --------------------၉၇
ပုံ ၂၇။ နှစ်စဉ်လျှပ်စစ်ဓာတ်အားမြင့်တက်မှု --------------------၉၈

**အထူးစီးပွားရေးဇုန်နှင့် အခြားသောဖွံ့ဖြိုးမှုစီမံကိန်းများ**

ပုံ ၂၈။ ကျောက်ဖြူအထူးစီးပွားရေးဇုန်ဖွံ့ဖြိုးမှုစီမံကိန်း--------------------၁၀၃
ပုံ ၂၉။ ပုဏ္ဏားကျွန်းစက်မှုဇုန်ဖွံ့ဖြိုးမှုအတွက် မြေနေရာ--------------------၁၀၅
ပုံ ၃၀။ ကညင်ချောင်းကုန်သွယ်ရေးဇုန်စီမံကိန်း --------------------၁၀၆
ပုံ ၃၁။ ကုလားတန်ဘက်စုံသုံးသယ်ယူပို့ဆောင်ရေးစီမံကိန်း --------------------၁၀၇
ပုံ ၃၂။ ကျေးတော-မင်းဂံဖွံ့ဖြိုးရေးစီမံကိန်း --------------------၁၀၈
ပုံ ၃၃။ မြောက်ဦးမြို့သစ်စီမံကိန်းနေရာ --------------------၁၀၉
ပုံ ၃၄။ မြောက်ဦးလေယာဉ်ကွင်းစီမံကိန်းနေရာ--------------------၁၁၀
ပုံ ၃၅။ ငပလီလေယာဉ်ကွင်းအဆင့်မြှင့်စီမံကိန်းနေရာ--------------------၁၁၁
ပုံ ၃၆။ မာန်အောင်ကျွန်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း --------------------၁၁၂

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၏အမှာစာ



**ရခိုင်ပြည်နယ်သည်** မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၀ မိနစ်နှင့် ၂၁ ဒီဂရီ ၃၀ မိနစ်အကြား၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၀ မိနစ်နှင့် ၉၄ ဒီဂရီ ၅၀ မိနစ်အကြား မြန်မာနိုင်ငံ၏ အနောက်ဘက်ပိုင်းတွင် တည်ရှိပါသည်။ ဧရိယာအကျယ်အဝန်းမှာ ၃၆,၇၇၈ စတုရန်းကီလိုမီတာ ကျယ်ဝန်းပြီး လူဦးရေအားဖြင့် ၃ သန်းကျော်နေထိုင်လျက်ရှိပါသည်။ ရခိုင်ပြည်နယ်၏ အရှေ့ဘက်တွင် မကွေးတိုင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ တောင်ဘက်တွင် ဧရာဝတီတိုင်းဒေသကြီးနှင့် ဘင်္ဂလားပင်လယ်အော်၊ မြောက်ဘက်တွင် ချင်းပြည်နယ်နှင့် အနောက်မြောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပါသည်။

ရခိုင်ပြည်နယ်သည် ကုန်းလမ်း၊ရေလမ်း၊ လေကြောင်းလမ်းများဖြင့် သွားလာနိုင်သောနေရာတွင်တည်ရှိ၍ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောဒေသ ဖြစ်ပါသည်။ ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းအနေဖြင့်လည်း မဟာဗျူဟာကျသော အချက်အချာကျသည့်နေရာတွင် တည်ရှိပါသည်။ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်၊ ရေနက်ဆိပ်ကမ်းနှင့် ကုလားတန်မြစ်ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းတို့မှာ ပြည်နယ်အတွင်း လာရောက်ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်မည့် ပြည်တွင်း ပြည်ပမှရင်းနှီးမြှုပ်နှံသူတို့အတွက် အခွင့်အလမ်းကောင်းများ ဖြစ်ပေါ်လာစေမည်ဖြစ်ပါသည်။ ထို့အပြင် မောင်တောမြို့နယ်တွင်တည်ဆောက်လျက်ရှိသည့် ကညင်ချောင်းစီးပွားရေးဇုန်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရာတွင် အားသာချက်ရယူဆောင်ရွက်နိုင်ပါသည်။

ပြည်နယ်၏အဓိကထွက်ကုန်မှာ ဆန်စပါးဖြစ်ပြီး စုစုပေါင်းစိုက်ပျိုးမြေဧရိယာ၏ ၈၅% ခန့်ရှိပါသည်။ အခြားစိုက်ပျိုးသီးနှံများအနေဖြင့် ကွမ်းသီး၊ ငရုတ်ကောင်းနှင့် ချင်းများ စိုက်ပျိုးထုတ်လုပ်လျက်ရှိပါသည်။ ရေလုပ်ငန်းအနေဖြင့် ရေချို၊ ရေငန်၊ ငါးပုစွန်၊ ငါးပိ၊ ငါးခြောက်ထုတ်လုပ်ခြင်းလုပ်ငန်းများကို အဓိကဆောင်ရွက်ပြီး ရန်ကုန်တိုင်းဒေသကြီးသို့ အများဆုံးတင်ပို့ရောင်းချပါသည်။ ရေနံနှင့်သဘာဝဓာတ်ငွေ့ပေါ်များစွာထွက်ရှိပြီး တိုးချဲ့ထုတ်လုပ်နိုင်မည့် အလားအလာကောင်းများလည်း ရှိပါသည်။ ထို့အပြင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာ မြောက်ဦးမြို့၊ ငပလီကမ်းခြေတို့မှာ နိုင်ငံခြားခရီးသွားများအတွက် အဓိကဆွဲဆောင်ရာနေရာများဖြစ်ကြပြီး ဂွမြို့နယ်နှင့်မာန်အောင်ကျွန်းတို့မှာလည်း သဘာဝအခြေခံခရီးသွားလာရေးလုပ်ငန်းများအတွက် အလားအလာကောင်းများ ဖြစ်ကြပါသည်။

ရခိုင်ပြည်နယ်အတွင်း၌ အဓိကအလားအလာကောင်းများဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ထုတ်လုပ်မှုကဏ္ဍနှင့် အခြေခံအဆောက်အအုံကဏ္ဍ စသည့် အဓိကကဏ္ဍကြီး ၆ ခုတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖိတ်ခေါ်ဆောင်ရွက်နိုင်စေရန်အတွက် ရခိုင်ပြည်နယ်အစိုးရအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) နှင့် ပူးပေါင်း၍ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ဆက်လက်၍ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၊ ဂျပန်နိုင်ငံ ပြည်ပကုန်သွယ်ရေးအဖွဲ့ (JETRO) နှင့် ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုဖြင့် ရခိုင်ပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းလေ့လာမှုစစ်တမ်းသုတေသနအား မြန်မာဆာဗေးသုတေသနအ ဖွဲ့ (MSR) မှဆောင်ရွက်ပေးခဲ့ပါသည်။

ရခိုင်ပြည်နယ်၏ ရေရှည်တည်ငြိမ်အေးချမ်းမှု ရရှိစေရန်အတွက် ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ အရေးကြီးဆုံးကဏ္ဍတစ်ခုဖြစ်ပါသည်။ ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်များပြားလာပါက အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေါ်ပေါက်လာပြီး တစ်ဦးချင်းဝင်ငွေလည်း မြင့်မားလာမည်ဖြစ်ပါသည်။ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်၍ တိုးမြှင့်ဆောင်ရွက်စေခြင်းသာလျှင် ရခိုင်ပြည်နယ်အတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းရေးအတွက် အကောင်းဆုံးဖြေရှင်းနိုင်သည့် နည်းလမ်းတစ်ခုဟု ယုံကြည်ပါသည်။

ဦးညီပု
ဝန်ကြီးချုပ်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့
ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၏အမှာစကား



မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်များကြား အချိုးညီစွာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရှိစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့နှင့် ပူးပေါင်းကာ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးလုပ်ငန်းများကို ကူညီပံ့ပိုးပေးလျက်ရှိပါသည်။ ဤကဲ့သို့ ကူညီဆောင်ရွက်ပေးရာတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်း စစ်တမ်းသုတေသနကောက်ယူစေပြီး သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းများနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းရေးအေဂျင်စီ (JICA) တို့နှင့်ပူးပေါင်းကာ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ရင်းနှီးမြှုပ်နှံမှုပြပွဲများကို ကျင်းပခဲ့ပါသည်။

ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အလုပ်အကိုင်များ ဖန်တီးနိုင်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အလားတူ ရင်းနှီးမြှုပ်နှံမှု ပြပွဲတစ်ခုအား လူမှုအဖွဲ့ အစည်းများ အားလုံးပါဝင်စေလျက် ကျင်းပနိုင်ရန် ကြိုးပမ်းခဲ့ပါသည်။ ထို့ကြောင့် မြန်မာလုပ်ငန်းရှင်များ အသိုင်းအဝန်းအနေဖြင့် အဆိုပါခံယူချက် စိတ်ဓာတ်တို့ဖြင့် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ပြပွဲကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်မှ ၂၃ ရက်နေ့အထိ ရခိုင်ပြည်နယ်အစိုးရနှင့် ပူးပေါင်း ကျင်းပရန် ဆောင်ရွက်ကြခြင်းဖြစ်ပါသည်။ ပြည်တွင်းကုမ္ပဏီများဖြစ်သည့် မြန်မာဆာဗေး သုတေသန အဖွဲ့ (MSR)၊ Parami Energy Group of Companies, Mango Media Group, Blue Ocean Operating Management and JTB Polestar Co.,Ltd.၊ ပြည်ပအဖွဲ့ အစည်းများဖြစ်သည့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(JICA)နှင့် ဂျပန်ပြည်ပကုန်သွယ်ရေးအဖွဲ့(JETRO) တို့မှ အဆိုပါ ရင်းနှီးမြှုပ်နှံမှု ဖိုရမ်တစ်ခုအား ဖြစ်မြောက် အကောင်အထည်ပေါ်လာစေရန် စုစည်း လက်တွဲလာခဲ့ကြပါသည်။ ထိုသို့ ကျင်းပခြင်းဖြင့် တာဝန်ယူမှုရှိပြီး နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေသော ရင်းနှီးမြှုပ်နှံမှုများ၊ တစ်နည်းအားဖြင့် သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှု မရှိစေသော နိုင်ငံသားများအား အကျိုးဖြစ်ထွန်းစေသည့် ရင်းနှီးမြှုပ်နှံမှုများကို လက်ကမ်းကြိုဆိုရန် ဖြစ်ပါသည်။ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုသည် အကျိုးသက်ဆိုင်သူများအားလုံး၊ အစုရှယ်ယာရှင်များ၊ အလုပ်သမားများ၊ ဒေသခံ ပြည်သူများနှင့် အနာဂတ်မျိုး ဆက်သစ်များသို့ အကျိုးအမြတ်များ ဖြစ်ထွန်းစေမည်ဖြစ်ပါသည်။

ဆန်းသစ်တီထွင်မှုသည် မတူညီသည့်စိတ်ကူးအတွေးအခေါ်များ ပေါင်းဆုံရာမှ ဖြစ်ပေါ်လာသည်ဟု ဆိုစမှတ်ရှိပါသည်။ မတူညီသည့် စိတ်ကူးအတွေးအခေါ်များသည် မတူညီသည့် နောက်ခံအနေအထားရှိသည့်သူများဆီမှ ပေါ်ထွက်လာကြသည်။ ပြောင်းလဲနေသည့်ယနေ့ကမ္ဘာကြီးတွင် အမျိုးမျိုးသောပြောင်းလဲမှုသည် အင်အားအရင်းအမြစ်တစ်ခု ဖြစ်ပါသည်။ အဆိုပါအချက်သည် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများဝင်လာစေရန် ဖိတ်ခေါ်သည့် အဓိကအကြောင်းအရာတစ်ခုဖြစ်သည့်အပြင် မတူညီသည့် စိတ်ကူးအတွေးအခေါ်နှင့် စီးပွားရေး လုပ်ကိုင်ဆောင်ရွက်မှုများကို ခေါ်ဆောင်လာနိုင်မည်ဖြစ်ပါသည်။

မိမိအနေဖြင့် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲသို့ တက်ရောက်လာသည့်လုပ်ငန်းရှင်များအား မြန်မာဆာဗေး သုတေသန ကုမ္ပဏီမှ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့မှ ၂၅ ရက်နေ့အထိကာလအတွင်း ကောက်ယူထားသော ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်း စစ်တမ်းသုတေသနအစီရင်ခံစာကို ဖြန့်ဝေခွင့်ရခြင်းအတွက် ဝမ်းသာပီတိ ဖြစ်ရပါသည်။ ဤအစီရင်ခံစာတွင် ရခိုင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်မှုပြုလုပ်နိုင်မည့် အလားအလာကောင်းများရှိသည့် အခွင့်အလမ်းများကို ဖော်ပြထားပါသည်။

ယခုအချိန်အခါသည် ရခိုင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံရန်အကောင်းဆုံး အချိန်အခါဖြစ်ပါသည်။ မဟာဗျူဟာကျသည့် အပြင် သယံဇာတပေါကြွယ်ဝသည့် ရခိုင်ပြည်နယ်တွင်လာရောက်ရင်းနှီးမြှုပ်နှံခြင်းသည် ကျွန်ုပ်တို့၏ ရခိုင် ပြည်နယ်ကြီး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ရာရောက်မည် ဖြစ်ပါသည်။

ဆုမွန်ကောင်းများစွာဖြင့်

**ဦးသောင်းထွန်း**
**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**

## အစီရင်ခံစာအားအကျဉ်းချုံးဖော်ပြချက်

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏အနောက်ဖက်တွင်တည်ရှိပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့၊ ကျယ်ပြန့်သောစိုက်ပျိုးမြေများအပါအဝင် သဘာဝသယံဇာတများပေါကြွယ်ဝသည့် ပြည်နယ်တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံ၏ဒေသကြီးများဖြစ်ကြသည့် မကွေး၊ ပဲခူးနှင့် ဧရာဝတီကဲ့သို့သော တိုင်းဒေသကြီးများနှင့် ထိစပ်လျက်ရှိသည်။ မြန်မာနိုင်ငံအတွက် အလားအလာရှိသည့်ပို့ကုန်ဈေးကွက်တစ်ခုဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်လည်း နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။ ရခိုင်ပြည်နယ်သည် သာယာလှပသည့် လည်ပတ်စရာနေရာများ၊ မထုတ်ဖော်ရသေးသောကမ်းခြေများနှင့် သမိုင်းဝင်နေရာများဖြင့် ပြည့်ဝနေသောပြည်နယ်ဖြစ်သည်။

ရခိုင်ပြည်နယ်တွင် ယဉ်ကျေးမှု၊ ဓလေ့ထုံးစံအမျိုးမျိုးပိုင်ဆိုင်သည့် တိုင်းရင်းသားပေါင်းစုံနေထိုင်လျက်ရှိပြီး လူဦးရေစုစုပေါင်း ၃ သန်းခန့်ရှိသည့်ပြည်နယ်ဖြစ်သည်။ အလုပ်လုပ်နိုင်သည့် လူဦးရေရာခိုင်နှုန်းမှာ ၆၂.၂% ရှိပြီး အသက် ၁၅ နှစ်အောက် ကလေးဦးရေ ၃၁.၁% ရှိသည်။ စုစုပေါင်းလူဦးရေ၏ ၈၃% သည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး ၁၇% သော လူဦးရေမှာ မြို့ပြဒေသတွင်နေထိုင်ကြသည်။

ရခိုင်ပြည်နယ်၏အဓိကစီးပွားရေးကဏ္ဍကြီးများတွင် စိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ စသည့်အခန်းကဏ္ဍများပါဝင်သည်။ ၎င်းအပြင် နိုင်ငံတကာမှလာရောက်ရင်းနှီးမြှုပ်နှံထားသည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့်ကုလားတန်မြစ်ကြောင်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှစ်ခုရှိနေသည့်ပြည်နယ်တစ်ခုလည်းဖြစ်သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ်၏ စုစုပေါင်းဂျီဒီပီမှာ ကျပ်သန်းပေါင်း ၂,၁၈၆,၇၀၁.၅ ရှိသည်။ စုစုပေါင်းဂျီဒီပီတွင် စိုက်ပျိုးရေးကဏ္ဍမှ ၂၅%၊ စက်မှုနှင့်ဝန်ဆောင်မှုကဏ္ဍများမှ ၂၂% နှင့် ၅၃% အသီးသီးပါဝင်ကြသည်။

ရခိုင်ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်အခွင့်အလမ်းများ များစွာရှိသော်လည်း ပြည်နယ်နှင့်တိုင်းဒေသကြီးများအနက် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျသည့်ပြည်နယ်တစ်ခုဖြစ်နေသည်။ လမ်း၊ တံတားများ၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ် တို့ကဲ့သို့သော အခြေခံအဆောက်အအုံများတိုးတက်မှုမရှိခြင်းများသည် ဖွံ့ဖြိုးမှုနောက်ကျရသည့် နောက်ခံအကြောင်းများဖြစ်ကြသည်။ ပြီးခဲ့သည့်နှစ်များအတွင်း ရခိုင်ပြည်နယ်တွင် အဓိကဝင်ရောက် ရင်းနှီးမြှုပ်နှံသည့်ကဏ္ဍများမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေး၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများသာဖြစ်ခဲ့ကြသည်။ မကြာသေးမီကာလအတွင်း ရခိုင်ပြည်နယ်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်၏အခြေခံအဆောက်အအုံကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံလိုသူများအတွက် ရခိုင်ပြည်နယ်စီးပွားရေးကဏ္ဍအသီးသီးတို့တွင် လုပ်ငန်းများလုပ်ကိုင်ရန် အခွင့်အလမ်းတိုးပွားလာလျက်ရှိသည်။

၎င်းအခွင့်အလမ်းများကို အတိအကျဖော်ထုတ်ပြီး ရင်းနှီးမြှုပ်နှံသူများသို့ အသိပေးနိုင်ရန်ရည်ရွယ်၍ ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းစစ်တမ်းသုတေသနကို ၂-၁၁-၂၀၁၈ မှ ၂၅-၁၁-၂၀၁၈ အထိကာလတွင် ရခိုင်ပြည်နယ်၏စီးပွားရေးကဏ္ဍ ၁၂ ခုမှ အဓိကကျသည့် စီးပွားရေးလုပ်ငန်းရှင်များ ၄၁ ဦး၊ အစိုးရအရာရှိများ ၂၄ ဦးနှင့် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများမှ ၁၁ ဦးတို့နှင့် အသေးစိတ်တွေ့ဆုံမေးမြန်းပြီးရင်းနှီးမြှုပ်နှံမှုအကောင်းဆုံးစီးပွားရေးကဏ္ဍများကို ဖော်ထုတ်ခဲ့သည်။

ဆာဗေးသုတေသနမှတွေ့ရှိချက်များကို လက်ရှိ ပကတိအနေအထားနှင့် ကိုက်ညီမှုရှိ၊ မရှိသိနိုင်ရန်အတွက် ၁၀-၁၂-၂၀၁၈ ရက်နေ့တွင် အကျိုးသက်ဆိုင်သူများအစည်းအဝေး၌ တင်ပြဆွေးနွေးခဲ့ပြီး တက်ရောက်သူများ၏အကြံပြုချက်များကို ရယူခဲ့ပါသည်။ ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သုတေသနစစ်တမ်း၏ တွေ့ရှိချက်အရ ရခိုင်ပြည်နယ်တွင် လာရောက်ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းအကောင်းဆုံး စီးပွားရေးကဏ္ဍများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ရခိုင်ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံရန်အကောင်းဆုံး လုပ်ငန်းကဏ္ဍများ**

၁။ ရေလုပ်ငန်းနှင့် မွေးမြူရေးကဏ္ဍ
၂။ စိုက်ပျိုးရေးကဏ္ဍ
၃။ ကုန်ထုတ်လုပ်ရေးကဏ္ဍ
၄။ ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍ
၅။ သစ်တောကဏ္ဍ
၆။ ကုန်သွယ်ရေးကဏ္ဍ
၇။ စွမ်းအင်ကဏ္ဍ
၈။ ဆောက်လုပ်ရေးကဏ္ဍ
၉။ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ
၁၀။ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတို့ဖြစ်ကြပါသည်။

ဤကဏ္ဍများတွင် အဓိကရင်းနှီးမြှုပ်နှံနိုင်မည့်အသေးစိတ်ကဏ္ဍခွဲများကို ဤအစီရင်ခံစာ၏ **အခန်း ၆၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများရှိသည့် အဓိကကဏ္ဍများ** အပိုင်းတွင် အသေးစိတ်ဖော်ပြထားပါသည်။


ရခိုင်ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ဆွဲဆောင်နေသည့် ဒေသ၏ထူးခြားသောစရိုက်လက္ခဏာများမှာ —

၁။ ရခိုင်ပြည်နယ်သည် ပထဝီအနေအထားအရ မဟာဗျူဟာကျသောနေရာတွင် တည်ရှိခြင်း
၂။ သဘာဝသယံဇာတများ၊ ပင်လယ်ကမ်းခြေများနှင့် သမိုင်းအမွေအနှစ်များပေါ်များခြင်း
၃။ မြန်မာနိုင်ငံ၏ အဓိကတိုင်းဒေသကြီးများနှင့်ထိစပ်လျက်ရှိခြင်း
၄။ ကမ္ဘာ့အများဆုံးသောနိုင်ငံများနှင့် နီးစပ်စွာရှိခြင်း
၅။ ကျောက်ဖြူအထူးစီးပွားရေးဇုံနှင့် ကုလားတန်းမြစ်ဝှမ်းဖွံ့ဖြိုးရေးစီမံကိန်းများရှိခြင်း တို့ဖြစ်ကြသည်။

**ရခိုင်ပြည်နယ်၏ ထူးခြားသောစရိုက်လက္ခဏာများ**

## လုပ်ငန်းကဏ္ဍမျိုးစုံ

### ကဏ္ဍမျိုးစုံတွင်လုပ်ငန်းလုပ်ကိုင်ရန်အတွက်တည်ရှိဆဲနှင့် အလားအလာရှိသောနေရာများ




Myanmar Survey Research

# ၁ နိဒါန်း

## ၁.၁ နောက်ခံအကြောင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လတွင် အချက် ၁၂ ချက် ပါဝင်သည့် စီးပွားရေးမူဝါဒကို ထုတ်ပြန်ကြေညာခဲ့သည်။ ၎င်းစီးပွားရေးမူဘောင်၏ရည်မှန်းချက်များအရ မြန်မာနိုင်ငံတော်အစိုးရသည် ကောင်းမွန်သော စီးပွားရေးအခြေအနေများကိုဖန်တီးခြင်းအားဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအားလုံးအကြား ကွာဟမှုမရှိစေဘဲ တန်းတူညီမျှစွာဖွံ့ဖြိုးတိုးတက်လာစေရမည်" ဟူသောအချက်ကို အလေးအနက်ထားလျက်ရှိသည်။

ယခုအချိန်ကာလတွင် မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် တိုင်းနှင့်ပြည်နယ်များရှိ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် အဓိကတွန်းအားတစ်ရပ်ဖြစ်သည်ဟု အသိအမှတ်ပြုထားသော်လည်း လက်ရှိတွင် ထိုရင်းနှီးမြှုပ်နှံမှုများကို များသောအားဖြင့် ရန်ကုန်မြို့နှင့်မန္တလေးမြို့များတွင်သာ ပြုလုပ်နေကြသည်ကို တွေ့ရပါသည်။ ထို့အတွက် ကျန်ရှိနေသောတိုင်းဒေသကြီးများနှင့်ပြည်နယ်များတွင် ကြီးမားသောအလားအလာကောင်းများနှင့်ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို မထုတ်ဖော်ရသေးပါ။ နိုင်ငံတစ်ဝန်းစီးပွားရေးလုပ်ငန်းများ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာကာ အကျိုးအမြတ်များရရှိကြစေရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တိုင်းနှင့်ပြည်နယ်တစ်ခုချင်းစီအလိုက် ရင်းနှီးမြှုပ်နှံမှုများပိုမိုတိုးတက်ဆောင်ရွက်နိုင်ရန် လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်လျက်ရှိသည်။ ရင်းနှီးမြှုပ်နှံမှုတိုးတက်လာစေမည့်အစီအစဉ်များ အကျိုးရှိစွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပွင့်လင်းမြင်သာ၊ လွယ်ကူလျင်မြန်မှုရှိသောလုပ်ထုံးလုပ်နည်းများ၊ ညှိနှိုင်းဆောင်ရွက်ပေးမှုများ၊ လိုအပ်သည့်သတင်းအချက်အလက်များ ဖြည့်ဆည်းပေးခြင်း၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများအကြားတွင် ကွန်ရက်များဖန်တီးပေးခြင်းအားဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လွယ်ကူစွာဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) အား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ၏အောက်တွင်ဖွဲ့စည်းခဲ့သည်။

ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ခြင်းဆောင်ရွက်မှုအနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ အစီအစဉ်ဖြင့် ၂၀၁၅၊ ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်များတွင် မန္တလေးတိုင်း၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းပြပွဲများ ပြုလုပ်ခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်း စစ်တမ်းသုတေသနရလဒ်များအပေါ်အခြေခံ၍ သက်ဆိုင်ရာတိုင်းနှင့်ပြည်နယ်များရှိ တည်ရှိဆဲနှင့်အလားအလာရှိသော အခွင့်အလမ်းကောင်းများအား စိတ်ဝင်စားသူရင်းနှီးမြှုပ်နှံသူများ၊ လုပ်ငန်းရှင်များသို့ ၎င်းပြပွဲများတွင် အသိပေးတင်ပြခဲ့သည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့သည် DICA ၏ ကူညီပံ့ပိုးမှုဖြင့် အလားတူရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းပြပွဲကို ရခိုင်ပြည်နယ်၌ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပြသနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ရခိုင်ပြည်နယ်သည် တွေ့နိုင်ခဲသော ကမ်းခြေအလှများ၊ သဘာဝအရင်းအမြစ်များကြွယ်ဝမှု၊ သမိုင်းယဉ်ကျေးမှုအမွေအနှစ်များ ပေါများကြွယ်ဝမှုတို့ဖြင့် လူသိများထင်ရှားသောပြည်နယ်တစ်ခုဖြစ်သည်။ ရခိုင်ပြည်နယ်တွင် ရှေ့လာမည့်နှစ်အနည်းငယ်အတွင်း ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများအတွက် ကြီးမားသောစီးပွားရေးအခွင့်အလမ်းများဖြစ်လာနိုင်သည့် ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့်အထူးစီးပွားရေးဇုန်စီမံကိန်းကို တရုတ်နိုင်ငံမှလည်းကောင်း၊ ကုလားတန်ဘက်စုံဖွံ့ဖြိုးမှုစီမံကိန်းကို အိန္ဒိယနိုင်ငံမှလည်းကောင်း လာရောက်အကောင်အထည်ဖော်လျက်ရှိသည်။ ၎င်းအပြင် ရခိုင်ပြည်နယ်နှင့်နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး အာရှ၏အကြီးမားဆုံး ဈေးကွက်ကြီးများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်အိန္ဒိယနိုင်ငံများသို့လည်း ကုန်ပစ္စည်းများတင်ပို့ရန် အခွင့်အလမ်းများ ထွက်ပေါ်လာမည်ဖြစ်သည်။

ရင်းနှီးမြှုပ်နှံသူများအတွက် ကြီးမားသောအခွင့်အလမ်းများ လက်ဝယ်ရရှိရန် ကြိုးပမ်းနေစဉ်အတွင်း ရခိုင်ပြည်နယ်အစိုးရအနေဖြင့်လည်း ဆင်းရဲမွဲတေမှု၊ အခြေခံကျသောလိုအပ်ချက်များနှင့် အခြေခံအဆောက်အဦများတိုးတက်ရန်ဆောင်ရွက်မှုများတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ ထိုစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းသည် အဓိကသော့ချက်ဖြစ်သည်ဟု ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကနားလည်ထားသည်။ ရင်းနှီးမြှုပ်နှံမှုသည် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ပြီး ပိုမိုကောင်းမွန်သောဘဝများတွင်နေထိုင်နိုင်ရန်အတွက် ပြည်သူများအတွက် တွန်းအားတစ်ရပ်ဖြစ်သည်။ ပြည်ထောင်စုအစိုးရအနေဖြင့်လည်း နိုင်ငံတစ်ဝန်းရှိ ရင်းနှီးမြှုပ်နှံမှုစိတ်ဝင်စားသူများကို ရင်းနှီးမြှုပ်နှံမှုအားယုံကြည်စွာလုပ်ကိုင်နိုင်စေရန်အတွက် အားပေးမှုများနည်းလမ်းများဆောင်ရွက်ခြင်း၊ အခွန်နှုန်းထားများဖြေလျှော့ခြင်းနှင့် အထူးကုန်သွယ်ခွင့်များပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအတွက် လုံခြုံစိတ်ချရပြီး အလွယ်တကူဝင်ရောက်နိုင်သော၊ လိုက်လျောညီထွေဖြစ်သော ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးရန် သန္နိဋ္ဌာန်ချပြီးဖြစ်သည်။[1]

1 Myanmar Investment Application Guidebook, April 2018

စီးပွားရေးကဏ္ဍမျိုးစုံတွင် အလားအလာရှိသောအခွင့်အလမ်းများအားလုံးကို မျှဝေအသိပေးရန်အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့သည် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှ ၂၃ ရက်နေ့အထိ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ငပလီကမ်းခြေ၌ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများပြပွဲကို ကျင်းပရန် စီစဉ်ထားရှိပြီးဖြစ်သည်။ ၎င်းရည်ရွယ်ချက်ဖြင့် ရခိုင်ပြည်နယ်အစိုးရမှ မြန်မာဆာဗေးသုတေသနကုမ္ပဏီကို ပြည်နယ်အနှံ့အပြားတွင် အလားအလာရှိသော ရင်းနှီး ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများအားလုံး အသေးစိတ်လေ့လာဖော်ထုတ်ရန် တာဝန်ပေးအပ်ခဲ့ပါသည်။ ယင်းလေ့လာသုံးသပ်မှုကို ရခိုင်ပြည်နယ်တွင် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှ နိုဝင်ဘာလအထိ ဆောင်ရွက်ခဲ့သည်။

ဤကာလအတွင်း သုတေသနမှူးများမှ ရခိုင်ပြည်နယ်တစ်ဝန်းရှိ အမျိုးမျိုးသောစီးပွားရေးအုပ်စုများ၊ ရင်းနှီးမြှုပ်နှံသူများ၊ အဆင့်မြင့်အစိုးရအရာရှိများ၊ နိုင်ငံတကာစီးပွားရေးအသင်းအဖွဲ့များမှ အကြီးတန်းပုဂ္ဂိုလ်များ၊ စီးပွားရေးအကြံပေးပုဂ္ဂိုလ်များ၊ JETRO နှင့် JICA တို့ကဲ့သို့သော နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီများမှ ဖွံ့ဖြိုးတိုးတက်မှုအတတ်ပညာရှင်များနှင့် တွေ့ဆုံ၍ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများအပေါ် ၎င်းတို့၏သဘောထားအမြင်များကို သုတေသနစစ်တမ်းကောက်ယူခဲ့ပါသည်။ ယင်းသုတေသနတွေ့ရှိချက်များ၏ ရလဒ်အထောက်အထားများကို အကျိုးသက်ဆိုင်သူများအစည်းအဝေးတွင်တင်ပြခဲ့ပါသည်။ ဤစစ်တမ်းသုတေသနမှတွေ့ရှိချက်များကိုအခြေခံလျက် ရခိုင်ပြည်နယ် သံတွဲမြို့နယ် ငပလီကမ်းခြေတွင် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းပြပွဲကို ကျင်းပရန်ဖြစ်ပါသည်။

ထို့အတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းသုတေသနအစီရင်ခံစာတွင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများအတွက် ရခိုင်ပြည်နယ်ရှိ လက်ရှိတည်ရှိနေသောစီးပွားရေးလုပ်ငန်းများ၊ အလားအလာရှိသောရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်မည့် အခွင့်အလမ်းများကို တင်ပြထားခြင်းဖြစ်သည်။

## ၁.၂ ရည်မှန်းချက်များ

ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းစစ်တမ်းသုတေသနနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းပြပွဲတို့၏ အဓိကရည်မှန်းချက်များကို အောက်ပါအတိုင်း ဖော်ပြပါသည်။

၁ ရခိုင်ပြည်နယ်အတွင်း မထုတ်ဖော်ရသေးသော ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများအား လက်တွေ့အကောင်အထည်ဖော်နိုင်ရန်အတွက် အလားအလာရှိသော ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများအား အသိပေးကာ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်လာစေရန်၊

၂ ရခိုင်ပြည်နယ်ရှိ လူမှုအသိုက်အဝန်းများအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်များဖန်တီးပေးရာတွင် အဓိကသော့ချက်ဖြစ်သည့် အလားအလာရှိသော ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအားလုံးကို မှတ်တမ်းတင်ပြုစုထားရန်၊

၃ ရခိုင်ပြည်နယ်သို့ ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရန်အတွက် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များနှင့် သတင်းအချက်အလက်များ ဖလှယ်နိုင်ရန်၊

၄ ရခိုင်ပြည်နယ်ရှိ ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရန်အတွက် ရခိုင်ပြည်နယ်အတွင်းရှိ ဒေသ ခံစီးပွားရေးလုပ်ငန်းများနှင့် အခြားသောတိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ပြည်ပနိုင်ငံများအပါအဝင် ရင်းနှီးမြှုပ်နှံသူများအကြား အကောင်းဆုံးချိတ်ဆက်မှုများ ဖန်တီးပေးနိုင်ရန်၊

၅ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ စစ်တွေမြို့နယ်ရုံးခွဲ၏စွမ်းဆောင်ရည်မြှင့်တင်ခြင်းအတွက် အထောက်အကူဖြစ်စေရန်နှင့် လုပ်ငန်းများအတွက် ၎င်း၏ဝန်ဆောင်မှုများကို ပြသရန်။

အားလုံးခြုံငုံကြည့်ပါက ဤအစီရင်ခံစာသည် ရခိုင်ပြည်နယ်တစ်ဝန်းလုံးရှိ မထုတ်ဖော်ရသေးသော ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ပြည်တွင်းပြည်ပနှင့်ဒေသခံရင်းနှီးမြှုပ်နှံသူများအား သတင်းပေးရန် ရည်ရွယ်ပါသည်။ မြန်မာနိုင်ငံတွင် နိုင်ငံရေးနှင့်စီးပွားရေးအခြေအနေများ လျင်မြန်စွာပြောင်းလဲနေချိန်အတွင်း စီးပွားရေးကဏ္ဍမျိုးစုံမှ အခွင့်အလမ်းများနှင့်ပတ်သတ်၍ ဒေသ အသီးသီးမှအလားအလာရှိသောရင်းနှီးမြှုပ်နှံသူများအားနှင့် လုပ်ငန်းကုမ္ပဏီများအတွက် ဤအစီရင်ခံစာတွေ့ရှိချက်များက အရေးကြီးသည့်သတင်းအချက်အလက်များအား ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟု အထူးမျှော်လင့်ပါသည်။

## ၁.၃ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းစစ်တမ်းကောက်ယူခြင်းနည်းလမ်းများ

ဤအစီရင်ခံစာတွင် အထက်ဖော်ပြပါ ရည်မှန်းချက်များ ပြီးမြောက်အောင်မြင်ရန်အတွက် သုတေသနလုပ်ဆောင်မှုနည်းလမ်း ၃ ချက်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ၎င်းနည်းလမ်းများမှာ -

**၁ ကနဦးအချက်အလက်များစုဆောင်းခြင်း**

ကနဦးအချက်အလက်နည်းလမ်း၏အဓိကရည်ရွယ်ချက်မှာ ရခိုင်ပြည်နယ်၏ လက်ရှိစီးပွားရေးအခြေအနေအပါအဝင် အဓိကစီးပွားရေးကိစ္စများ၊ ရခိုင်ရှိ နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းများ၊ အခြေခံအဆောက်အဦအခြေအနေများ၊ စီးပွားရေးကဏ္ဍများရှိ လူ့အရင်းအမြစ်များအားလုံးကိုခြုံငုံကာ အလုပ်အကိုင်ဈေးကွက်နှင့်

အလားအလာရှိသော ရင်းနှီးမြှုပ်နှံမှုအခြေအနေများအပါအဝင် ရခိုင်ပြည်နယ်၏အခြေအနေအရပ်ရပ်ကို သိရှိနားလည်ရန်ဖြစ်ပါသည်။

ရခိုင်ပြည်နယ်နှင့် သက်ဆိုင်သောသတင်းအချက်အလက်များအားလုံးကို နေ့စဉ်ထုတ်သတင်းစာများ၊ မဂ္ဂဇင်းများ၊ စာအုပ်များ၊ အစီရင်ခံစာများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (INGOs) များမှ ပုံနှိပ်ဖြန့်ဝေထားသော စာရွက်စာတမ်းများ၊ နိုင်ငံတော်အစိုးရ၏သတင်းထုတ်ပြန်ချက်များ၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ထုတ်ဝေသော Statistical Yearbook နှင့် MSR Databank တို့မှ စုဆောင်းရယူထားသည်။

## ၂ ကွင်းဆင်းသတင်းအချက်အလက်များ ကောက်ယူခြင်း

ရခိုင်ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်နိုင်မည့် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများအားလုံးကို အပြည့်အဝသိရှိနိုင်ရန်အတွက် ရခိုင်ပြည်နယ်ရှိ စီးပွားရေးလမ်းကြောင်းများမှ ကနဦးသတင်းအချက်အလက်များကို အများဆုံးထည့်သွင်းစဉ်းစားကာ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများမှမန်နေဂျာများနှင့် ရခိုင်ပြည်နယ်ရှိ အခြားအဓိကပုဂ္ဂိုလ်များဖြစ်သော ကုန်သည်များထံမှ လက်တွေ့တည်ရှိနေသော သတင်းအချက်အလက်များကို ကွင်းဆင်းကောက်ယူခဲ့သည်။

ဤသုတေသနကို အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ရခိုင်ပြည်နယ်သို့ မြန်မာဆာဗေးသုတေသနအဖွဲ့သည် သုတေသနအတွေ့အကြုံများစွာရှိသည့် လူတွေ့မေးမြန်းမည့်သူများအား တာဝန်ပေးအပ်ခဲ့သည်။ ရခိုင်ပြည်နယ်မှ စစ်တွေ၊ မြောက်ဦး၊ သံတွဲ၊ ကျောက်ဖြူ နှင့် မောင်တောခရိုင် ၅ ခုအတွင်းရှိ အဓိကစီးပွားရေးလုပ်ငန်းများဆိုင်ရာ အစိုးရတာဝန်ရှိပုဂ္ဂိုလ်များ၊ စီးပွားရေးအသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်များအား ရွေးချယ်၍ ၎င်းတို့၏လက်ရှိစီးပွားရေးအကောင်အထည်ဖော်နေမှုများ၊ စိန်ခေါ်မှုများနှင့်အနာဂတ်ရင်းနှီးမြှုပ်နှံမှု အထောက်အကူဖြစ်စေမည့်အခွင့်အလမ်းများကို တွေ့ဆုံမေးမြန်းမှုများပြုလုပ်ခဲ့ပါသည်။

## ၃ အကျိုးသက်ဆိုင်သူများအစည်းအဝေး

ကနဦးသတင်းအချက်အလက်များစုဆောင်းခြင်းနှင့် ကွင်းဆင်းတွေ့ဆုံမေးမြန်းပြီးနောက် အဓိကကျသော တွေ့ရှိချက်များကို အကျိုးသက်ဆိုင်သူများအစည်းအဝေးတွင် တင်ပြဆွေးနွေးခဲ့ကြသည်။ အပြီးသတ်အစီရင်ခံစာပုံနှိပ်မထုတ်ဝေမီ အချက်အလက်များ မှန်ကန်တိကျစေရန်ဖြစ်ပါသည်။

## ၁.၃.၂ နမူနာကောက်ယူခြင်း

ဤရင်းနှီးမြှုပ်နှံမှုသုတေသနအစီရင်ခံစာတွင် ရခိုင်ပြည်နယ်၏ စီးပွားရေးကဏ္ဍ ၁၂ ခု အား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကျောရိုးအဖြစ် ကြိုတင်ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။ ရခိုင်ပြည်နယ်ရှိ သက်ဆိုင်ရာအစိုးရဌာနများမှ ပုဂ္ဂိုလ်များ၊ စီးပွားရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီအကြီးအကဲများနှင့် တစ်သီးပုဂ္ဂလလုပ်ငန်းရှင်များ စုစုပေါင်း ၇၆ ဦးထံမှ မထုတ်ဖော်ရသေးသောအခွင့်အလမ်းကဏ္ဍများကိုလည်း မေးမြန်းရွေးချယ်ခဲ့သည်။ မေးမြန်းမှုတွင် ၎င်းတို့၏ လုပ်ငန်းအတွေ့အကြုံများ၊ ရခိုင်ပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်သည့်အမြင်ရှုထောင့်၊ စီးပွားရေးအကောင်အထည်ဖော်နေမှုများနှင့် အလားအလာရှိသော ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို မှတ်တမ်းတင်၊ လေ့လာဆန်းစစ်မှုများ ပြုလုပ်ခဲ့ပါသည်။

### ကဏ္ဍအလိုက်နမူနာစာရင်း


| စဉ် | ကဏ္ဍများ | ခရိုင်များ | | | | | |
|---|---|---|---|---|---|---|---|
| | | စစ်တွေ | ကျောက်ဖြူ | သံတွဲ | မြောက်ဦး | မောင်တော | စုစုပေါင်း |
| ၁ | စိုက်ပျိုးရေး | ၄ | ၁ | ၁ | ၈ | ၀ | ၁၄ |
| ၂ | တိရိစ္ဆာန်မွေးမြူရေး | ၄ | ၀ | ၁ | ၁ | ၀ | ၆ |
| ၃ | ရေလုပ်ငန်း | ၃ | ၃ | ၂ | ၃ | ၀ | ၁၁ |
| ၄ | ထုတ်လုပ်ရေး | ၃ | ၁ | ၃ | ၂ | ၀ | ၉ |
| ၅ | သစ်တော | ၁ | ၀ | ၁ | ၀ | ၀ | ၂ |
| ၆ | ဟိုတယ်နှင့်ခရီးသွား | ၁ | ၀ | ၅ | ၁ | ၀ | ၇ |
| ၇ | သယ်ယူပို့ဆောင်ရေး | ၄ | ၃ | ၇ | ၀ | ၀ | ၁၄ |
| ၈ | လူ့အရင်းအမြစ်များ | ၁ | ၀ | ၀ | ၀ | ၀ | ၁ |
| ၉ | နယ်စပ်ကုန်သွယ်ရေးနှင့် ကုန်သွယ်ရေး | ၃ | ၀ | ၀ | ၀ | ၀ | ၃ |
| ၁၀ | ဆောက်လုပ်ရေး | ၁ | ၀ | ၀ | ၁ | ၀ | ၂ |
| ၁၁ | ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ | ၁ | ၁ | ၀ | ၀ | ၀ | ၂ |
| ၁၂ | အခြားဆက်စပ်ကဏ္ဍများ | ၅ | ၀ | ၀ | ၀ | ၀ | ၅ |
| | စုစုပေါင်း ▶ | ၃၁ | ၉ | ၂၀ | ၁၆ | ၀ | ၇၆ |

(အသေးစိတ်မှုနာများစာရင်းကို **နောက်ဆက်တွဲ ၈.၃** တွင်ကြည့်ပါ။)

## ၁.၄ လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်

ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းစစ်တမ်းသုတေသန ဆောင်ရွက်ခဲ့သည့်ကာလနှင့် ရင်းနှီးမြှုပ်နှံမှုပြပွဲကာလကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအထိ သတ်မှတ်ထားသည်။ လုပ်ငန်းစတင်ခြင်းအစည်းအဝေးကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင် လည်းကောင်း၊ အကျိုးသက်ဆိုင်သူများအစည်းအဝေးကို ဒီဇင်ဘာလတွင်လည်းကောင်း စစ်တွေမြို့၌ ကျင်းပခဲ့ပါသည်။ ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုပြပွဲကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှ ၂၃ ရက်နေ့အထိ ကျင်းပရန်ဖြစ်ပါသည်။

**လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်**




## ၁.၅ လေ့လာမှု၏အကန့်အသတ်များ

ဤသုတေသနစစ်တမ်းသည် ရခိုင်ပြည်နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းကဏ္ဍတစ်ခုချင်းစီကို အတွင်းကျကျ လေ့လာခြင်း မဟုတ်ပါ။ ပြည်တွင်းပြည်ပလုပ်ငန်းရှင်များအတွက် ရင်းနှီးမြှုပ်နှံနိုင်မည့် စီးပွားရေးအခွင့်အလမ်းများနှင့် ၎င်းတို့စိတ်ဝင်စားမည့်ကဏ္ဍများကို ရှာဖွေလေ့လာတင်ပြသော စစ်တမ်းသုတေသနဖြစ်ပါသည်။ ဤအစီရင်ခံစာသည် ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်ရန် အလားအလာရှိသည့်စီးပွားရေးလုပ်ငန်းကဏ္ဍများကို သိသာထင်ရှားရန် မီးမောင်းထိုးတင်ပြထားမှုဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမည့်သူတစ်ဦးအနေဖြင့် သီးသန့်ကဏ္ဍတစ်ခုတွင် ရင်းနှီးမြှုပ်နှံရန် ဆုံးဖြတ်ပါက ပြည့်စုံလုံလောက်သော သုတေသနတစ်ရပ်ကို ပြုလုပ်ရန် လိုအပ်မည်ဖြစ်ပါသည်။

# ၂ မြန်မာနိုင်ငံနှင့်ပတ်သက်သောခြုံငုံတင်ပြမှု

## ၂.၁ မြန်မာနိုင်ငံ၏လူဦးရေဆိုင်ရာအချက်အလက်များ

မြန်မာနိုင်ငံသည် အာဆီယံဒေသအတွင်း စီးပွားရေးအလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာသော နိုင်ငံများတွင် ပါဝင်သော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၏ကြွယ်ဝသောလုပ်သားအင်အားနှင့် မထုတ်ဖော်ရသေးသည့် အခွင့်အလမ်းများကို ရယူဆုပ်ကိုင်နိုင်မည့် နိုင်ငံရပ်ခြားကုမ္ပဏီများအတွက် ဖွံ့ဖြိုးချဲ့ထွင်ရန် ထူးခြားသည့် အလားအလာကောင်းများရှိနေပါသည်။ ၎င်းကုမ္ပဏီများအနေဖြင့် ဒေသအကြောင်း၊ ဒေသအ လားအလာများကို သိရှိနားလည်သည့် ဒေသခံ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ပါသည်။

ဤအခန်းတွင် မြန်မာနိုင်ငံ၏ ယေဘုယျ လူမှု-စီးပွားအနေအထားကို ဖော်ပြထားသည်။ အထူးသဖြင့် စီးပွားရေးကဏ္ဍ အသီးသီးတွင် ကနဦးအခြေအနေမှလက်ရှိအချိန်အထိ ရင်းနှီးမြှုပ်နှံမှုအနေအထားများ၊ ရင်းနှီးမြှုပ်နှံမှုများ များပြားလာမှုအခြေအနေနှင့် လူဦးရေအခြေအနေများကို အဓိကထားလျက် တင်ပြထားပါသည်။

## ၂.၂ မြန်မာနိုင်ငံ၏ စီးပွားရေးအကျဉ်းချုပ်[2]

| | |
|---|---|
| **ဂျီဒီပီ** | **ကန်ဒေါ်လာ ၇၉.၇ ဘီလီယံ (၂၀၁၅/၂၀၁၆)** |
| **ဂျီဒီပီတိုးတက်မှုနှုန်း** | ၅.၉% (၂၀၁၅/၂၀၁၆) |
| **အဓိကပို့ကုန်များ** | သဘာဝဓာတ်ငွေ့၊ အဝတ်အထည်၊ သကြား၊ မတ်ပဲ၊ ကျောက်စိမ်း၊ ဆန်၊ ပဲတီစိမ်း၊ ငါး၊ သတ္တု နှင့် သတ္တုရိုင်း၊ ပြောင်း |
| **အဓိကသွင်းကုန်များ** | ရေနံထွက်ပစ္စည်းများ၊ ယာဉ်များ၊ စက်ယန္တရားနှင့် စက်အပိုပစ္စည်းများ၊ သံနှင့်သံမဏိ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ သံနှင့်သံမဏိပစ္စည်းများ၊ ပလတ်စတစ်ကုန်ကြမ်းများ၊ စားအုန်းဆီ၊ မော်တော်ဆိုင်ကယ်များ၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးသုံးပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ |
| **အဓိကကုန်သွယ်ဖက်နိုင်ငံများ** | တရုတ်၊ ထိုင်း၊ စင်ကာပူ၊ ဂျပန်၊ အိန္ဒိယ၊ မလေးရှား၊ တောင်ကိုရီးယား၊ အင်ဒိုနီးရှား၊ အမေရိကန်ပြည်ထောင်စု၊ ဗီယက်နမ် |
| **ပို့ကုန်ပမာဏ** | ကန်ဒေါ်လာ ၁၂.၀ ဘီလီယံ (၂၀၁၆/၂၀၁၇) |
| **သွင်းကုန်ပမာဏ** | ကန်ဒေါ်လာ ၁၇.၂၁ ဘီယီယံ (၂၀၁၆/၂၀၁၇) |

## ၂.၃ တိုင်းဒေသကြီးများနှင့်ပြည်နယ်များ၏လူဦးရေများ[3]


| စဉ် | တိုင်း / ပြည်နယ် | လူဦးရေ (ကောက်ယူဒေတာ) | လူဦးရေ (နှင့် ခန့်မှန်းဒေတာ) | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကချင် ၁,၆၄၂,၈၄၁ | ၁,၆၄၂,၈၄၁ | ၁,၆၈၉,၄၄၁ | ခန့်မှန်းအချက်အလက်များနှင့် |
| ၂ | ကယား ၂၈၆,၆၂၇ | ၂၈၆,၆၂၇ | ၂၈၆,၆၂၇ | |
| ၃ | ကရင် ၁,၅၀၄,၃၂၆ | ၁,၅၀၄,၃၂၆ | ၁,၅၇၄,၀၇၉ | ခန့်မှန်းအချက်အလက်များနှင့် |
| ၄ | ချင်း ၄၇၈,၈၀၁ | ၄၇၈,၈၀၁ | ၄၇၈,၈၀၁ | |
| ၅ | စစ်ကိုင်း ၅,၃၂၅,၃၄၇ | ၅,၃၂၅,၃၄၇ | ၅,၃၂၅,၃၄၇ | |
| ၆ | တနင်္သာရီ ၁,၄၀၈,၄၀၁ | ၁,၄၀၈,၄၀၁ | ၁,၄၀၈,၄၀၁ | |
| ၇ | ပဲခူး ၄,၈၆၇,၃၇၃ | ၄,၈၆၇,၃၇၃ | ၄,၈၆၇,၃၇၃ | |
| ၈ | မကွေး ၃,၉၁၇,၀၅၅ | ၃,၉၁၇,၀၅၅ | ၃,၉၁၇,၀၅၅ | |
| ၉ | မန္တလေး ၆,၁၆၅,၇၂၃ | ၆,၁၆၅,၇၂၃ | ၆,၁၆၅,၇၂၃ | |
| ၁၀ | မွန် ၂,၀၅၄,၃၉၃ | ၂,၀၅၄,၃၉၃ | ၂,၀၅၄,၃၉၃ | |
| ၁၁ | ရခိုင် ၂,၀၉၈,၈၀၇ | ၂,၀၉၈,၈၀၇ | **၃,၁၈၈,၈၀၇** | ခန့်မှန်းအချက်အလက်များနှင့် |
| ၁၂ | ရန်ကုန် ၇,၃၆၀,၇၀၃ | ၇,၃၆၀,၇၀၃ | ၇,၃၆၀,၇၀၃ | |
| ၁၃ | ရှမ်း ၅,၈၂၄,၄၃၂ | ၅,၈၂၄,၄၃၂ | ၅,၈၂၄,၄၃၂ | |
| ၁၄ | ဧရာဝတီ ၆,၁၈၄,၈၂၉ | ၆,၁၈၄,၈၂၉ | ၆,၁၈၄,၈၂၉ | |
| ၁၅ | နေပြည်တော် ၁,၁၆၀,၂၄၂ | ၁,၁၆၀,၂၄၂ | ၁,၁၆၀,၂၄၂ | |
| | **စုစုပေါင်း ▶** | **၅၀,၂၇၉,၉၀၀** | **၅၁,၄၈၆,၂၅၃** | |

2 DICA, https://www.dica.gov.mm/en/invest-myanmar

3 Results of The 2014 Myanmar Population and Housing Census, Ministry of Labour, Immigration and Population

မြန်မာနိုင်ငံတွင် နောက်ဆုံးသန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ်၊ ဧပြီလအတွင်း ကောက်ယူခဲ့ပြီး ရလဒ်များကို အလုပ်သသမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၎င်းနှစ်၊ မေလတွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ သန်းခေါင်စာရင်းကောက်ယူစဉ်အတွင်း ကချင်၊ ကရင်နှင့် ရခိုင်ပြည်နယ် ၃ ခုရှိ အချို့သောဒေသများမှာ တည်ငြိမ်မှုမရှိသဖြင့် ခန့်မှန်းတွက်ချက်ထားပါသည်။ ရခိုင်ပြည်နယ်တွင် ကောက်ယူရရှိသည့်လူဦးရေမှာ ၂,၀၉၈,၈၀၇ ဖြစ်ပြီး ခန့်မှန်းလူဦးရေနှင့်ပေါင်းပါက စုစုပေါင်းလူဦးရေမှာ ၃,၁၈၈,၈၀၇ ဖြစ်သည်။

## ၂.၄ တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုနှင့် နေပြည်တော်ပြည်ထောင်စုနယ်မြေ[4]





### မြန်မာနိုင်ငံ၏နယ်မြေဆိုင်ရာအဓိကအပိုင်းအခြားများ


မြန်မာနိုင်ငံအား ပြည်နယ် ၇ ခု၊ တိုင်းဒေသကြီး ၇ ခုနှင့် နေပြည်တော်ပြည်ထောင်စုနယ်မြေတို့ဖြင့် ဖွဲ့စည်းထားပါသည်။ ပြည်နယ်တစ်ခုချင်းစီအား အဓိကနေထိုင်သူတိုင်းရင်းသားလူမျိုးနွယ်၏အမည်ကို အစွဲပြု၍ ခေါ်ဝေါ်ပါသည်။ ဥပမာအားဖြင့် ရှမ်းပြည်နယ်တွင် ရှမ်းတိုင်းရင်းသားများအများစုနေထိုင်ပြီး တခြားသောတိုင်းရင်းသားများနှင့် ရောနှောနေထိုင်ကြပါသည်။ ကချင်ပြည်နယ်တွင် ကချင်တိုင်းရင်းသားများအများစုနေထိုင်ပြီး အခြားတိုင်းရင်းသားများနှင့်နေထိုင်ကြသည်။ တိုင်းဒေသကြီး ၇ ခုတွင် ဗမာတိုင်းရင်းသားအများစုသည် အခြားတိုင်းရင်းသားအုပ်စုများနှင့် ရောနှောနေထိုင်ကြပါသည်။

4 Prepared by Myanmar Survey Research

## ၂.၅ တိုင်းဒေသကြီးများနှင့်ပြည်နယ်များ၏လူဦးရေအချိုးများ [5]




## ၂.၆ အရွယ်ရောက်ပြီးသူများစာတတ်မြောက်နှုန်း (၁၅ နှစ်နှင့်အထက်)[6]




## ၂.၇ တိုင်းဒေသကြီးများနှင့်ပြည်နယ်များ၏လူဦးရေသိပ်သည်းမှု [7]


| ဧရိယာနှင့်လူဦးရေသိပ်သည်းမှု | | | | |
|---|---|---|---|---|
| ၁ စတုရန်းကီလိုမီတာအတွင်းလူဦးရေ (၁၉၇၃-၂၀၁၄) | | | | |
| တိုင်းနှင့်ပြည်နယ်များ | ဧရိယာ (စတုရန်းကီလိုမီတာ) | သိပ်သည်းမှု (၁ စတုရန်းကီလိုမီတာရှိလူဦးရေ) | | |
| | | ၁၉၇၃ | ၁၉၈၃ | ၂၀၁၄ |
| ပြည်ထောင်စု | ၆၇၆,၅၇၇.၂၃ | ၄၃ | ၅၂ | ၇၆ |
| ကချင်ပြည်နယ် | ၈၉,၀၄၁.၈၀ | ၈ | ၁၀ | ၁၉ |
| ကယားပြည်နယ် | ၁၁,၇၃၁.၅၁ | ၁၁ | ၁၄ | ၂၄ |
| ကရင်ပြည်နယ် | ၃၀,၃၈၂.၇၇ | ၂၈ | ၃၅ | ၅၂ |
| ချင်းပြည်နယ် | ၃၆,၀၁၈.၉၀ | ၉ | ၁၀ | ၁၃ |
| စစ်ကိုင်းတိုင်း | ၉၃,၇၀၂.၄၈ | ၃၃ | ၄၁ | ၅၇ |
| တနင်္သာရီတိုင်း | ၄၃,၃၄၄.၉၁ | ၁၇ | ၂၁ | ၃၂ |
| ပဲခူးတိုင်း | ၃၉,၄၀၄.၄၃ | ၈၁ | ၉၆ | ၁၂၄ |
| မကွေးတိုင်း | ၄၄,၈၂၀.၅၈ | ၅၉ | ၇၂ | ၈၇ |
| မန္တလေးတိုင်း | ၃၀,၈၈၈.၀၉ | ၉၉ | ၁၂၄ | ၂၀၀ |
| မွန်ပြည်နယ် | ၁၂,၂၉၆.၆၄ | ၁၀၇ | ၁၃၇ | ၁၆၇ |
| **ရခိုင်ပြည်နယ်** | **၃၆,၇၇၈.၀၅** | **၄၇** | **၅၆** | **၈၇** |
| ရန်ကုန်တိုင်း | ၁၀,၂၇၆.၇၁ | ၃၁၀ | ၃၈၇ | ၇၁၆ |
| ရှမ်းပြည်နယ် | ၁၅၅,၈၀၁.၃၈ | ၂၀ | ၂၄ | ၃၇ |
| ဧရာဝတီတိုင်း | ၃၅,၀၃၁.၈၈ | ၁၁၈ | ၁၄၂ | ၁၇၇ |
| နေပြည်တော် | ၇,၀၅၇.၁၀ | - | - | ၁၆၄ |

5 Ibid
6 The 2014 Myanmar Population and Housing Census, Rakhine State Census Report, Census Report Vol.3-K by
7 Ibid

## ၂.၈ အမျိုးသားဂျီဒီပီတွင်ကဏ္ဍအလိုက်ပါဝင်မှုများ (ရာခိုင်နှုန်းဖြင့်)[8]


| စဉ် | ကဏ္ဍများ | ၂၀၀၅-၂၀၀၆ | ၂၀၁၀-၂၀၁၁ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ (P.A) | ၂၀၁၆-၂၀၁၇ (မတ်လထိ) |
|---|---|---|---|---|---|---|---|---|
| ၁ | **လယ်ယာစိုက်ပျိုးရေး** | **၄၆.၇** | **၃၆.၈** | **၃၀.၆** | **၂၉.၅** | **၂၇.၈** | **၂၆.၈** | **၂၅.၅** |
| | လယ်ယာစိုက်ပျိုးရေး | ၃၈.၄ | ၂၇.၉ | ၂၂.၁ | ၂၁.၂ | ၁၉.၆ | ၁၈.၅ | ၁၇.၂ |
| | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၇.၇ | ၈.၅ | ၈.၁ | ၈.၀ | ၈.၀ | ၈.၁ | ၈.၂ |
| | သစ်တော | ၀.၆ | ၀.၄ | ၀.၄ | ၀.၃ | ၀.၂ | ၀.၂ | ၀.၁ |
| ၂ | **စက်မှု** | **၁၇.၅** | **၂၆.၅** | **၃၂.၄** | **၃၂.၄** | **၃၄.၅** | **၃၄.၅** | **၃၅.၀** |
| | စွမ်းအင် | ၀.၂ | ၀.၂ | ၅.၄ | ၅.၀ | ၆.၂ | ၅.၁ | ၃.၃ |
| | သတ္တုတူးဖော်ရေး | ၀.၆ | ၀.၇ | ၀.၈ | ၁.၀ | ၁.၂ | ၁.၁ | ၁.၁ |
| | ကုန်ထုတ်မှု/ပြုပြင်ပြောင်းလဲထုတ်လုပ်မှု | ၁၂.၈ | ၁၉.၉ | ၂၀.၁ | ၁၉.၉ | ၁၉.၉ | ၂၀.၈ | ၂၂.၈ |
| | လျှပ်စစ်စွမ်းအင် | ၀.၂ | ၁.၁ | ၁.၂ | ၁.၂ | ၁.၄ | ၁.၄ | ၁.၄ |
| | ဆောက်လုပ်ရေး | ၃.၇ | ၄.၆ | ၄.၉ | ၅.၃ | ၅.၈ | ၆.၁ | ၆.၄ |
| ၃ | **ဝန်ဆောင်မှုများ** | **၃၅.၈** | **၃၆.၇** | **၃၇.၀** | **၃၈.၁** | **၃၇.၇** | **၃၈.၇** | **၃၉.၅** |
| | သယ်ယူပို့ဆောင်ရေး | ၁၀.၄ | ၁၁.၅ | ၁၁.၉ | ၁၁.၉ | ၁၁.၅ | ၁၁.၃ | ၁၁.၂ |
| | ဆက်သွယ်ရေး | ၁.၁ | ၀.၈ | ၁.၂ | ၁.၆ | ၁.၈ | ၂.၁ | ၂.၁ |
| | ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ | ၀.၁ | ၀.၁ | ၀.၂ | ၀.၂ | ၀.၂ | ၀.၂ | ၀.၃ |
| | လူမှုရေး/စီမံခန့်ခွဲရေးဝန်ဆောင်မှုများ | ၀.၉ | ၂.၃ | ၂.၆ | ၂.၉ | ၃.၁ | ၃.၇ | ၃.၅ |
| | ငှားရမ်းခြင်းနှင့် အခြားဝန်ဆောင်မှုများ | ၁.၆ | ၁.၉ | ၂.၁ | ၂.၃ | ၂.၄ | ၂.၅ | ၂.၇ |
| | ကုန်သွယ်မှု | ၂၁.၇ | ၂၀.၁ | ၁၉.၀ | ၁၉.၂ | ၁၈.၇ | ၁၈.၉ | ၁၉.၇ |
| | **အကြမ်းပြည်တွင်းထုတ်လုပ်မှု (GDP)** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** |

## ဂျီဒီပီတွင်အဓိကကဏ္ဍများ၏ရာခိုင်နှုန်းပါဝင်မှု[9]




8 Myanmar Statistical Yearbook 2017, CSO, Ministry of Planning and Finance
9 Ibid

## ဂျီဒီပီတွင် အဓိကကဏ္ဍများရာခိုင်နှုန်းပါဝင်မှု (၂၀၁၆-၂၀၁၇)[10]





## ၂.၉ ကဏ္ဍခွဲများ၏ အမျိုးသားဂျီဒီပီတွင် အချိုးအစားပါဝင်မှု - တန်ဖိုး/ရာခိုင်နှုန်း (၂၀၁၅-၁၆ နှင့် ၂၀၁၆-၁၇)[11]

| ကဏ္ဍများနှင့်ကဏ္ဍခွဲများ | ၂၀၁၅-၁၆ | ဂျီဒီပီတွင် ပါဝင်မှု | ၂၀၁၆-၁၇ | ဂျီဒီပီတွင် ပါဝင်မှု |
|---|---|---|---|---|
| လယ်ယာစိုက်ပျိုးရေး | ၁၃,၄၁၇,၆၆၈.၂ | ၁၈.၅% | ၁၃,၇၃၆,၁၁၃.၂ | ၁၇.၂% |
| မွေးမြူရေးနှင့် ရေလုပ်ငန်း | ၅,၉၀၆,၅၁၉.၁ | ၈.၁% | ၆,၅၀၅,၁၉၅.၆ | ၈.၂% |
| သစ်တော | ၁၄၂,၆၄၉.၅ | ၀.၂% | ၅၈,၇၂၆.၈ | ၀.၂% |
| **လယ်ယာစိုက်ပျိုးရေး** | **၁၉,၄၆၆,၈၃၆.၈** | **၂၆.၈၀%** | **၂၀,၃၀၀,၀၃၅.၆** | **၂၅.၆၀%** |
| | | | | |
| စွမ်းအင် | ၃,၆၈၇,၅၁၆.၁ | ၅.၁% | ၂,၆၆၉,၉၆၁.၃ | ၃.၃% |
| သတ္တုတူးဖော်ရေးလုပ်ငန်း | ၇၅၉,၉၈၁.၈ | ၁.၀% | ၈၃၅,၂၇၉.၅ | ၁.၀% |
| ထုတ်လုပ်မှု/ပြုပြင်ထုတ်လုပ်မှု | ၁၅,၁၃၀,၄၃၆.၇ | ၂၀.၈% | ၁၈,၁၆၇,၄၃၆.၆ | ၂၂.၈% |
| လျှပ်စစ်စွမ်းအင် | ၁,၀၃၀,၈၃၆.၉ | ၁.၅% | ၁,၁၁၁,၂၄၃.၅ | ၁.၄% |
| ဆောက်လုပ်ရေး | ၄,၄၅၄,၈၉၄.၅ | ၆.၁% | ၅,၁၃၃,၉၁၇.၁ | ၆.၄% |
| **ဆောက်လုပ်ရေး** | **၂၅,၀၆၃,၆၆၆.၀** | **၃၄.၅၀%** | **၂၇,၉၁၇,၈၃၈.၀** | **၃၄.၉၀%** |
| | | | | |
| သယ်ယူပို့ဆောင်ရေး | ၈,၂၃၉,၆၅၂.၈ | ၁၁.၃% | ၈,၉၄၈,၀၃၄.၇ | ၁၁.၂% |
| ဆက်သွယ်ရေး | ၁,၅၁၂,၂၇၁.၁ | ၂.၁% | ၁,၆၃၈,၈၉၉.၇ | ၂.၁% |
| ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ | ၁၇၃,၄၀၁.၉ | ၀.၂% | ၂၃၃,၈၃၃.၀ | ၀.၃% |
| လူမှုရေး/ စီမံခန့်ခွဲရေး ဝန်ဆောင်မှုများ | ၂,၆၈၆,၇၄၃.၅ | ၃.၇% | ၂,၈၀၆,၄၂၆.၉ | ၃.၅% |
| ငှားရမ်းခြင်း/အခြားဝန်ဆောင်မှုများ | ၁,၈၁၂,၁၀၈.၀ | ၂.၅% | ၂,၁၅၉,၀၃၇.၁ | ၂.၇% |
| ကုန်သွယ်မှု | ၁၃,၇၅၉,၃၄၁.၁ | ၁၈.၉% | ၁၅,၇၁၆,၇၉၂.၉ | ၁၉.၇% |
| **ဝန်ဆောင်မှုများ** | **၂၈,၁၈၃,၅၁၈.၄** | **၃၈.၇၀%** | **၃၁,၅၀၃,၀၂၄.၃** | **၃၉.၅၀%** |

10 Ibid
11 Ibid

## ၂.၁၀ ၂၀၁၅-၁၇ နှင့် ၂၀၁၆-၁၇ ခုနှစ်တို့အကြားဂျီဒီပီတိုးတက်မှုနှိုင်းယှဉ်ခြင်း (ကဏ္ဍ/တန်ဖိုးဖြင့်) [12]




12 Ibid

# ၃ မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံမှုအခြေအနေ

မြန်မာနိုင်ငံတွင် စစ်ဘက်အုပ်ချုပ်ရေးစနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ၂၀၁၀ ခုနှစ်တွင် ပြောင်းလဲခဲ့သည်။ ထိုအချိန်မှစတင်၍ မြန်မာနိုင်ငံသည် ဒီမိုကရေစီကျပြီး ငြိမ်းချမ်းသောပြည်ထောင်စုနိုင်ငံတစ်နိုင်ငံအဖြစ် နိုင်ငံရေးနှင့်စီးပွားရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အခြေအမြစ်ကျကျ ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် လူမှုအဖွဲ့အစည်းနှင့် သဘာဝပတ်ဝန်းကျင်အပေါ်တွင် ကောင်းကျိုးသက်ရောက်မှုများရှိစေမည့် ရင်းနှီးမြှုပ်နှံမှုများကိုပါ အားပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ပိုမိုကောင်းမွန်သည့် စီးပွားရေးနယ်ပယ်တစ်ခုကိုဖန်တီးရန် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကို ၂၀၁၇ ခုနှစ်တွင် ပြဋ္ဌာန်းကြေငြာခဲ့သည်။ ဤဥပဒေသည် ကုမ္ပဏီများထူထောင်ခြင်း၊ မှတ်ပုံတင်ခြင်း၊ ကုမ္ပဏီများစီမံအုပ်ချုပ်မှု စသည်တို့နှင့်စပ်လျဉ်း၍ နိုင်ငံတကာ၏အကောင်းဆုံးအလေ့အထများကို အခြေခံထားပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကိုလည်း ဒေသခံကုမ္ပဏီများကဲ့သို့ တန်းတူအခွင့်အလမ်းများ ဖန်တီးပေးထားပါသည်။ ဤဥပဒေတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက ပြည်တွင်းကုမ္ပဏီ များ၏ရှယ်ယာများကို ဝယ်ယူခွင့်ပေးထားသည်။ ယခင်က နိုင်ငံရင်းနှီးမြှုပ်နှံသူများအပေါ် ကန့်သတ်ထားသည့် နိုင်ငံခြားသားကုမ္ပဏီအဓိပ္ပာယ်သတ်မှတ်ချက်ကို ပြန်လည်ပြင်ဆင်ပြောင်းလဲလိုက်သောကြောင့် စီးပွားရေးအခွင့်အလမ်းများ ပိုမိုပေါ်ပေါက်လာပါသည်။ မြန်မာနိုင်ငံတွင်စီးပွားရေးလုပ်ကိုင်မှု လုပ်ထုံးလုပ်နည်းများကို ပိုမိုရှင်းလင်းလွယ်ကူအောင် ပြုပြင်ပြောင်းလဲရုံသာမက ကုန်ကျစရိတ်များကိုလည်း သိသာထင်ရှားစွာလျော့ကျစေပါသည်။

အစိုးရအနေဖြင့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတို့ကို ပြန်လည်ပြင်ဆင်ပေါင်းစပ်ပြီး မြန်မာရင်းနှီးမြှုပ်နှံမှုဥပဒေကိုပြန်လည်ပြုစုကာ ၂၀၁၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ဤဥပဒေအရ ကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ အခြေခံအဆောက်အအုံနှင့် လက်လီရောင်းဝယ်ခြင်းကဏ္ဍတို့တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ရာနှုန်းပြည့်နိုင်ငံခြားသားပိုင်ဆိုင်မှု သို့မဟုတ် ပြည်တွင်းရင်းနှီးမြှုပ်နှံသူများနှင့် ဖက်စပ်လုပ်ကိုင်ခွင့်ပြုထားသည်။ ထို့အပြင် နိုင်ငံခြားစီးပွားရေးလုပ်ငန်းများကိုလည်း ပထမတည်ထောင်သည့်နှစ် ၃ နှစ်တာကာလမှ လုပ်ငန်းလည်ပတ်သည့် ၇ နှစ်တာကာလအတွင်း အခွန်ကင်းလွတ်ခွင့်များကိုလည်း ပေးထားသည်။ ဤအခွန်ကင်းလွတ်ခွင့်များသည် စီးပွားရေးလုပ်ငန်းအမျိုးအစားနှင့် ရင်းနှီးမြှုပ်နှံသည့်နေရာဒေသပေါ်တွင် မူတည်ပါသည်။

## ၃.၁ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ခွင့်ပြုပေးခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ [13]


အောက်ဖော်ပြပါဇယားတွင် ၁၉၈၈-၈၉ မှ၂၀၁၈၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ စီးပွားရေးကဏ္ဍအသီးသီးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖော်ပြထားသည်။ ရင်းနှီးမြှုပ်နှံမှုအများစုမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့တွင်ရှိပြီး ၂၈.၅၅% ဖြစ်သည်။ စွမ်းအင်နှင့်ထုတ်လုပ်မှုကဏ္ဍများသည် ဒုတိယနှင့်တတိယအနေအထားများတွင်ရှိသည်။

ဇယား ၁၊ **ကဏ္ဍအလိုက်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ (၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်)**[14]

| စဉ် | ကဏ္ဍ | ခွင့်ပြုပြီးလုပ်ငန်းများ | | |
|---|---|---|---|---|
| | | အရေအတွက် | ခွင့်ပြုငွေပမာဏ (ကန်ဒေါ်လာသန်းပေါင်း) | ရာခိုင်နှုန်း |
| ၁ | ရေနံနှင့် သဘာဝဓါတ်ငွေ့ | ၁၅၄ | ၂၂,၄၂၀.၅၇၂ | ၂၈.၅၅% |
| ၂ | စွမ်းအင် | ၁၉ | ၂၁,၀၈၄.၈၅၂ | ၂၆.၈၅% |
| ၃ | ကုန်ထုတ်လုပ်ငန်း | ၉၇၉ | ၁၀,၃၈၆.၀၅၄ | ၁၃.၂၂% |
| ၄ | သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး | ၅၈ | ၉,၇၈၅.၂၅၆ | ၁၂.၄၆% |
| ၅ | အိမ်ခြံမြေလုပ်ငန်း | ၅၃ | ၅,၂၅၆.၃၄၇ | ၆.၆၉% |
| ၆ | ဟိုတယ်နှင့် ခရီးသွားလာရေး | ၇၆ | ၃,၀၄၀.၆၈၄ | ၃.၈၇% |
| ၇ | သတ္တုတူးဖော်ရေးလုပ်ငန်း | ၇၁ | ၂,၉၀၄.၉၁၆ | ၃.၇၀% |
| ၈ | မွေးမြူရေးနှင့် ရေလုပ်ငန်း | ၅၅ | ၆၂၈.၉၉၀ | ၀.၈၀% |
| ၉ | လယ်ယာစိုက်ပျိုးရေး | ၃၁ | ၄၀၅.၆၂၁ | ၀.၅၂% |
| ၁၀ | စက်မှုလုပ်ငန်းဆိုင်ရာမြေရာ | ၆ | ၂၇၁.၆၃၁ | ၀.၃၅% |
| ၁၁ | ဆောက်လုပ်ရေး | ၂ | ၃၇.၇၆၇ | ၀.၀၅% |
| ၁၂ | အခြားဝန်ဆောင်မှုများ | ၁၁၄ | ၂,၃၁၄.၁၂၅ | ၂.၉၅% |
| | **စုစုပေါင်း ▶** | **၁,၆၁၈** | **၇၈,၅၃၆.၈၁၅** | **၁၀၀.၀၀%** |

13 Ibid
14 Ibid

ပုံ ၁၊ **ကဏ္ဍအလိုက်ခွင့်ပြုထားသောနိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ—၁၉၈၈-၈၉ မှ ၃၁-၁၂-၂၀၁၈**[15]




## ၃.၂ မြန်မာနိုင်ငံတွင် အများဆုံးလာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံ ၂၀[16]


အောက်ဖော်ပြပါဇယားတွင် ၁၉၈၈-၈၉ မှ ၂၀၁၈၊ ဒီဇင်ဘာ ၃၁ ရက်နေ့ထိ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သည့် နိုင်ငံ ၂၀ မှလုပ်ငန်းများနှင့်ရင်းနှီးမြှုပ်နှံမှုပမာဏများကို ဖော်ပြထားသည်။ တရုတ်နိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံငွေစုစုပေါင်း၏ ၂၆.၁၀% ဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအများဆုံးနိုင်ငံဖြစ်ပြီး၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့သည် ဒုတိယနှင့်တတိယ ရင်းနှီးမြှုပ်နှံမှုအများဆုံးနိုင်ငံများ ဖြစ်ကြသည်။

ဇယား ၂၊ **မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံသောထိပ်တန်းနိုင်ငံ ၂၀ (၁၉၈၈-၈၉ မှ ဒီဇင်ဘာ ၃၁၊ ၂၀၁၈ အထိ)**

| စဉ် | နိုင်ငံ | ခွင့်ပြုပြီးလုပ်ငန်းများ | | |
|---|---|---|---|---|
| | | အရေအတွက် | ခွင့်ပြုငွေပမာဏ (ကန်ဒေါ်လာသန်းပေါင်း) | ရာခိုင်နှုန်း |
| ၁ | တရုတ် | ၂၉၇ | ၂၀,၃၅၃.၅၂၈ | ၂၅.၉၂% |
| ၂ | စင်ကာပူ | ၂၉၇ | ၂၀,၃၃၇.၇၀၃ | ၂၅.၉၀% |
| ၃ | ထိုင်း | ၁၂၂ | ၁၁,၁၂၄.၇၁၅ | ၁၄.၁၆% |
| ၄ | ဟောင်ကောင် | ၁၈၁ | ၇,၉၀၀.၄၇၂ | ၁၀.၀၆% |
| ၅ | အင်္ဂလန် | ၉၃ | ၄,၅၁၇.၆၆၃ | ၅.၇၅% |
| ၆ | ကိုရီးယား | ၁၆၅ | ၃,၈၉၂.၁၃၆ | ၄.၉၆% |
| ၇ | ဗီယက်နမ် | ၂၂ | ၂,၁၆၁.၁၀၃ | ၂.၇၅% |
| ၈ | မလေးရှား | ၆၆ | ၁,၉၆၃.၁၂၄ | ၂.၅၀% |
| ၉ | နယ်သာလန် | ၂၂ | ၁,၅၃၁.၆၇၁ | ၁.၉၅% |
| ၁၀ | ဂျပန် | ၁၁၂ | ၁,၁၈၃.၉၂၁ | ၁.၅၁% |
| ၁၁ | အိန္ဒိယ | ၃၀ | ၇၆၃.၅၆၇ | ၀.၉၇% |
| ၁၂ | ပြင်သစ် | ၂၀ | ၅၄၉.၇၄၀ | ၀.၇၀% |
| ၁၃ | အမေရိကန် | ၂၀ | ၄၃၂.၇၉၆ | ၀.၅၅% |
| ၁၄ | အင်ဒိုနီးရှား | ၁၆ | ၂၇၄.၅၃၀ | ၀.၃၅% |
| ၁၅ | ကနေဒါ | ၂၀ | ၂၀၃.၅၉၄ | ၀.၂၆% |
| ၁၆ | အာရပ်စော်ဘွားများနိုင်ငံ | ၁၈ | ၁၄၅.၇၉၉ | ၀.၁၉% |
| ၁၇ | ဖိလစ်ပိုင် | ၃ | ၁၄၇.၆၉၂ | ၀.၁၉% |
| ၁၈ | သြစတြေးလျ | ၃ | ၁၄၇.၁၇၃ | ၀.၁၉% |
| ၁၉ | ဆာမိုအာ | ၅ | ၁၃၃.၄၀၄ | ၀.၁၇% |
| ၂၀ | ဘရူနိုင်းဒါရူစလင် | ၂၃ | ၁၀၅.၁၂၂ | ၀.၁၃% |

15 Directorate of Investment and Company Administration (2018)
16 Ibid


ပုံ ၂၊ ထိပ်တန်းနိုင်ငံ ၂၀ ၏ ရင်းနှီးမြှုပ်နှံမှုနှိုင်းယှဉ်ချက်[17]




## ၃.၃ နှစ်စဉ်ခွင့်ပြုခဲ့သည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏများ (ကဏ္ဍအလိုက်) (၂၀၁၄-၂၀၁၈)[18] (ဇယား ၃)

| စဉ် | ကဏ္ဍများ | နိုင်ငံခြား မတည်ငွေရင်း | ၂၀၁၄-၁၅ | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈ (၄ - ၉) | ၂၀၁၈-၂၀၁၉ (၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃၀ ရက်) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာစိုက်ပျိုးရေး | ၄၀၅.၆၂၀ | ၃၉.၆၆၆ | ၇.၁၈၀ | | ၁၃၄.၄၈၅ | ၁၀.၆၅၀ | ၃ | ၁၀.၆၂၀ |
| ၂ | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၆၂၈.၉၉၀ | ၂၆.၈၆၁ | ၈.၂၅၀ | ၉၆.၆၇၈ | ၂၇.၆၆၁ | ၃၂.၉၅၅ | ၃ | ၁၉.၅၆၁ |
| ၃ | သတ္တုတူးဖော်ရေး | ၂,၉၀၄.၉၁၆ | ၆.၂၅၉ | ၂၈.၉၂၃ | | ၁.၃၁၀ | ၆.၀၀၀ | | |
| ၄ | ကုန်ထုတ်လုပ်ရေး | ၁၀,၂၉၆.၅၅၉ | ၁,၅၀၂.၀၁၃ | ၁,၀၆၉.၈၄၆ | ၁,၁၇၉.၅၁၄ | ၁,၇၆၉.၁၇၇ | ၇၀၆.၆၇၇ | ၂၀ | ၁၀၀.၀၆၄ |
| ၅ | စွမ်းအင် | ၂၁,၀၈၄.၈၅၂ | ၄၀.၁၁၀ | ၃၆၀.၁၀၀ | ၉၀၉.၈၈၃ | ၄၀၅.၇၇၄ | ၉၂.၆၈၀ | | |
| ၆ | ရေနံနှင့်သဘာဝဓါတ်ငွေ့ | ၂၂,၄၂၀.၅၇၂ | ၃,၂၂၀.၃၀၆ | ၄,၈၁၇.၇၉၀ | | | | | ၁၀.၂၀၄ |
| ၇ | ဆောက်လုပ်ရေး | ၃၇.၇၆၇ | | | | | | | |
| ၈ | သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး | ၉,၅၄၁.၈၂၃ | ၁,၆၇၉.၃၀၄ | ၁,၉၃၀.၉၉၆ | ၃,၀၈၁.၁၄၉ | ၉၀၁.၆၃၉ | ၃၁၄.၁၅၈ | ၁ | ၁၇၁.၇၉၀ |
| ၉ | ဟိုတယ်နှင့် ခရီးသွား | ၃,၀၄၀.၆၈၄ | ၃၅၇.၉၄၉ | ၂၈၈.၃၉၅ | ၄၀၃.၆၄၆ | ၁၇၆.၇၆၇ | ၉.၅၃၆ | ၁ | ၁.၃၇၀ |
| ၁၀ | အိမ်ခြံမြေလုပ်ငန်း | ၅,၂၅၆.၃၄၇ | ၇၈၀.၇၄၅ | ၇၂၈.၆၈၀ | ၇၄၇.၆၂၀ | ၁,၂၆၁.၉၇၇ | ၂၈၀.၃၈၀ | | |
| ၁၁ | စက်မှုလုပ်ငန်းဆိုင်ရာမြေရာ | ၂၇၁.၆၃၁ | | ၁၀.၀၀၀ | | ၃၄.၀၃၇ | ၃၄.၄၈၁ | | |
| ၁၂ | အခြားဝန်ဆောင်မှုများ | ၂,၃၁၃.၀၈၇ | ၃၅၇.၃၂၀ | ၂၃၅.၉၆၃ | ၂၃၁.၃၂၂ | ၁,၀၀၅.၂၅၉ | ၂၇၇.၁၈၄ | ၆ | ၁၄၉.၂၉၁ |
| | စုစုပေါင်း► | ၇၈,၂၀၃.၀၈၇ | ၈,၀၁၀.၅၃၃ | ၉,၄၈၆.၁၂၃ | ၆,၆၄၉.၈၀၂ | ၅,၇၁၈.၀၈၆ | ၁,၇၆၄.၇၀၁ | ၃၄ | ၄၆၅.၉၀၀ |

ပုံ ၃၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခြေအနေ (၁၉၈၈-၂၀၁၇) (ကဏ္ဍအလိုက်)[19]




17 Directorate of Investment and Company Administration, 2018
18 Ibid
19 Ibid

## ၃.၄ မြန်မာနိုင်ငံသားများ၏ရင်းနှီးမြှုပ်နှံမှုများ (ကဏ္ဍအလိုက်)[20]

ဇယား ၄၊ **မြန်မာနိုင်ငံသားများအားခွင့်ပြုခဲ့သောရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ (၂၀၁၈၊ အောက်တိုဘာလ ၃၁)**

| စဉ် | ကဏ္ဍ | စုစုပေါင်း ခွင့်ပြုပြီး စီးပွားရေးလုပ်ငန်းများ | စုစုပေါင်းပမာဏ (ကန်ဒေါ်လာသန်းပေါင်း) | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးရေး | ၇၆ | ၁,၂၄၄.၈၁၉ | ၂၃.၃၂% |
| ၂ | ထုတ်လုပ်မှု | ၈၂၉ | ၂,၆၄၈.၀၀၆ | ၁၇.၃၂% |
| ၃ | သယ်ယူပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၅၀ | ၂,၂၅၆.၅၀၇ | ၁၅.၉၇% |
| ၄ | အခြား | ၁၁၉ | ၁,၆၉၀.၂၅၉ | ၁၆.၃၆% |
| ၅ | ဟိုတယ်နှင့်ခရီးသွား | ၁၅၄ | ၇၆၉.၂၅၉ | ၁၀.၄၃% |
| ၆ | ဆောက်လုပ်ရေး | ၆၈ | ၅၀၆.၈၂၇ | ၆.၀၂% |
| ၇ | စက်မှုလုပ်ငန်းဆိုင်ရာခြံမြေ | ၁၁ | ၈၆.၈၃၀ | ၄.၈၃% |
| ၈ | စွမ်းအင် | ၁၇ | ၄၆၄.၀၆၃ | ၃.၆၂% |
| ၉ | သတ္တုတူးဖော်ရေး | ၆၆ | ၁၂၀.၃၈၅ | ၀.၉၇% |
| ၁၀ | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၈၃ | ၁၄၂.၈၁၉ | ၀.၈၆% |
| ၁၁ | လယ်ယာစိုက်ပျိုးရေး | ၁၁ | ၅၂.၃၂၅ | ၀.၂၉% |
| | **စုစုပေါင်း ▶** | **၁,၄၈၄** | **၉,၉၈၂.၀၉၉** | **၁၀၀.၀၀%** |

## ၃.၅ တိုင်းဒေသကြီးများနှင့်ပြည်နယ်များတွင်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ

ဇယား ၅၊ **တိုင်းနှင့်ပြည်နယ်များရှိ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ (၂၀၁၀/၂၀၁၁–၂၀၁၆/၂၀၁၇)**[21]

| တိုင်းနှင့် ပြည်နယ်များ | ၂၀၁၀-၂၀၁၁ | | ၂၀၁၂-၂၀၁၃ | | ၂၀၁၃-၂၀၁၄ | | ၂၀၁၄-၂၀၁၅ | | ၂၀၁၅-၂၀၁၆ | | ၂၀၁၆-၂၀၁၇ | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | လုပ်ငန်းအရေအတွက် | နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု | လုပ်ငန်းအရေအတွက် | နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု | လုပ်ငန်းအရေအတွက် | နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု | လုပ်ငန်းအရေအတွက် | နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု | လုပ်ငန်းအရေအတွက် | နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု | လုပ်ငန်းအရေအတွက် | နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု |
| ကချင်ပြည်နယ် | ၂ | ၈,၂၁၈.၅၂ | - | - | - | - | - | - | - | - | - | - |
| ကယားပြည်နယ် | - | - | - | - | - | - | ၁ | ၂.၄၃ | - | - | - | - |
| ကရင်ပြည်နယ် | ၁ | ၁၈၆.၁၀ | - | - | - | - | - | - | ၁ | ၃၇.၀၀ | - | |
| ချင်းပြည်နယ် | - | - | - | - | - | - | - | - | - | - | - | - |
| စစ်ကိုင်းတိုင်း | ၃ | ၁,၃၉၆.၀၈ | - | - | ၄ | ၂၀၁.၄၃ | ၄ | ၁၄၄.၃၈ | - | ၅.၀၈ | ၁ | ၁၃၇.၂၇ |
| တနင်္သာရီတိုင်း | ၇ | ၃၂၀.၀၅ | ၃ | ၂၀၅.၆၃ | ၂ | ၃၂.၇၃ | ၆ | ၆၀၁.၁၂ | ၉ | ၃,၃၁၁.၆၅ | - | ၀.၅၃ |
| ပဲခူးတိုင်း | ၁ | ၂.၀၀ | ၅ | ၅၇.၉၈ | ၇ | ၆၂၆.၆၅ | ၁၇ | ၄၆၀.၀၄ | ၁၁ | ၆၇.၀၀ | ၉ | ၁၂၉.၀၈ |
| မကွေးတိုင်း | - | - | ၂ | ၃၉.၄၀ | - | - | ၃ | ၂၃၄.၂၀ | ၁ | ၆.၀၀ | ၂ | ၃၁၂.၆၂ |
| မန္တလေးတိုင်း | - | - | ၂ | ၆၄.၅၀ | ၂ | ၈၂.၂၅ | ၇ | ၆၆၆.၅၄ | ၁၂ | ၄၇၃.၄၈ | ၇ | ၇၃၆.၂၂ |
| မွန်ပြည်နယ် | ၂ | ၂,၉၄၅.၀၀ | - | - | ၁ | ၃၇၄.၇၀ | ၆ | ၃၂၅.၆၀ | ၃ | ၃၃၆.၆၀ | - | ၀.၆၀ |
| **ရခိုင်ပြည်နယ်** | **၅** | **၆,၈၆၆.၉၀** | - | - | - | - | **၅** | **၁,၆၁၈.၁၉** | **၅** | **၁,၁၇၈.၃၅** | - | - |
| ရန်ကုန်တိုင်း | ၃ | ၆၄.၃၂ | ၈၀ | ၈၃၃.၅၃ | ၁၀၂ | ၂,၇၄၅.၁၁ | ၁၅၄ | ၃,၇၆၆.၆၅ | ၁၅၉ | ၃,၈၆၂.၄၆ | ၁၁၇ | ၅,၂၉၆.၈၃ |
| ရှမ်းပြည်နယ် | - | - | ၁ | ၁၉၈.၉၃ | ၂ | ၃၂.၇၃ | ၁ | ၁၆.၈၃ | ၃ | ၁၅၄.၀၀ | ၁ | ၆.၆၇ |
| ဧရာဝတီတိုင်း | - | - | ၁ | ၁၉.၅၀ | ၃ | ၁၁.၄၆ | ၆ | ၁၆၅.၅၆ | ၇ | ၄၂.၁၆ | ၁ | ၂၉.၉၉ |
| နေပြည်တော် | - | - | - | - | - | - | ၁ | ၉.၀၀ | ၂ | ၇.၅၀ | - | - |
| **စုစုပေါင်း▶** | **၂၄** | **၁၉,၉၉၈.၉၇** | **၉၄** | **၁,၄၁၉.၄၇** | **၁၂၃** | **၄,၁၀၇.၀၆** | **၂၁၁** | **၈,၀၁၀.၅၃** | **၂၁၃** | **၉,၄၈၁.၂၈** | **၁၃၈** | **၆,၆၄၉.၈၁** |

20 Ibid

21 Ibid

## ❖ ရခိုင်ပြည်နယ်အတွင်းရင်းနှီးမြှုပ်နှံမှုများ

### ၃.၆ ရခိုင်ပြည်နယ်အတွင်း မြန်မာနိုင်ငံသားများ၏ရင်းနှီးမြှုပ်နှံမှုများ [22]

ဇယား ၆၊

| စဉ် | ရင်းနှီးမြှုပ်နှံသည့်ကုမ္ပဏီ | လုပ်ငန်းအမျိုးအစား | | ရင်းနှီးမြှုပ်နှံမှုပမာဏ | |
|---|---|---|---|---|---|
| | ခွင့်ပြုသည့် လ/နှစ် | လုပ်ငန်းတည်နေရာ | ဧရိယာ (ဧက) | ကန်ဒေါ်လာသန်းပေါင်း | မြန်မာကျပ်သန်းပေါင်း (ကန်ဒေါ်လာအဝင်) |
| ၁ | Eden Hotel & Resort Co Ltd | ဟိုတယ်ဝန်ဆောင်မှု (ကြယ် ၅ ပွင့်) (BOT) | | | |
| | ၂၀၁၅၊ ဇန် | ဇီးဖြူကုန်းကျေးရွာအုပ်စု၊ ငပလီကမ်းခြေ၊ သံတွဲမြို့နယ် | ၆.၆၁ | ၉.၁၂၀ | ၁၈,၂၈၅.၇၇၀ |
| ၂ | Inn Pauk Wa Co Ltd | ဟိုတယ်ဝန်ဆောင်မှု | | | |
| | ၂၀၁၅၊ အောက် | ကျိုးပင်ကြီးရပ်ကွက်၊ စစ်တွေမြို့နယ် | ၀.၃၉ | ၄.၅၆၀ | ၅,၃၃၈.၂၆၀ |
| ၃ | Adventure Myanmar Tours & Incentives Co Ltd | ဟိုတယ်ဝန်ဆောင်မှု (ကြယ် ၄ ပွင့်) (BOT) | | | |
| | ၂၀၁၅၊ ဇူလိုင် | ဇီးဖြူကုန်းကျေးရွာအုပ်စု၊ ငပလီကမ်းခြေ၊ သံတွဲမြို့နယ် | ၄.၃၃ | ၁.၁၉၀ | ၃,၃၅၉.၀၉၀ |
| ၄ | Fortune International Limited | ဟိုတယ်ဝန်ဆောင်မှု | | | |
| | ၂၀၁၅၊ အောက် | ဇီးဖြူကုန်းကျေးရွာအုပ်စု၊ ငပလီကမ်းခြေ၊ သံတွဲမြို့နယ် | ၄.၃၃ | ၂.၄၈၀ | ၅,၀၅၄.၀၀၀ |
| ၅ | Golden Han Tha Waddy Co Ltd | ဟိုတယ်ဝန်ဆောင်မှု (ကြယ် ၄ ပွင့်) (BOT) | | | |
| | ၂၀၁၅၊ ဇူလိုင် | လေဆိပ် (မြို့ပြလေကြောင်းဦးစီးဌာန)၊ စစ်တွေမြို့နယ် | ၆ | ၁.၁၉၀ | ၄,၂၀၀.၀၀၀ |
| ၆ | Jade Marina Resort Hotel Co Ltd | ဟိုတယ်ဝန်ဆောင်မှု | | | |
| | ၂၀၁၅၊ ဒီဇင် | ဇီးဖြူကုန်းကျေးရွာအုပ်စု၊ ငပလီကမ်းခြေ၊ သံတွဲမြို့နယ် | ၅.၆၅ | ၇ | ၇,၁၆၉.၀၀၀ |
| ၇ | Minor Myanmar Co Ltd | ဟိုတယ်ဝန်ဆောင်မှု (BOT) | | | |
| | ၂၀၁၆၊ မတ် | မြပြင်ကျေးရွာအုပ်စု၊ သံတွဲမြို့နယ် | ၆.၆၀ | ၁.၀၈၀ | ၁၀,၉၁၁.၀၀၀ |
| ၈ | Myanmar Treasure Hotel & Resort Group Co Ltd | ဟိုတယ်ဝန်ဆောင်မှု | | | |
| | ၂၀၁၆၊ မတ် | မြပြင်ကျေးရွာအုပ်စု၊ သံတွဲမြို့နယ် | ၅.၅၄ | — | ၆,၃၁၁.၈၀၀ |
| ၉ | Ngapali Bay Villas & Spa Co Ltd | ဟိုတယ်ဝန်ဆောင်မှု | | | |
| | ၂၀၁၆၊ ဇူလိုင် | မြပြင်ကျေးရွာအုပ်စု၊ သံတွဲမြို့နယ် | ၄.၀၃၄ | — | ၇,၅၉၀.၀၀၀ |
| ၁၀ | Bagan Thandwe Hotel Group Co Ltd | ဟိုတယ်ဝန်ဆောင်မှု (BOT) | | | |
| | ၂၀၁၉၊ ဇွန် | မြပြင်ကျေးရွာအုပ်စု၊ သံတွဲမြို့နယ် | — | — | ၁,၃၅၆.၂၇၀ |
| ၁၁ | Pristine Lotus Group Co Ltd | ဟိုတယ်ဝန်ဆောင်မှု (BOT) | | | |
| | ၂၀၁၇၊ နိုဝင် | မြပြင်ကျေးရွာအုပ်စု၊ သံတွဲမြို့နယ် | — | — | ၃,၀၀၀.၀၀၀ |
| ၁၂ | Nawarat Marine Myanmar Co Ltd | ရေထွက်ပစ္စည်းထုတ်လုပ်ခြင်း | | | |
| | ၁၉၉၆၊ ဇူလိုင် | ရခိုင်နှင့်မွန်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်း | — | ၅,၀၀၀ | ၃၂.၀၀၀ |
| ၁၃ | Lin Aung Industrial & Production Co Ltd | ရေခဲစက်ရုံ (၂၅ တန်)၊ အအေးခန်းသိုလှောင်ရုံ (၁၀၀ တန်) | | | |
| | ၂၀၀၂၊ ဖေ | လင်းသာကျေးရွာ၊ သံတွဲမြို့နယ် | — | — | ၂၁၀.၁၅၀ |
| ၁၄ | Shwe Tharawun Shesaung Fisheries Co Ltd | ရေခဲစက်ရုံနှင့်အအေးခန်းသိုလှောင်ရုံ | | | |
| | ၁၉၉၈၊ နိုဝင် | သံတော်လီရပ်ကွက်၊ စစ်တွေမြို့နယ် | — | ၀.၉၄၀ | ၄၄.၀၀၀ |
| ၁၅ | Padamya Consultancy and Trading Ltd | ရေခဲစက်ရုံနှင့်အအေးခန်းသိုလှောင်ရုံ | | | |
| | ၂၀၀၂၊ မေ | သံတော်လီရပ်ကွက်၊ စစ်တွေမြို့နယ် | — | ၀.၁၅၀ | ၅၀.၄၁၀ |

22 Ibid

| | | | | | |
|---|---|---|---|---|---|
| ၁၆ | Lin Aung Industrial & Production Co Ltd | ရေခဲစက်ရုံ (၂၅ တန်)၊ အအေးခန်းသိုလှောင်ရုံ (၁၀၀ တန်) | | | |
| | ၂၀၁၇၊ ဧပြီ | ချိုးကြာကွင်း ကျေးရွာအုပ်စု၊ တောင်ကုတ်မြို့နယ် | — | ၀.၀၉၀ | ၁၄၃.၂၃၀ |
| ၁၇ | Nayla Thitsar Construction Group Co Ltd | လမ်းခင်းခြင်း (BOT) နှင့် လမ်းဖြတ်သန်းခကောက်ခံခြင်း | | | |
| | ၂၀၁၁၊ ဇန် | ပြည်-တောင်ကုတ်လမ်း | — | ၉.၃၃၀ | ၂၀,၇၀၀.၆၅၀ |
| ၁၈ | Amazing Holdings & Resort Co Ltd | ဂေါက်ကွင်း၊ ဟိုတယ် (၄၀ ခန်း)၊ serviced apartments | | | |
| | ၂၀၁၆၊ နိုဝင် | ငပလီဂေါက်ကွင်းဧရိယာ၊ သံတွဲမြို့နယ် | ၁၁၅.၁၂ | ၆.၆၁၀ | ၁၁,၆၉၇.၂၀၀ |
| ၁၉ | Myanmar Chemical & Machinery Co Ltd | ကမ်းလွန်ထောက်ပံ့ရေးအခြေစိုက်စခန်း | | | |
| | ၂၀၁၇၊ ဩဂုတ် | မဒေးကျေးရွာအုပ်စု၊ ကျောက်ဖြူမြို့နယ် | ၁၄၆.၇၀ | ၇၂.၇၂၀ | ၁၃၀,၈၂၄.၀၀၀ |
| ၂၀ | Seven Sunrays Co Ltd | ငါးမှုန့်စက်ရုံ၊ ရေခဲစက်ရုံ | | | |
| | ၁၉၉၈၊ ဇန် | သပြုချိုင်စခန်း၊ သံတွဲမြို့နယ် | — | ၁.၀၀၀ | ၅၂.၂၀၀ |

(အထက်ဖော်ပြပါရခိုင်ပြည်နယ်တွင်ရင်းနှီးမြှုပ်နှံသောကုမ္ပဏီများ၏လိပ်စာများကို **နောက်ဆက်တွဲ ၈.၂** တွင်ကြည့်ပါ)

## ၃.၇ ရခိုင်ပြည်နယ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ [23]

ဇယား ၇၊

| Sr | ရင်းနှီးမြှုပ်နှံသည့်ကုမ္ပဏီ/လုပ်ငန်း | ခွင့်ပြုသည့် လ/နှစ် | နိုင်ငံ | ရင်းနှီးမြှုပ်နှံမှု ပမာဏ (ကန်ဒေါ်လာ သန်းပေါင်း) |
|---|---|---|---|---|
| ၁ | Myanmar Simco Song Da Joint Stock Co Ltd | | | |
| | **သတ္တုတွင်း** | ၂၀၁၂၊ မတ် | ဗီယက်နမ် | ၁၈.၁၄၇ |
| ၂ | BXT International Co Ltd | | | |
| | **အိမ်ခြံမြေ** | ၂၀၁၆၊ မတ် | တောင်ကိုရီးယား | ၉.၂၅၃ |
| ၃ | Daewoo International Corporation, Korea Gas Corporation (KOGAS), ONGC Videsh Ltd Gail (India) Ltd (Korea) | | | |
| | **ရေနံနှင့်သဘာဝဓာတ်ငွေ့** | ၂၀၀၀၊ ဇွန် | တောင်ကိုရီးယား | ၂၆.၁၀၀ |
| ၄ | Daewoo International Corporation, (Korea) ONGC ONGC Videsh Ltd (OVL), Gail (India) Ltd (GAIL), Korea Gas Corporation (KOGAS) | | | |
| | **ရေနံနှင့်သဘာဝဓာတ်ငွေ့** | ၂၀၀၄၊ ဖေဖော်ဝါရီ | တရုတ် | ၃၂.၃၀၀ |
| ၅ | CNOOC Myanmar Ltd, China Focus Development Ltd and China Huanqiu Contracting and Engineering Corporation (HQCEC) | | | |
| | **ရေနံနှင့်သဘာဝဓာတ်ငွေ့** | ၂၀၁၄၊ ဒီဇင်ဘာ | တရုတ် | ၁၈.၁၀၀ |
| ၆ | ESSAR Exploration and Production South East Asia Limited (EEPSEAL) | | | |
| | **ရေနံနှင့်သဘာဝဓာတ်ငွေ့** | ၂၀၀၅၊ မေ | မောရစ်ရှပ်(စ်) | ၂၂.၂၅၀ |
| ၇ | ESSAR Exploration and Production South East Asia Limited (EEPSEAL) | | | |
| | **ရေနံနှင့်သဘာဝဓာတ်ငွေ့** | ၂၀၀၅၊ မေ | မောရစ်ရှပ်(စ်) | — |
| ၈ | GAIL India Ltd., and Silver Wave Energy Pte Ltd | | | |
| | **ရေနံနှင့်သဘာဝဓာတ်ငွေ့** | ၂၀၀၆၊ နိုဝင်ဘာ | စင်ကာပူ | ၄၇.၅၀၀ |
| ၉ | MPRL E&P Pte Ltd | | | |
| | **ရေနံနှင့်သဘာဝဓာတ်ငွေ့** | ၂၀၀၆၊ ဒီဇင်ဘာ | ဗြိတိသျှဗာဂျင်ကျွန်းစု | ၃၂.၅၃၀ |
| ၁၀ | CNPC International Ltd (AD-1) | | | |
| | **ရေနံနှင့်သဘာဝဓာတ်ငွေ့** | ၂၀၀၇၊ အောက်တိုဘာ | ကေးမန်းကျွန်းစု | ၄၅.၀၀၀ |
| ၁၁ | CNPC International Ltd (AD-6) | | | |
| | **ရေနံနှင့်သဘာဝဓာတ်ငွေ့** | ၂၀၀၇၊ ဇန်နဝါရီ | ကေးမန်းကျွန်းစု | ၄၆.၀၀၀ |
| ၁၂ | CNPC International Ltd (AD-8) | | | |
| | **ရေနံနှင့်သဘာဝဓာတ်ငွေ့** | ၂၀၀၇၊ ဇန်နဝါရီ | ကေးမန်းကျွန်းစု | ၄၆.၀၀၀ |
| ၁၃ | Daewoo International Corporation | | | |
| | **ရေနံနှင့်သဘာဝဓာတ်ငွေ့** | ၂၀၀၇၊ ဖေဖော်ဝါရီ | တောင်ကိုရီးယား | ၃၇.၀၀၀ |
| ၁၄ | ONGC Videsh Limited (AD-2) | | | |
| | **ရေနံနှင့်သဘာဝဓာတ်ငွေ့** | ၂၀၀၇၊ ဧပြီ | အိန္ဒိယ | ၄၅.၀၀၀ |
| ၁၅ | ONGC Videsh Limited (AD-3) | | | |
| | **ရေနံနှင့်သဘာဝဓာတ်ငွေ့** | ၂၀၀၇၊ ဧပြီ | အိန္ဒိယ | ၄၆.၀၀၀ |
| ၁၆ | ONGC Videsh Limited (AD-9) | | | |
| | **ရေနံနှင့်သဘာဝဓာတ်ငွေ့** | ၂၀၀၇၊ ဧပြီ | အိန္ဒိယ | ၄၆.၀၀၀ |

23 Ibid

| | | | | |
|---|---|---|---|---|
| ၁၇ | South East Asia Gas Pipeline Co Ltd (Natural gas transportation by pipeline) | | | |
| | ရေနံနှင့်သဘာဝဓာတ်ငွေ့ | ၂၀၁၀၊ မေ | ပြောင်ကောင်း | ၂,၁၄၆.၀၀၀ |
| ၁၈ | South East Asia Crude Oil Pipeline Co Ltd (Crude oil transport by pipeline) | | | |
| | ရေနံနှင့်သဘာဝဓာတ်ငွေ့ | ၂၀၁၀၊ ဇွန် | ပြောင်ကောင်း | ၂,၂၅၁.၇၀၀ |
| ၁၉ | Daewoo International Corporation, ONGC Videsh Ltd Gail (India) Ltd, Korea Gas Corporation | | | |
| | ရေနံနှင့်သဘာဝဓာတ်ငွေ့ | ၂၀၁၀၊ ဇူလိုင် | တောင်ကိုရီးယား | ၁,၉၇၅.၄၀၁ |
| ၂၀ | Daewoo International Corporation, ONGC Videsh Ltd Gail (India) Ltd, Korea Gas Corporation | | | |
| | ရေနံနှင့်သဘာဝဓာတ်ငွေ့ | ၂၀၁၀၊ ဇူလိုင် | တောင်ကိုရီးယား | ၄၄၃.၀၈၇ |
| ၂၁ | Ophir Myanmar (Block AD-3) Limited & Parami Energy Development Company Limited (AD-3) | | | |
| | ရေနံနှင့်သဘာဝဓာတ်ငွေ့ | ၂၀၁၄၊ ဒီဇင်ဘာ | ဂျာဆီ | ၂၅၈.၄၅၀ |
| ၂၂ | Shell Myanmar Energy Pte Ltd & MOECO Oil & Gas Asia Pte Ltd (AD-9) | | | |
| | ရေနံနှင့်သဘာဝဓာတ်ငွေ့ | ၂၀၁၄၊ ဒီဇင်ဘာ | စင်ကာပူ | ၃၈၀.၆၂၀ |
| ၂၃ | Shell Myanmar Energy Pte Ltd & MOECO Oil & Gas Asia Pte Ltd (MD-11) | | | |
| | ရေနံနှင့်သဘာဝဓာတ်ငွေ့ | ၂၀၁၄၊ ဒီဇင်ဘာ | စင်ကာပူ | ၃၇၇.၆၂၀ |
| ၂၄ | Unocal Myanmat Offshore Co Ltd & Royal Marine Engineering Co Ltd | | | |
| | ရေနံနှင့်သဘာဝဓာတ်ငွေ့ | ၂၀၁၅၊ ဖေဖော်ဝါရီ | ဘာမူဒါကျွန်း | ၂၇၇.၈၅၀ |
| ၂၅ | Statoil Myanmar Private Limited & Conocophillips Myanmar E & P Pte Ltd | | | |
| | ရေနံနှင့်သဘာဝဓာတ်ငွေ့ | ၂၀၁၅၊ ဖေဖော်ဝါရီ | စင်ကာပူ | ၃၂၃.၆၅၀ |
| ၂၆ | BG Exploration & Production Myanmar Pte Ltd & Woodside Energy (Myanmar) Pte Ltd & Myanmar Petroleum Exploration & Production Co Ltd (A-4) | | | |
| | ရေနံနှင့်သဘာဝဓာတ်ငွေ့ | ၂၀၁၅၊ မတ် | စင်ကာပူ | ၂၉၇.၃၀၀ |
| ၂၇ | BG Exploration & Production Myanmar Pte Ltd & Woodside Energy (Myanmar) Pte Ltd & Myanmar Petroleum Exploration & Production Co Ltd (A-4) | | | |
| | ရေနံနှင့်သဘာဝဓာတ်ငွေ့ | ၂၀၁၅၊ မတ် | စင်ကာပူ | ၂၈၄.၀၀၀ |
| ၂၈ | Woodside Energy (Myanmar) Pte Ltd & BG Exploration & Production Myanmar Pte Ltd & Myanmar Petroleum Exploration & Production Co Ltd (A-7) | | | |
| | ရေနံနှင့်သဘာဝဓာတ်ငွေ့ | ၂၀၁၅၊ မတ် | စင်ကာပူ | ၂၉၇.၇၀၀ |
| ၂၉ | Woodside Energy (Myanmar) Pte Ltd & BG Exploration & Production Myanmar Pte Ltd (AD-5) | | | |
| | ရေနံနှင့်သဘာဝဓာတ်ငွေ့ | ၂၀၁၅၊ မတ် | စင်ကာပူ | ၂၉၀.၁၀၀ |

## ၃.၈ ရခိုင်ပြည်နယ်အတွင်းရင်းနှီးမြှုပ်နှံရန်မူဝါဒနှင့်လုပ်ထုံးလုပ်နည်းဆိုင်ရာပြဋ္ဌာန်းချက်များ

- တိုင်းဒေသကြီးများနှင့်ပြည်နယ်များကြား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကွာဟချက်နည်းပါးစေရန် ပြည်ထောင်စုအစိုးရသည် သီးသန့်ပြည်နယ်များနှင့်တိုင်းဒေသကြီးများတွင် ရင်းနှီးမြှုပ်နှံမှုများအတွက် အထူးအခွန်ကင်းလွတ်ခွင့်မူဝါဒကိုချမှတ်ထားသည်။ ၎င်းဒေသများသို့ ရင်းနှီးမြှုပ်နှံမှုများအားပိုမိုဆွဲဆောင်ရန်အတွက်ဖြစ်သည်။
- ရခိုင်ပြည်နယ်သည် အခွန်ကင်းလွတ်ခွင့် ၇ နှစ်အထိ ရရှိသည့် အထူးသတ်မှတ်နယ်မြေတွင် ပါဝင်သည်။
- ၎င်းအပြင် ပြည်ထောင်စုအစိုးရအနေဖြင့် စိုက်ပျိုးရေး၊ ထုတ်လုပ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းများအပါအဝင် သီးသန့်လုပ်ငန်းကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများလာစေရန် အားပေးသည့်အနေဖြင့် အခွန်လျှော့ပေါ့သက်သာခွင့်ပေးလျက်ရှိသည်။[24]

**ရခိုင်ပြည်နယ်သည် အခွန်ကင်းလွတ်ခွင့် ၇ နှစ် ရရှိသော အထူးသတ်မှတ်နယ်မြေတွင်ပါဝင်သည်။**

[24] Myanmar Investment Guide 2018

# ၄ အမျိုးသားစီးပွားရေးမူဝါဒနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဥပဒေမူဘောင်

## ၄.၁ မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ စီးပွားရေးမူဝါဒကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လတွင် ချမှတ်ခဲ့သည်။ အနာဂတ်မြန်မာနိုင်ငံလူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ခြုံငုံလမ်းညွှန်ပေးမည့် မူဘောင်တစ်ခုဖြစ်ပြီး၊ အားလုံးပါဝင်နိုင်ပြီး ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုဖြစ်စေရန် လူထုကိုဗဟိုပြုရေးဆွဲထားပါသည်။ တိုင်းဒေသကြီးများနှင့်ပြည်နယ်များတွင် သဘာဝသယံဇာတများကို မျှတမှန်ကန်စွာ အသုံးချနိုင်မှုကိုအခြေခံလျက် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ထောက်ကူပံ့ပိုးမှုဖြစ်စေမည့် စီးပွားရေးမူဘောင်အဖြစ်ရည်ရွယ်ပါသည်။

နိုင်ငံတော်၏စီးပွားရေးမူဝါဒရည်မှန်းချက်များမှာ —

၁ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်ပြီး စည်းလုံးညီညွတ်သော ဖက်ဒရယ်ဒီမိုကရက်တစ်ပြည်ထောင်စုကြီးဖြစ်တည်လာစေရေးကို အထောက်အပံ့ဖြစ်စေသည့် မူဝါဒအဖြစ်ကျင့်သုံးရန်၊

၂ တိုင်းဒေသကြီးနှင့်ပြည်နယ်များကြား ညီညွတ်မျှတစွာဖွံ့ဖြိုးတိုးတက်လာစေသည့် စီးပွားရေးအခြေအနေကောင်းများ ရရှိရေးဆောင်ရွက်ရန်၊

၃ နိုင်ငံတော်အတွက် အဖက်ဖက်မှ စွမ်းရည်ပြည့်ဝသောလူငယ်မျိုးဆက်သစ်များပေါ်ပေါက်လာစေရေးအတွက် အခွင့်အလမ်းများ ဖန်တီးပေးနိုင်သော စီးပွားရေးမူဝါဒအဖြစ်ကျင့်သုံးရန်၊

၄ နိုင်ငံသားအားလုံးပူးပေါင်းပါဝင်နိုင်ပြီး၊ တီထွင်ဆန်းသစ်မှုနှင့် ကြိုးပမ်းအားထုတ်မှုများဖြင့် တိုးတက်မှုရလဒ်ကောင်းများကို အစဉ်အဆက်ရယူထိန်းသိမ်းနိုင်မည့်စီးပွားရေးစနစ်တစ်ခုအဖြစ်ထူထောင်ရန်။

**နိုင်ငံတော်၏ စီးပွားရေးမူဝါဒ ၁၂ ချက်မှာ —**

(၁) ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းသည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုနစ်ဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များ တိုးတက်ပွားများလာအောင် ဆောင်ရွက်ရန်၊

(၂) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများပိုမိုအောင်မြင်စေရန် ဆောင်ရွက်ခြင်း၊ ပြုပြင်ပြောင်းလဲလုပ်ကိုင်နိုင်ခြေရှိသော လုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲလုပ်ဆောင်ခြင်းတို့အပြင် အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီရန်၊

(၃) ခေတ်မီဖွံ့ဖြိုးတိုးတက်သောစီးပွားရေးကို ဖြစ်ထွန်းနိုင်စေသည့် လူ့အရင်းအမြစ်များ မွေးထုတ်နိုင်ရန်နှင့် ပညာရပ်ပိုင်းဆိုင်ရာ အသက်မွေးဝမ်းကြောင်းပညာရပ်များကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်၊

(၄) လျှပ်စစ်ဓာတ်အား၊ လမ်းများ၊ ဆိပ်ကမ်းများစသည့်အခြေခံစီးပွားရေးအဆောက်အအုံများ လျင်မြန်စွာတိုးတက်လာစေရေးကို ဦးစားပေးဆောင်ရွက်ရန်နှင့် Data ID Card System၊ Digital Government Strategy နှင့် e-Government တို့ကိုထူထောင်ရန်၊

(၅) ပြည်တွင်းနေနိုင်ငံသားများနှင့် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ထုတ်ဖော်ပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းမြင့်မားသော စီးပွားရေးလုပ်ငန်းကို ကာလတိုအတွင်း ပိုမိုဦးစားပေးဆောင်ရွက်ရန်၊

(၆) ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ပို့ကုန်မြင့်မားနိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာတိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံဖော်ထုတ်ရန်၊

(၇) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍတိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိတို့လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်ခွင့်ရရှိစေရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ရန်အတွက် မူဝါဒများသီးခြားရေးဆွဲဆောင်ရွက်ရန် မူပိုင်ခွင့်များနှင့် တရားဥပဒေစိုးမိုးမှုရှိရေးအတွက် တိုးမြှင့်ဆောင်ရွက်ရန်၊

(၈) အိမ်ထောင်စုများ၊ တောင်သူလယ်သမားများနှင့် စီးပွားရေးလုပ်ငန်းများကို ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုနိုင်မည့် ငွေရေးကြေးရေးစနစ်ဖြင့် ဘဏ္ဍာရေးတည်ငြိမ်မှုရရှိလာစေရေး ဆောင်ရွက်ရန်၊

(၉) သဘာဝပတ်ဝန်းကျင်များကို ရေရှည်ထိန်းသိမ်းရန်အတွက် လိုက်လျောညီထွေဖြစ်စေမည့် မြို့ပြများတည်ထောင်ရန်၊ ပြည်သူ့ဝန်ဆောင်မှုများအဆင့်မြှင့်တင်ရန်တို့အပြင် အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများ တိုးချဲ့ဖော်ထုတ်ရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ပိုမိုစောင့်ရှောက်ထိန်းသိမ်းရေးတို့အတွက် ဆောင်ရွက်ရန်၊

(၁၀) နိုင်ငံတော်၏ဝင်ငွေတိုးတက်ရရှိရန် အကျိုးသက်ရောက်မှုရှိပြီး မျှတသောအခွန်စနစ်ထူထောင်၍ ပြည်သူများ၏အခွင့်အရေးနှင့်ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကိုဥပဒေများ၊ လုပ်ထုံးလုပ်နည်းများပြဋ္ဌာန်းလျက် အကာအကွယ်ပေးရန်၊

(၁၁) တီထွင်ဖန်တီးမှုစွမ်းရည်များနှင့် အဆင့်မြင့်နည်းပညာတိုးတက်မှုများကို အားထုတ်ကြိုးပမ်းဖြစ်ပေါ်နိုင်စေသည့် အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှုအတွက် အထောက်အပံ့ဖြစ်စေသော နည်းစနစ်များ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းဆောင်ရွက်ရန်၊

(၁၂) စီးပွားရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် အာဆီယံဒေသတွင်းသာမက အခြားဒေသများအတွင်း၌လည်း တိုးတက်ပြောင်းလဲလာနိုင်ဖွယ်ရှိသော အခြေအနေများကိုဖော်ထုတ်၍ မိမိတို့၏စီးပွားရေးလုပ်ငန်းများကို အမြော်အမြင်ကောင်းဖြင့် အခြေတည်ထူထောင်ရန်။

## ၄.၂ မြန်မာရင်းနှီးမြှုပ်နှံမှုမူဝါဒ

ရင်းနှီးမြှုပ်နှံမှုမူဝါဒသည် နိုင်ငံတော်အစိုးရ၏ စီးပွားရေးမူဝါဒ ၁၂ ရပ်ကို အထောက်အကူပြုစေမည်ဖြစ်ပါသည်။

၁ တာဝန်ယူမှုရှိပြီး အပြန်အလှန်အကျိုးဖြစ်စေမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုမည်။

၂ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများသည် ပွင့်လင်းမြင်သာမှုရှိပြီး ရှင်းလင်းလွယ်ကူ၍ မြန်ဆန်သွက်လက်စွာ ဆောင်ရွက်နိုင်သော လုပ်ထုံးလုပ်နည်းများဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်မည်။

၃ မက်ခရိုစီးပွားရေးတည်ငြိမ်မှု၊ တရားဥပဒေစိုးမိုးမှု၊ အငြင်းပွားမှုများအတွက် ယုံကြည်ကိုးစားရသော ဖြေရှင်းရေးလုပ်ထုံးလုပ်နည်းများ၊ အခြေခံစီးပွားရေးအဆောက်အအုံကောင်းမွန်စွာလည်ပတ်ဆောင်ရွက်နိုင်မည့် ယုံကြည်စိတ်ချရသည့် ဘဏ္ဍာရေးစနစ်တို့ဖြင့် ရင်းနှီးမြှုပ်နှံသူများအတွက် အထောက်အပံ့ဖြစ်စေရန် ဆောင်ရွက်မည်။

၄ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့်အားလျော်စွာ နိုင်ငံတော်အစိုးရသည် -

(က) နိုင်ငံခြားနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများအကြား ခွဲခြားဆက်ဆံမှုမရှိသော ကြိုတင်ခန့်မှန်းသိမြင်နိုင်သည့် ထိန်းကျောင်းကြပ်မတ်မှုဝန်းကျင်တစ်ရပ်ကို ထူထောင်မည်။

(ခ) စီးပွားရေးလုပ်ငန်းများကို အငြင်းပွားဖွယ်သိမ်းယူခြင်းမှ ကာကွယ်ပေးမည်။

(ဂ) အခွန်အကောက်များနှင့် အခြားပေးဆောင်ရန်ရှိသည်များကို ပေးဆောင်ပြီးနောက်ရရှိသည့် အကျိုးအမြတ်များအပြင် ဥပဒေနှင့်အညီ ပေးချေရမည့်ကိစ္စများ ပြန်လည်လွှဲပြောင်းခွင့်များကို ကာကွယ်ပေးမည်။

(ဃ) အတည်ပြုထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် ကာလရှည်မြေငှားရမ်းခွင့်ရရှိရေးဥပဒေနှင့်အညီ ဆောင်ရွက်ပေးမည်။

၅ ပြည်တွင်းနှင့်နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်ဆိုင်ရာကိစ္စများအပါအဝင် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာကျင့်ထုံးများကို ခွဲခြားမှုမရှိဘဲ တစ်ပြေးညီအစဉ်လိုက်နာရမည်။

၆ နိုင်ငံတော်လုံခြုံရေးဆိုင်ရာ ယဉ်ကျေးမှုနှင့်လူမှုရေးဆိုင်ရာ နယ်ပယ်များနှင့်ဆက်နွယ်သည့် အချို့သော စီးပွားရေးလုပ်ငန်းများကို နိုင်ငံခြားသားများအား လုပ်ဆောင်ခွင့်မပြုပါ။ အဆိုပါခွင့်ပြုနိုင်ခြင်းမရှိသည့် လုပ်ငန်းများကို ပွင့်လင်းမြင်သာစွာ ထုတ်ပြန်မည်။

၇ အောက်ဖော်ပြပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ကြိုဆိုအားပေးမည် -

(က) ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာထုတ်လုပ်မှုကွင်းဆက်တွင် ချိတ်ဆက်ထားသည့် ကုန်ထုတ်လုပ်မှုမြှင့်တင်နိုင်သော တန်ဖိုးမြှင့်လယ်ယာထုတ်ကုန်များ ထုတ်လုပ်နိုင်သောလုပ်ငန်းများ၊

(ခ) နည်းပညာလွှဲပြောင်းနိုင်မှုနှင့် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများအပေါ် အကျိုးဖြစ်ထွန်းမှုရရှိစေမည့် လုပ်ငန်းများ၊

(ဂ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအား ဖွံ့ဖြိုးတိုးတက်စေနိုင်မည့်လုပ်ငန်းများ၊

(ဃ) အခြေခံစီးပွားရေးအဆောက်အအုံများအား လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေနိုင်မည့်လုပ်ငန်းများ၊

(င) အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်ပြီး၊ ကျွမ်းကျင်မှုမြင့်မားတိုးပွားရေးအတွက် အထောက်အကူပြုသော အသက်မွေးဝမ်းကျောင်းပညာများ လေ့ကျင့်သင်ကြားပေးနိုင်သည့် လုပ်ငန်းများ၊

(စ) စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျအားနည်းသောဒေသများတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်မည့်လုပ်ငန်းများ၊

(ဆ) စက်မှုမြို့များနှင့် အထူးစီးပွားရေးလုပ်ငန်းများ စုဖွဲ့ဆောင်ရွက်နိုင်မည့်လုပ်ငန်းများ၊

(ဇ) ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ။

## ၄.၃ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဥပဒေမူဘောင်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၈ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ထုံးလုပ်နည်းများလွယ်ကူချောမွေ့စေရန်၊ ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရန်နှင့် ရင်းနှီးမြှုပ်နှံသူများအတွက် စီးပွားရေးကဏ္ဍများ ပိုမိုများပြားလာစေရန်အတွက် မြန်မာနိုင်ငံအား ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပေါင်းစပ်ပယ်ဖျက်ပြီး ဤဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။[25]

ဤဥပဒေအရ ရင်းနှီးမြှုပ်နှံမှုခွင့်ပြုမိန့်ရယူရန် လိုအပ်သည့် လုပ်ငန်းအမျိုးအစားစာရင်းအား ထုတ်ပြန်ထားရှိပြီး အဆိုပါလုပ်ငန်းတွင်ပါဝင်ပါက MIC ခွင့်ပြုမိန့်ရယူရန်လိုအပ်သည့် လုပ်ငန်းအမျိုးအစားများစာရင်းတွင် မပါဝင်သော်လည်း ကင်းလွတ်ခွင့်၊ သက်သာခွင့်များအား ရယူလိုပါက ရင်းနှီးမြှုပ်နှံမှုအတည်ပြုမိန့်အား MIC သို့မဟုတ် တိုင်းဒေသကြီးနှင့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီထံမှ ရယူရန်လိုအပ်သည်။ ဒေါ်လာ ၅ သန်း အောက်ရှိသည့် ရင်းနှီးမြှုပ်နှံမှုစီးပွားရေးလုပ်ငန်းများကို ပြည်နယ်နှင့်တိုင်းဒေသကြီးကော်မတီများအား ဆုံးဖြတ်ခွင့်ပေးထားသည်။ ထို့အပြင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်မည့်ကဏ္ဍများကို ရှင်းလင်းဖော်ပြထားပြီး ဖွံ့ဖြိုးမှုနောက်ကျသည့်ဒေသများတွင် ရင်းနှီးမြှုပ်နှံမှုစီးပွားရေးလုပ်ငန်းအတွက် အကောက်ခွန်ကင်းလွတ်ခွင့်များကို အချိန်ကာလ ပိုမိုပေးအပ်ထားသည်။[26]

မြန်မာနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များအနက်-

၁ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အဓိကတာဝန်ရှိသည့် ရုံးဌာနအဖြစ်ဆောင်ရွက်ခြင်း
၂ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသူများအတွက် ပေါင်းစပ်ညှိနှိုင်းကူညီဆောင်ရွက်ပေးခြင်း
၃ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒများကို အကြံပြုခြင်း
၄ ကင်းလွတ်ခွင့်၊ သက်သာခွင့်များနှင့် ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစားများကို ပြန်လည်သုံးသပ်ခြင်းနှင့် သုံးသပ်တွေ့ရှိချက်အား အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း
၅ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးခြင်း
၆ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အငြင်းပွားမှုများအား စနစ်တကျစိစစ်ခြင်းနှင့် နစ်နာဆုံးရှုံးမှုများကို ဖြေရှင်းခြင်း စသည့်အချက်များလည်း ပါဝင်သည်။

မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအဆိုပြုချက်များကို စိစစ်အတည်ပြုခွင့်ပြုပေးရန် လုပ်ပိုင်ခွင့်အခွင့်အာဏာရှိသည်။ ကော်မရှင်သည် အခါအားလျော်စွာ ကဏ္ဍအလိုက်တိုးတက်မှုများနှင့်စပ်လျဉ်း၍ အမိန့်ကြော်ငြာစာများ ထုတ်ပြန်နိုင်သည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ မြန်မာနိုင်ငံအစိုးရသည် ရင်းနှီးမြှုပ်နှံသူများအပေါ် အခွင့်အရေးများ၊ အကာအကွယ်ပေးမှုများ၊ အာမခံချက်ပေးအပ်ထားသည်။ ရင်းနှီးမြှုပ်နှံသူများကို ပေးအပ်ထားသည့် တချို့သောအခွင့်အရေးများမှာ —

- နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအပေါ် ပေးအပ်ထားသည့် ဆက်ဆံဆောင်ရွက်မှုနှင့် အထူးအခွင့်အရေးပေးထားသည့်နိုင်ငံ
- ရင်းနှီးမြှုပ်နှံသူများအား မျှတသည့် ဆက်ဆံဆောင်ရွက်မှု
- မြေအသုံးပြုခွင့်
- နိုင်ငံခြားသားကျွမ်းကျင်ပညာရှင်များကို ငှားရမ်းခန့်ထားခွင့်
- ရင်းနှီးမြှုပ်နှံမှုကို အာမခံခြင်း
- ဘဏ္ဍာငွေများလွှဲပြောင်းခြင်း စသည်တို့ပါဝင်သည်။

ရင်းနှီးမြှုပ်နှံသူများအပေါ် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားပမာဏအပေါ်မူတည်၍ ကနဦးမြေငှားရမ်းခွင့် နှစ် ၅၀ ငှားယူပိုင်ခွင့်ပေးအပ်ထားသည်။[27] ထို့အပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရင်းနှီးမြှုပ်နှံမှု၏အဆိုပြုချက်အပေါ် မူတည်၍ နောက်ထပ် ၁၀ နှစ်အထိ မြေငှားရမ်းခွင့်ကာလကို တိုးမြှင့်ခွင့်ပြုပေးနိုင်သည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေက ရင်းနှီးမြှုပ်နှံသူများအပေါ် နိုင်ငံခြားငွေကြေးလွှဲပြောင်းခွင့်ကိုလည်း ပေးအပ်ထားသည်။ ဤဥပဒေပုဒ်မ ၅၆ အရ ရင်းနှီးမြှုပ်နှံသူများသည် ဤဥပဒေအရ ခွင့်ပြုပေးသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့်စပ်လျဉ်း၍ အောက်ပါဘဏ္ဍာငွေကြေးများကို နိုင်ငံခြားတိုင်းပြည်များသို့ လွှဲပြောင်းခြင်းကို ခွင့်ပြုထားသည်။[28]

- မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချမှတ်ထားသည့် မတည်ရင်းနှီးငွေစာရင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ချမှတ်ထားသည့် မတည်ရင်းနှီးငွေများ၊

25 DICA (2018), "Myanmar Investment Promotion Plan"
26 Ibid
27 Ibid
28 Ibid

- ဤဥပဒေအရ ရင်းနှီးမြှုပ်နှံမှုမှ ထွက်ပေါ်လာသော အကျိုးအမြတ်များ၊ အခြားပစ္စည်းမှ အမြတ်အစွန်းများ၊ အစုပေါ်အမြတ်များ၊ ခိုင်းကြေးများ၊ မူပိုင်ခများ၊ လိုင်စင်ကြေးများ၊ နည်းပညာအကူအညီထောက်ပံ့မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အခကြေးငွေများ၊ အစုရှယ်ယာနှင့် အခြားလက်ရှိဝင်ငွေများ၊
- ရင်းနှီးမြှုပ်နှံမှုတစ်ခု၏ စုစုပေါင်းရောင်းချမှု သို့မဟုတ် တစ်စိတ်တစ်ပိုင်း ရောင်းချမှု သို့မဟုတ် လုပ်ငန်း တစ်ခုခု သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်စပ်သည့် ပိုင်ဆိုင်မှုစာရင်းရှင်းလင်းဖျက်သိမ်းခြင်းတို့မှ ထွက်ပေါ်လာသည့် အမြတ်အစွန်းများ၊
- ချေးငွေသဘောတူစာချုပ် အပါအဝင် ပဋိညာဉ်စာချုပ်အရ ပေးချေရမည့်ငွေများ
- ရင်းနှီးမြှုပ်နှံမှု အငြင်းပွားမှုဖြေရှင်းခြင်းမှ ထွက်ပေါ်လာသည့် ပေးချေငွေများ
- ရင်းနှီးမြှုပ်နှံမှု သို့မဟုတ် ပစ္စည်းသိမ်းယူခြင်းတို့မှ လျော်ကြေးအဖြစ် ရရှိသည့်ငွေကြေးများ၊ အခြား လျော်ကြေးငွေများ၊
- နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ ခန့်အပ်ထားသည့် နိုင်ငံခြားသားကျွမ်းကျင်သူဝန်ထမ်းများ၏လုပ်ခ လစာနှုန်းဝင်ငွေ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း ၁၄၊ ပုဒ်မ ၅၂ အရ အစိုးရအဖွဲ့သည် အောက်ဖော်ပြအခြေအနေများနှင့်အညီ ဆောင်ရွက်ခြင်းမှအပ ရင်းနှီးမြှုပ်နှံမှုကို သိမ်းယူခြင်းကိုဖြစ်စေ၊ သွယ်ဝိုက်သိမ်းယူခြင်းကိုဖြစ်စေ၊ ရပ်ဆိုင်းစေခြင်း သဘောသက်ရောက်သော ဆောင်ရွက်မှုများကိုဖြစ်စေ မပြုလုပ်ဟုအာမခံသည်။

- နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးအတွက် အမှန်တကယ်လိုအပ်ခြင်း
- ခွဲခြားမှုမရှိဘဲ ဆောင်ရွက်ခြင်း
- တည်ဆဲဥပဒေနှင့်အညီဆောင်ရွက်ခြင်း
- သိမ်းယူသည့် ရင်းနှီးမြှုပ်နှံမှုအား မျှတ၍ ပြည့်စုံလုံလောက်သော လျော်ကြေးကို မြန်ဆန်စွာပေးခြင်း

စသည့်အခြေအနေတို့ပါဝင်သည်။ ၎င်းအာမခံချက်အပြင် ဤရင်းနှီးမြှုပ်နှံမှုဆိုင်ရာဥပဒေနှင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့် တာဝန်နှင့်ဝတ္တရားများကိုလည်း ပြဌာန်းထားသည်။[29]

## ၄.၄ မြန်မာနိုင်ငံရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan – MSDP) ကို ထုတ်ပြန်ခဲ့သည်။ ဤစီမံကိန်း၏အဓိကရည်ရွယ်ချက်မှာ လက်ရှိမြန်မာနိုင်ငံရှိအမျိုးမျိုးသောမူဝါဒများ၊ အဖွဲ့အစည်းများကို အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းတစ်ခုအောက်တွင် သဟဇာတဖြစ်စေရန် ပေါင်းစည်း၍ တိုင်းပြည်အတွက် စစ်မှန်သည့်ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကျဉ်းနိုင်ရန်ဖြစ်သည်။[30]

MSDP သည် တစ်ခုတည်းသော အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းဖြစ်ပြီး၊ ပြည်နယ်များနှင့်တိုင်းဒေသကြီး အစိုးရဝန်ကြီးဌာနများကြား ဘက်စုံပူးပေါင်းဆောင်ရွက်မှု မူဘောင်တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံ၏ ရေရှည်မျှော်မှန်းချက်ဖြစ်သည့် ငြိမ်းချမ်းပြီးသာယာဝပြောသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတစ်ခုကို ဖော်ဆောင်ရာ မူဘောင်တစ်ခုဖြစ်သည်။ ဤစီမံကိန်းတွင် ဦးတည်ချက်ပန်းတိုင် ၅ ခု၊ မဟာဗျူဟာ၂၈ ခုဖြင့် လုပ်ငန်းအစီအစဉ် ၂၃၈ ခု ပါဝင်သည်။ ဤစီမံကိန်းသည် ကုလသမဂ္ဂ၏ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဦးတည်ချက်ပန်းတိုင်များနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒ ၁၂ ချက်နှင့်လည်း ကိုက်ညီမှုရှိသည်။

ဤစီမံကိန်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ အကိုးအကားအများအပြားပါဝင်သည်။ အဓိကအားဖြင့် ဦးတည်ချက်ပန်းတိုင် ၃ ရှိ “**အလုပ်အကိုင်ဖန်တီးခြင်းနှင့်ပုဂ္ဂလိကကဏ္ဍဦးဆောင်သည့်ဖွံ့ဖြိုးရေး**” အောက်တွင် အများအပြား ပါဝင်သည်။ အထူးသဖြင့် မဟာဗျူဟာ ၃.၃ တွင် စီးပွားရေးလုပ်ကိုင်ရာတွင် ကုန်ကျစရိတ်သက်သာသော ရင်းနှီးမြှုပ်နှံသူ၏ ယုံကြည်မှုကို မြှင့်တင်ပေးသော စွမ်းဆောင်ရည်မြင့်မားသော အာမခံချက်ရှိပြီး လုပ်သာကိုင်သာ ရှိသည့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တစ်ရပ် ပေါ်ပေါက်ရေးအတွက် လုပ်ဆောင်မည့်လုပ်ငန်းစဉ်များကို ဖော်ပြထားသည်။

ရခိုင်ပြည်နယ်နှင့်စပ်လျဉ်း၍ မဟာဗျူဟာ ၁.၂.၈ သည် ဖွံ့ဖြိုးတိုးတက်ရေးအကူအညီများနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဦးစားပေးဖော်ပြထားပြီး၊ မဟာဗျူဟာ ၁.၂.၆ သည် ရခိုင်အကြံပေးကော်မရှင်၏ အကြံပြုချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်ရေးဆွဲထားသည်။

---

29 Ibid

30 Myanmar Times, “Myanmar Sustainable Development Plan drafted, govt feedback sought”, May 16,2018. URL: https://www.mmtimes.com/news/myanmar-sustainable-development-plan-drafted-govt-feedback-sought.html

# ၅ ရခိုင်ပြည်နယ်အားခြုံငုံတင်ပြမှု

## ၅.၁ ရခိုင်ပြည်နယ်အကြောင်းအကျဉ်းချုပ်

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအနောက်ကျဆုံးပြည်နယ်ဒေသတစ်ခုဖြစ်သည်။ အရှေ့ဘက်တွင် မကွေး၊ ပဲခူးတိုင်း၊ တောင်ဘက်တွင် ဧရာဝတီတိုင်းနှင့်ဘင်္ဂလားပင်လယ်အော်၊ အနောက်မြောက်နှင့် မြောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ချင်းပြည်နယ်တို့နှင့် ထိစပ်လျက်ရှိသည်။ စုစုပေါင်းဧရိယာအကျယ်အဝန်း ၃၆,၇၇၈ စတုရန်းကီလိုမီတာရှိပြီး မြို့နယ်ပေါင်း ၁၇ မြို့နယ်ရှိသည်။ စစ်တွေမြို့သည် ရခိုင်ပြည်နယ်၏မြို့တော်ဖြစ်သည်။


ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ အတွက် အရေးပါသော စီးပွားရေးစကြံ တစ်ခုဖြစ်သည်။

၃၆၀ မိုင်ရှည်လျားပြီး မဟာဗျူဟာ မြောက်ကမ်းရိုးတန်း တစ်ခုပိုင်ဆိုင်ထားသည့် ပြည်နယ်ဖြစ်သည်။

စုစုပေါင်းလူဦးရေမှာ ၃.၂၂ သန်းခန့်ရှိပြီး လူဦးရေသိပ်သည်းခြင်း အနေဖြင့် ၁ စတုရန်းကီလိုမီတာတွင် ၈၈ ဦး နေထိုင်သည်။ စုစုပေါင်းလူဦးရေ၏ ၈၄% သည် ကျေးလက်ဒေသတွင် နေထိုင်ကြပြီး၊ ၁၆% သာ မြို့ပေါ်တွင်နေထိုင်ကြသည်။ လူဦးရေ၏ ၇၀% သည် လယ်ယာကဏ္ဍနှင့်ဆက်စပ်သည့် လုပ်ငန်းများဖြင့် အသက်မွေးကြပြီး၊ ငါးဖမ်းလုပ်ငန်းသည် ရခိုင်ပြည်နယ်၏ ဒုတိယအကြီးဆုံး စီးပွားရေးကဏ္ဍဖြစ်သည်။ ရခိုင်ပြည်နယ်၏ ကမ်းရိုးတန်း သည် ၃၆၀ မိုင်ရှည်လျားပြီး၊ အိန္ဒိယသမုဒ္ဒရာ၏မဟာဗျူဟာမြောက် ကမ်းရိုးတန်းတစ်ခုဖြစ်သည်။

ရခိုင်ပြည်နယ်သည် သဘာဝသယံဇာတများပြည့်စုံပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက်များ၊ ပင်လယ်သယံဇာတများအပြင် ရေနက်ဆိပ်ကမ်းများရှိသည့် ပင်လယ်ကမ်းရိုးတန်းဒေသဖြစ်သောကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အလားအလာကောင်းများရှိသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။ တောင်အာရှနိုင်ငံများ[31]နှင့်အရှေ့တောင်အာရှနိုင်ငံများသို့ချိတ်ဆက်ပေးသည့် ထူးခြားသောဝိသေသရှိသည့် ပင်လယ်ကမ်းရိုးပင်လယ်ကမ်းရိုးတန်းပြည်နယ်တစ်ခုဖြစ်ပါသည်။ ၎င်းအပြင် ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံအတွက် နိုင်ငံရေးနှင့် စီးပွားရေး၊ စီးပွားရေးစင်္ကြံအဖြစ် ဒေသတွင်းနိုင်ငံများ၊ အာဖရိကနိုင်ငံများ၊ အိန္ဒိယတို့နှင့် ဆက်စပ်ပေးနိုင်သည့် ပြည်နယ်တစ်ခုဖြစ်သည်။ ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏အလယ်ပိုင်းဒေသနှင့်ရခိုင်ရိုးမတောင်တန်းကြီးဖြင့် ခြားထားသော်လည်း မြန်မာ့စီးပွားရေးအတွက် အလွန်အရေးကြီးသည့်ပြည်နယ်တစ်ခုဖြစ်ပါသည်။

ပုံ ၄၊
**ရခိုင်ပြည်နယ်၏ တည်နေရာ**




## ၅.၂ ရခိုင်ပြည်နယ်အား နယ်မြေပိုင်းခြားမှု

ရခိုင်ပြည်နယ်တွင် ခရိုင် ၅ ခုရှိပြီး စုစုပေါင်းမြို့နယ် ၁၇ မြို့နယ်နှင့် မြို့ ၇ မြို့တို့ပါဝင်သည်။ မြို့နယ်နှင့်မြို့များတွင် စုစုပေါင်း ရပ်ကွက် ၁၇၀ နှင့် ကျေးရွာအုပ်စုပေါင်း ၁,၀၃၅ ပါဝင်သည်။ ထိုကျေးရွာအုပ်စုများတွင် ကျေးရွာစုစုပေါင်း ၃၇၃၈ ရွာပါဝင်သည်။ စစ်တွေမြို့သည် ရခိုင်ပြည်နယ်၏မြို့တော်ဖြစ်သည်။

31 South Asian countries include India, Bhutan, Nepal, Pakistan, Bangladesh, Sri Lanka and Maldives.

ဇယား ၈၊ **ခရိုင် ၅ ခုအတွင်းရှိလူဦးရေများ**[32]


| စဉ် | ခရိုင် | မြို့နယ် | မြို့ | ကျေးရွာအုပ်စု | ကျေးရွာ | လူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | စစ်တွေ | ၄ | - | ၂၆၀ | ၆၅၄ | ၅၃၅,၅၈၃ | ခန့်မှန်းလူဦးရေမပါ။ |
| ၂ | မြောက်ဦး | ၄ | ၁ | ၂၈၇ | ၉၃၃ | ၆၆၉,၁၃၁ | |
| ၃ | မောင်တော | ၂ | ၃ | ၁၇၄ | ၇၀၄ | ၉၆,၃၃၀ | |
| ၄ | ကျောက်ဖြူ | ၄ | ၂ | ၁၇၀ | ၈၄၀ | ၄၃၉,၉၂၃ | |
| ၅ | သံတွဲ | ၃ | ၃ | ၁၄၄ | ၆၀၇ | ၃၅၇,၈၄၀ | |

## ၅.၃ လူဦးရေဆိုင်ရာအချက်အလက်များ


မြန်မာနိုင်ငံရှိ တခြားသောတိုင်းဒေသကြီးများနှင့် ပြည်နယ်များကဲ့သို့ ရခိုင်ပြည်နယ်တွင် တိုင်းရင်းသားမျိုးနွယ်စုများ နေထိုင်သည့် ဒေသတစ်ခုဖြစ်သည်။ ရခိုင်လူမျိုးများသည် ပြည်နယ်လူဦးရေ၏ အများစုဖြစ်ပြီး သက်၊ ခမီ၊ မြို၊ ဒိုင်းနက်၊ မရာမာကြီးနှင့် ကမန်တိုင်းရင်းသားမျိုးနွယ်စုများရှိကြသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် မူဆလင်ဘာသာဝင်များလည်းရှိသည်။

၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံလူဦးရေသန်းခေါင်စာရင်းအရ ရခိုင်ပြည်နယ်၏ စုစုပေါင်းလူဦးရေမှာ ၃,၁၈၈,၈၀၇ ဦး ဖြစ်သည်။ အမျိုးသားလူဦးရေမှာ ၁,၅၂၆,၄၀၂ ဦး (၄၇.၈၇%) ဖြစ်ပြီး အမျိုးသမီးဦးရေ မှာ ၁,၆၆၂,၄၀၅ ဦး (၅၂.၁၃%) ဖြစ်ပါသည်။ ရခိုင်ပြည်နယ်၏စုစုပေါင်းလူဦးရေသည် မြန်မာနိုင်ငံလူဦးရေ၏ ၆.၂% ရှိသည်။[33] ၂၀၁၄ ခုနှစ်တွင် ကောက်ယူသောသန်းခေါင်စာရင်းအရ ရခိုင်ပြည်နယ်၏ လူဦးရေတိုးနှုန်းမှာ ၁၉၈၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ် ကာလအတွင်း ၅.၈% မှ ၆.၂% အထိတိုးမြင့်လာခဲ့သည်။

ပုံ ၅၊ **နယ်မြေပိုင်းခြားမှုများ**




ပုံ ၆၊ **ရခိုင်ပြည်နယ်အတွင်းခရိုင်များ** [34]




၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သည့်သန်းခေါင်စာရင်းအရ စုစုပေါင်းအိမ်ထောင်စု၏ ၂၃.၂% သည် အမျိုးသမီးဦးစီးသည့်အိမ်ထောင်စုများဖြစ်သည်။ ရခိုင်ပြည်နယ်၏အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက်ပိုများပြီး၊ အမျိုးသား-အမျိုးသမီးအချိုးမှာ အမျိုးသမီး ၁၀၀ တွင် အမျိုးသားဦးရေမှာ ၉၂ ဦး ဖြစ်ပါသည်။ ဤအမျိုးသား-အမျိုးသမီးဦးရေအချိုးအစားသည် ပြည်ထောင်စုတစ်ခုလုံး၏ အမျိုးသား-အမျိုးသမီးဦးရေ အချိုးအစားထက် အနည်းငယ်လျော့နည်းသည်။

32 The 2014 Myanmar Population and Housing Census, Census Report Vol.3-K
33 Ibid.
34 Ibid.

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ စုစုပေါင်းပြည်နယ်လူဦးရေ၏ ၆၂.၂% သည် **"စီးပွားရေးလုပ်ငန်းခွင်ဝင်ရောက်နိုင်သည့်အသက်အရွယ်"** အုပ်စုဖြစ်ပြီး လူဦးရေ၏ ၆.၇% သည် အသက် ၆၅ နှစ်အထက်တွင်ရှိသည်။ ပြည်နယ်၏ အသက် ၁၅ နှစ်အထက် စာတတ်မြောက်မှုနှုန်းမှာ ၈၄.၇% ရှိပြီး၊ အမျိုးသားစာတတ်မြောက်မှု ရာခိုင်နှုန်းမှာ အမျိုးသမီးဦးရေစာတတ်မြောက်မှုရာခိုင်နှုန်းထက် ပိုများသည်။ စာတတ်မြောက်နှုန်းမှာ အမျိုးသား ၉၂.၂% နှင့် အမျိုးသမီး ၇၈.၇% ဖြစ်ကြသည်။

ဇယား ၉၊ **ရခိုင်ပြည်နယ်၏လူဦးရေဆိုင်ရာအချက်အလက်များ**

| လူဦးရေစုစုပေါင်း | ၃,၁၈၈,၈၀၇ | ၁၀၀.၀၀% |
|---|---|---|
| ■ ကျား | ၁,၅၂၆,၄၀၂ | ၄၇.၈၇% |
| ■ မ | ၁,၆၆၂,၄၀၅ | ၅၂.၁၃% |
| မြို့ပြလူဦးရေ၏ % | | ၁၇.၀% |
| ကျေးလက်လူဦးရေ၏% | | ၈၃.၀% |
| လူဦးရေသိပ်သည်းမှု | ၈၆.၇ | ၁ စတုရန်းကီလိုမီတာ |
| ကျား-မ အချိုးနှုန်း | ကျား ▶ ၉၂ | မ ▶ ၁၀၀ |
| စာတတ်မြောက်နှုန်း (၁၅ နှစ်နှင့်အထက်) | | |
| ■ ကျား | | ၉၂.၂% |
| ■ မ | | ၇၈.၇% |
| ■ စုစုပေါင်း | | ၈၄.၇% |
| ကလေးများ (၀ – ၁၄) | | ၃၁.၁% |
| ထုတ်လုပ်နိုင်သည့်အရွယ် (၁၅ – ၆၄) | | ၆၂.၂% |
| သက်ကြီးလူဦးရေ (၆၅ နှစ်အထက်) | | ၆.၇% |

| လုပ်အားပါဝင်မှု | ကျား | မ | ကျား-မ |
|---|---|---|---|
| ■ အသက် ၁၀ နှစ် နှင့်အထက် | ၆၈.၃% | ၃၁.၇% | ၄၈.၇% |
| ■ အသက် ၁၅ နှစ် နှင့်အထက် | ၇၉.၃% | ၃၅.၄% | ၅၅.၄% |
| ■ အသက် ၁၅-၆၄ | ၈၃.၂% | ၃၈.၁% | ၅၈.၈% |
| အလုပ်လုပ်သူ-လူဦးရေအချိုးအစား | ကျား | မ | ကျား-မ |
| ■ အသက် ၁၀ နှစ် နှင့်အထက် | ၆၁.၈% | ၂၇.၅% | ၄၃.၄% |
| ■ အသက် ၁၅ နှစ် နှင့်အထက် | ၇၂.၄% | ၃၁.၀% | ၄၉.၈% |
| ■ အသက် ၁၅-၆၄ | ၇၅.၆% | ၃၃.၂% | ၅၂.၆% |
| Unemployment rate | ကျား | မ | ကျား-မ |
| ■ အသက် ၁၀ နှစ် နှင့်အထက် | ၉.၅% | ၁၃.၅% | ၁၀.၉% |
| ■ အသက် ၁၅ နှစ် နှင့်အထက် | ၈.၈% | ၁၂.၅% | ၁၀.၁% |
| ■ အသက် ၁၅-၆၄ | ၉.၁% | ၁၂.၈% | ၁၀.၄% |


## ၅.၃.၁ လူဦးရေသိပ်သည်းမှု


မြန်မာနိုင်ငံရှိ ပြည်နယ်များအနက် ရခိုင်ပြည်နယ်သည် ရှမ်းပြည်နယ်ပြီးလျှင် ဒုတိယမြောက်လူဦးရေသိပ်သည်းဆုံးပြည်နယ်ဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းအရ ရခိုင်ပြည်နယ်၏လူဦးရေသိပ်သည်းမှုသည် ၁ စတုရန်းကီလိုမီတာတွင် ၈၆.၇ ဦးဖြစ်ပါသည်။[35] မြန်မာနိုင်ငံ၏တိုင်းဒေသကြီးများနှင့်ပြည်နယ်များအနက် ၈ ခုမြောက် လူဦးရေအထူထပ်ဆုံး ပြည်နယ်ဖြစ်သည်။ ပြည်ထောင်စုတစ်ခုလုံး၏ လူဦးရေသိပ်သည်းဆဖြစ်သည့် ၁ စတုရန်းကီလိုမီတာတွင် ၇၆ ဦးထက် သိသိသာသာပိုများသည်။[36] ၁၉၇၃ ခုနှစ်တွင် ပြည်နယ်၏ လူဦးရေသိပ်သည်းမှုမှာ ၁ စတုရန်းကီလိုမီတာတွင် ၄၇ ဦးရှိပြီး၊ ၂၀၁၄ ခုနှစ်တွင် ၁ စတုရန်းကီလိုမီတာတွင် ၈၆.၇ ဦးအထိ လူဦးရေသိပ်သည်းဆများပြားလာခဲ့သည်။

ရခိုင်ပြည်နယ်၏ ခရိုင် ၅ ခုအနက် မောင်တောခရိုင်သည် လူဦးရေအထူထပ်ဆုံးခရိုင်ဖြစ်သည်။[37] ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးပြီးလျှင် ရခိုင်ပြည်နယ်သည် တတိယမြောက်ကျေးလက်ဒေသတွင် နေထိုင်သည့် လူဦးရေအများဆုံးရှိသည့် ပြည်နယ်ဖြစ်သည်။ လူဦးရေ၏ ၈၃% မှာ ကျေးလက်နေသူများဖြစ်ပြီး ၁၇% မှာမြို့ပြတွင် နေထိုင်ကြသည်။

35 Ibid.
36 Ibid
37 General Administration Department, Rakhine State

### ၅.၃.၂ မြန်မာနိုင်ငံနှင့်ရခိုင်ပြည်နယ်တို့၏လူဦးရေပိရမစ်များ[38] ပုံ - ၇၊




**မြန်မာနိုင်ငံ၏လူဦးရေပြပိရမစ်ပုံ** **ရခိုင်ပြည်နယ်၏လူဦးရေပြပိရမစ်ပုံ**

အခြားသောတိုင်းဒေသကြီးများနှင့် ပြည်နယ်များကဲ့သို့ ရခိုင်ပြည်နယ်၏ လူဦးရေပိရမစ်မှာ အခြေတွင်ကျဉ်းမြောင်းသည်ကိုတွေ့ရသည်။ ဤပုံအရ လူဦးရေမွေးဖွားနှုန်းမှာ ကျဆင်းနေသည်ကိုဖော်ပြပြီး၊ အသက် ၅ နှစ်မှ ၁၉ နှစ် အသက်အပိုင်းအခြားပါဝင်မှုပုံစံမှာ ဖောင်းကားပုံစံရှိသည်။[39] အသက် ၂၀ နှင့်အထက် လူဦးရေမှာ ကျဆင်းနေသည်ကို ဖော်ပြလျက်ရှိပါသည်။ ဤကဲ့သို့ လူဦးရေကျဆင်းမှုသည် ပြည်နယ်ပြင်ပသို့ ပြောင်းရွှေ့မှုများပြားခြင်းနှင့် ဆက်စပ်မှုရှိနိုင်သည်။

## ၅.၄ စီးပွားရေး

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ဘက်အကျဆုံးပြည်နယ်တစ်ခုဖြစ်ပြီး၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့်ကမ္ဘာ့ဈေးကွက်များနှင့်အလွယ်တကူချိတ်ဆက်ပေးနိုင်သည့် ဘင်္ဂလားပင်လယ်အော်တွင် တည်ရှိသည်။ မဟာဗျူဟာကျသောဒေသတစ်ခုဖြစ်ပြီး၊ မြန်မာနိုင်ငံ၏ အကြီးမားဆုံးစီမံကိန်း ၂ ခုဖြစ်သည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ကုလားတန်မြစ်ကြောင်းဘက်စုံသယ်ယူပို့ဆောင်ရေးစီမံကိန်းရှိနေသည့် ပြည်နယ်တစ်ခုဖြစ်သောကြောင့် ရခိုင်ပြည်နယ်သည် နိုင်ငံတကာကုန်သွယ်မှုကွန်ရက်နှင့် ချိတ်ဆက်ရန် အခြားဒေသများထက် ထူးခြားချက်၊ အားသာချက်များရှိနေသည့် ပြည်နယ်တစ်ခုဖြစ်သည်။ ထို့အပြင် ပြည်နယ်၏တစ်နံတစ်လျားတွင် ရာသီမရွေးသွားလာနိုင်သည့် မြစ်ချောင်းကွန်ရက်များရှိနေခြင်းသည် ပြည်နယ်တွင်းဆိပ်ကမ်းမြို့များနှင့်အခြားဒေသများအား လွယ်လင့်တကူ ချိတ်ဆက်ရန် သဘာဝလက်ဆောင်ကောင်းတစ်ခုဖြစ်သည်။

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ပထဝီအနေအထားအရအလယ်ဗဟိုချက်တွင် မရှိသော်လည်း မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးကြီးသည့်အချက်အချာကျသည့် အခန်းကဏ္ဍတွင်ရှိသည်။ သဘာဝအရင်းအမြစ်များဖြစ်သည့် ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက်များရှိခြင်း၊ အပန်းဖြေအနားယူနိုင်သည့်နေရာကောင်းများရှိခြင်း၊ ကမ်းခြေများနှင့် သမိုင်းအမွေအနှစ်နေရာများရှိခြင်းသည် ရခိုင်ပြည်နယ်နှင့် မြန်မာတစ်နိုင်ငံလုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အချက်အချာကျသည်။ တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုဖြင့် ဤကဲ့သို့စီးပွားရေးကဏ္ဍတွင် ရင်းနှီးလုပ်ကိုင်ပါက ရခိုင်ပြည်နယ်အတွင်း အကိုင်အခွင့်အလမ်းကောင်းများဖန်တီးနိုင်ပြီး ပိုမိုကောင်းမွန်သည့် လူနေမှုအဆင့်အတန်းသို့ ရောက်ရှိနိုင်မည်ဖြစ်သည်။

> **ရခိုင်ပြည်နယ်တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက်များရှိခြင်း၊ အပန်းဖြေအနားယူနိုင်သည့်နေရာကောင်းများရှိခြင်း၊ ကမ်းခြေများနှင့်သမိုင်းအမွေအနှစ် နေရာများရှိခြင်း စသည့် သဘာဝအလှ ပေါကြွယ်ဝပြီး စီးပွားရေးအလားအလာကောင်းများရှိသည်။**

လက်ရှိအနေအထားတွင် ရခိုင်ပြည်နယ်၏စီးပွားရေးသည် စိုက်ပျိုးရေးနှင့်ငါးဖမ်းလုပ်ငန်းများအပေါ်တွင် မှီခိုနေသည်။ စိုက်ပျိုးရေးကဏ္ဍတွင် စပါးကိုအဓိကထားစိုက်ပျိုးပြီး စုစုပေါင်းစိုက်ပျိုးမြေ၏ ၈၅% မှာ စပါးစိုက်ပျိုးသည့်မြေဖြစ်သည်။ ထို့အပြင် အုန်းသီးနှင့်ရေအုန်းစိုက်ပျိုးရေးလုပ်ငန်းသည် ပြည်နယ်စီးပွားရေး၏အဓိကကျသည့်လုပ်ငန်းများ ဖြစ်ကြသည်။ ငါးဖမ်းလုပ်ငန်းသည် အဓိကလုပ်ငန်းတစ်ခုဖြစ်ပြီး လက်ရှိကာလတွင် ဖမ်းဆီးရရှိသည့်ငါးများကို ရန်ကုန်သို့ အဓိကထားတင်ပို့သည်။


---
[38] Ibid
[39] Ibid

ဇယား ၁၀၊ **ရခိုင်ပြည်နယ်၏ ဂျီဒီပီတွင်ကဏ္ဍများရာခိုင်နှုန်းပါဝင်မှု**[40]

| အဓိကကဏ္ဍ | ကဏ္ဍများ | ကျပ်သန်း | % ပါဝင်မှု |
|---|---|---|---|
| လယ်ယာစိုက်ပျိုးရေး | လယ်ယာစိုက်ပျိုးရေး | ၂၈၄,၀၄၇.၅ | ၁၃.၄၇% |
| | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၂၄၉,၂၄၀.၂ | ၁၁.၈၂% |
| | သစ်တော | ၁,၆၂၃.၀ | ၀.၀၈% |
| စက်မှုလုပ်ငန်း | စွမ်းအင် | ၅,၅၃၅.၇ | ၀.၂၆% |
| | သတ္တုတူးဖော်ရေး | ၃,၅၀၇.၁ | ၀.၁၇% |
| | ကုန်ထုတ်လုပ်ရေး | ၂၃၆,၆၀၈.၇ | ၁၁.၂၂% |
| | လျှပ်စစ်စွမ်းအင် | ၁၄,၀၅၉.၄ | ၀.၆၇% |
| | ဆောက်လုပ်ရေး | ၂၀၀,၀၄၄.၁ | ၉.၄၈% |
| ဝန်ဆောင်မှုများ | သယ်ယူပို့ဆောင်ရေး | ၅၈၆,၆၆၇.၃ | ၂၇.၈၁% |
| | ဆက်သွယ်ရေး | ၆၂,၄၃၀.၄ | ၂.၉၆% |
| | ငွေကြေးဆိုင်ရာ | ၂,၄၃၀.၈ | ၀.၁၂% |
| | လူမှုရေးနှင့် စီမံခန့်ခွဲရေးဝန်ဆောင်မှုများ | ၄၇,၉၉၅.၅ | ၂.၂၈% |
| | ငှားရမ်းခြင်းနှင့် အခြားဝန်ဆောင်မှုများ | ၇၉,၀၃၈.၂ | ၃.၇၅% |
| | ကုန်သွယ်မှု | ၃၃၅,၉၇၃.၉ | ၁၅.၉၃% |
| | **ဂျီဒီပီ ▶** | **၂,၁၀၉,၂၀၁.၈** | **၁၀၀.၀၀%** |

၂၀၁၆-၂၀၁၇ ခုနှစ် ရခိုင်ပြည်နယ်အစိုးရ၏စာရင်းဇယားအရ ပြည်နယ်၏ဂျီဒီပီတွင် အဓိကပါဝင်သည့် စီးပွားရေးကဏ္ဍများမှာ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးရေး (၁၃.၄၇%) နှင့် မွေးမြူရေးနှင့်ရေလုပ်ငန်း (၁၁.၈၂%)၊ စက်မှုကဏ္ဍတွင် ကုန်ထုတ်လုပ်မှု (၁၁.၂၂%)၊ ဝန်ဆောင်မှုကဏ္ဍတွင် သယ်ယူပို့ဆောင်ရေး (၂၇.၈၁%) နှင့် ကုန်သွယ်ရေး (၁၅.၉၃%) တို့ဖြင့် အဓိကပါဝင်နေသည်။[41]


ပုံ ၈၊ **၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း ဂျီဒီပီတွင် အဓိကကဏ္ဍများ၏ရာခိုင်နှုန်းများပါဝင်မှုများ** [42]




40 General Administration Department, Rakhine State
41 Department of Planning (2015-2016), Rakhine State
42 Ibid

## ၅.၄.၁ ရခိုင်ပြည်နယ်အတွင်းအခြေခံအဆောက်အအုံများ

ရခိုင်ပြည်နယ်အတွင်း အခြေခံအဆောက်အအုံများအား တိုးတက်အောင်ပြုလုပ်ခြင်းသည် ၎င်း၏စီးပွားရေးထက်မြက်လာစေရန်နှင့် ပြည်နယ်တွင်းသို့ရင်းနှီးမြှုပ်နှံမှုများဆွဲဆောင်ရန်ဖြစ်သည်။ ရခိုင်ပြည်နယ်သည် မြောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်-မြန်မာနယ်နိမိတ် နတ်မြစ်မှ တောင်ဘက် ဂွမြစ်ထိကျယ်ပြန့်သည်။ မာန်အောင်၊ ရမ်းဗြဲ၊ မြေနကျွန်းများအပါအဝင် ကမ်းလွန်ကျွန်းများ အများအပြားရှိသည်။ မြောက်ဘက်မှ ဘင်္ဂလားပင်လယ်အော်ထဲသို့စီးဝင်သောမြစ်များမှာ နတ်၊ မေယု၊ ကုလားတန်နှင့်လေးမြို့မြစ်များဖြစ်ကြသည်။ ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်းနှင့်ခြားနေသော်လည်း ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလိုင်းတို့ဖြင့် ရောက်နိုင်သည်။




ပုံ ၉၊ **National Spatial Development Framework and Road Network Plan**[43]

### ၅.၄.၁.၁ သယ်ယူပို့ဆောင်ရေး

**၁။ အဝေးပြေးလမ်းများ**

ရခိုင်ပြည်နယ်နှင့်မြန်မာနိုင်ငံ၏တခြားသောမြို့များဆက်သွယ်သော အဝေးပြေးလမ်း ၃ လမ်းရှိသည်။ (၁) စစ်တွေ-အမ်း-မင်းဘူး-ရန်ကုန်လမ်း၊ (၂) တောင်ကုတ်-ပြည်-ရန်ကုန်လမ်း နှင့် (၃) ဂွ-ငါးသိုင်းချောင်း-ရန်ကုန်လမ်းတို့ ဖြစ်ကြသည်။

ဇယား ၁၁၊ **ရခိုင်ပြည်နယ်နှင့်တခြားသောတိုင်းဒေသကြီး၊ ပြည်နယ်များအတွင်းလမ်းကွန်ရက်အရှည်များ**[44]

| စဉ် | တိုင်း/ပြည်နယ် | ကွန်ကရိ | ကတ္တရာ | ကျောက် | ကျောက်စရစ် | မြေ | လား | စုစုပေါင်း (ကီလိုမီတာ) |
|---|---|---|---|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ၂၅.၃၄၇ | ၅၈၇.၈၂၀ | ၅၄၁.၉၄၇ | ၉၇၀.၇၃၇ | ၉၆၇.၄၁၇ | ၆၉၃.၄၂၆ | ၃,၇၈၆.၆၉၄ |
| ၂ | ကယားပြည်နယ် | - | ၄၇၂.၀၄၀ | ၆၀.၄၅၂ | ၉၉.၉၈၀ | ၃၂၉.၁၁၁ | - | ၉၆၁.၅၈၃ |
| ၃ | ကရင်ပြည်နယ် | - | ၈၃၁.၈၃၀ | ၈၇.၆၀၉ | ၁၇၆.၂၂၃ | ၇၂၃.၅၀၂ | ၂၆.၅၅၄ | ၁,၈၄၅.၇၁၈ |
| ၄ | ချင်းပြည်နယ် | - | ၅၅၅.၆၂၆ | ၅၂၈.၂၆၇ | - | ၈၆၁.၆၀၃ | - | ၁,၉၄၅.၄၉၆ |
| ၅ | စစ်ကိုင်းတိုင်း | ၃၂.၁၈၆ | ၂,၀၉၁.၅၄၄ | ၅၁၉.၉၂၀ | ၇၁၅.၉၅၇ | ၁,၁၂၄.၂၂၈ | - | ၄,၄၈၃.၈၃၅ |
| ၆ | တနင်္သာရီတိုင်း | - | ၇၄၄.၇၂၄ | ၃၂၃.၂၇၇ | ၂၀၆.၆၀၀ | ၈၁.၈၇၅ | - | ၁,၃၅၆.၄၇၆ |
| ၇ | ပဲခူးတိုင်း | ၂၆၃.၃၂၈ | ၁,၄၆၇.၈၂၃ | ၁၉၉.၅၅၉ | ၁၂၂.၃၁၀ | ၁၅၈.၁၁၈ | - | ၂,၂၁၁.၁၃၈ |
| ၈ | မကွေးတိုင်း | - | ၂,၅၈၆.၃၁၇ | ၃၄၁.၃၈၂ | ၃၅၂.၃၄၇ | ၂၆၀.၇၁၄ | - | ၃,၅၄၀.၇၆၀ |
| ၉ | မန္တလေးတိုင်း | ၂၀၂.၉၇၈ | ၁,၈၆၁.၆၀၉ | ၉၈.၇၇၃ | ၁၂.၁၇၁ | ၂၃.၁၃၄ | - | ၂,၁၉၈.၆၆၅ |
| ၁၀ | မွန်ပြည်နယ် | - | ၇၂၉.၈၃၈ | ၂.၄၁၄ | ၆၅.၃၈၀ | ၈၂.၂၇၈ | ၀.၆၀၄ | ၈၈၀.၅၁၄ |
| ၁၁ | **ရခိုင်ပြည်နယ်** | **၃၆.၄၁၁** | **၉၉၁.၁၅၆** | **၄၁၉.၁၅၁** | **၁၈၂.၂၅၈** | **၂၁၅.၈၅၃** | **-** | **၁,၈၆၅.၂၂၉** |
| ၁၂ | ရန်ကုန်တိုင်း | ၉၇.၁၆၅ | ၇၈၇.၁၇၂ | ၈၇.၄၀၈ | ၁၂.၀၇၀ | ၅၉.၉၄၈ | - | ၁,၀၄၄.၁၆၃ |
| ၁၃ | ရှမ်းပြည်နယ် | ၆၅.၉၈၃ | ၄,၉၀၂.၈၆၆ | ၁,၂၁၆.၁၇၇ | ၂,၁၄၂.၁၃၈ | ၂,၆၀၆.၅၁၄ | - | ၁၀,၉၅၁.၆၉၈ |
| ၁၄ | ဧရာဝတီတိုင်း | ၁၉.၃၁၂ | ၁,၅၉၂.၂၄၅ | ၁၅၈.၈၂၃ | ၄၈၈.၆၁၇ | ၃၆၁.၈၀၁ | - | ၂,၆၂၀.၈၁၈ |
| ၁၅ | နေပြည်တော် | ၁၉၁.၅၁၁ | ၂၂၃.၆၉၉ | - | - | ၁၈.၅၀၇ | - | ၄၃၃.၇၁၇ |
| | **စုစုပေါင်း (ကီလိုမီတာ) ▶** | **၉၃၄.၄၂၁** | **၂၀,၄၂၆.၇၀၉** | **၄,၆၂၅.၃၅၉** | **၅,၅၄၆.၈၀၈** | **၇,၈၇၄.၆၂၃** | **၇၂၀.၅၈၄** | **၄၀,၁၂၈.၅၀၄** |

[43] DICA, Long-term Foreign Direct Investment Promotion Plan in Myanmar
[44] Myanmar Infrastructure Summit 2018, URL: http://www.myanmarinfrastructuresummit.com/

**၂။ ရထားလမ်းများ**

ရထားပို့ဆောင်ရေးသည် ဈေးကွက်နှင့်ဆိပ်ကမ်းများသို့ ဒေသထွက်ကုန်များပို့ဆောင်ရာတွင် ကုန်ကျစရိတ်သက်သာသော်လည်း ရခိုင်ပြည်နယ်တွင် စစ်တွေ-မြောက်ဦး-မင်းဘူးလမ်းကြောင်းတွင် ပြေးဆွဲသည့် ရထားလမ်းတစ်လမ်းသာရှိသည်။ ထိုရထားလမ်းကို တစ်နှစ်ပတ်လုံး၊ ရာသီအားလုံးတွင် အသုံးမပြုနိုင်ပါ။


**၃။ ပြည်တွင်းရေကြောင်း**

ရခိုင်ပြည်နယ်အတွင်းလူအများစုမှာ တခြားသောမြို့နယ်များ၊ရွာများနှင့် ကုန်ပစ္စည်းများဖလှယ်ရန်အတွက် ရေကြောင်းပို့ဆောင်ရေးကို အားထားကြရသည်။ ကုန်ပစ္စည်းများပို့ဆောင်ရန်အတွက် ပင်လယ်ရေလမ်းကြောင်းသည်လည်း အဓိကကျသည်။ အဓိကဆိပ်ကမ်းကြီးများမှာ စစ်တွေနှင့်ကျောက်ဖြူမြို့တို့တွင်သာရှိပြီး တခြားမြို့များတွင် ဆိပ်ကမ်းငယ်များသာ ရှိသည်။

ဇယား ၁၂၊ **စစ်တွေဆိပ်ကမ်းသို့ဆိုက်ရောက်သော ရေယာဉ်များ (အရေအတွက်နှင့်တန်ချိန်ပမာဏ) (၂၀၁၀/၂၀၁၁—၂၀၁၅/၂၀၁၆) နှစ်များ**

| ဆိပ်ကမ်း | နှစ် | Number | | | စုစုပေါင်းတန်ချိန် (၀၀၀) | | | အသားတင်တန်ချိန် (၀၀၀) | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ရေယာဉ်များ | ရေလှေများ | စုစုပေါင်း | ရေယာဉ်များ | ရေလှေများ | စုစုပေါင်း | ရေယာဉ်များ | ရေလှေများ | စုစုပေါင်း |
| ARRIVALS | | | | | | | | | | |
| စစ်တွေ | ၂၀၁၁-၂၀၁၂ | ၃၂၆ | - | ၃၂၆ | ၃၃၉ | - | ၃၃၉ | ၁၃၃ | - | ၁၃၃ |
| | ၂၀၁၂-၂၀၁၃ | ၃၉၄ | - | ၃၉၄ | ၃၅၆ | - | ၃၅၆ | ၁၃၆ | - | ၁၃၆ |
| | ၂၀၁၃-၂၀၁၄ | ၅၀၈ | - | ၅၀၈ | ၉၇၀ | - | ၉၇၀ | ၃၉၀ | - | ၃၉၀ |
| | ၂၀၁၄-၂၀၁၅ | ၄၉၈ | - | ၄၉၈ | ၇၃၆ | - | ၇၃၆ | ၂၈၅ | - | ၂၈၅ |
| | ၂၀၁၅-၂၀၁၆ | ၄၉၀ | - | ၄၉၀ | ၅၀၁ | - | ၅၀၁ | ၂၃၂ | - | ၂၃၂ |
| | ၂၀၁၆-၂၀၁၇ | ၄၅၉ | - | ၄၅၉ | ၄၁၆ | - | ၄၁၆ | ၁၆၈ | - | ၁၆၈ |

ပုံ ၁၀၊ **ရခိုင်ပြည်နယ်နှင့် အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်ကမ်းရိုးတန်းများရှိ အဓိကဆိပ်ကမ်းများ** [45]




45 Ibid.

ဇယား ၁၃၊ **ပြည်တွင်းဆိပ်ကမ်းများ၏ကမ်းရိုးတန်းကုန်သွယ်မှု (တင်ပို့ကုန်များ)** [46] **(၂၀၀၅-၂၀၁၆)**

| ဆိပ်ကမ်း | ၂၀၀၅ | ၂၀၁၀ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ | ၂၀၁၆ |
|---|---|---|---|---|---|---|---|
| | (မြန်မာကျပ်သန်း) | | | | | | |
| စစ်တွေ | ၆,၈၃၈.၉၇ | ၁,၆၉၅.၉၉ | ၆၈၉.၂၃ | ၆၂၀.၈၀ | - | ၁၅၁.၅၇ | ၆၆.၀၅ |
| ပုသိမ် | - | - | - | - | - | - | - |
| ကိုကိုးကျွန်း | ၇.၄၄ | - | - | - | - | - | - |
| ကျောက်ဖြူ | ၀.၅၁ | ၂.၉၉ | ၀.၃ | - | - | - | - |
| မြိတ် | ၄,၀၇၅.၄၀ | ၂,၄၈၄.၃၆ | ၂,၄၅၉.၀၂ | ၁,၇၉၃.၂၇ | - | ၂၇၅.၆၃ | ၅၃.၅၃ |
| မော်လမြိုင် | ၁.၀၂ | - | ၀.၁၀ | - | - | ၂၃၇.၀၇ | ၇၀.၄၉ |
| ရန်ကုန် | ၁၉,၀၉၁.၀၆ | ၁၉,၁၃၂.၄၄ | ၁၇,၄၂၅.၄၄ | ၁၉,၇၂၉.၄၆ | ၁၈,၇၉၄.၇၉ | ၂၂,၉၄၆.၅၅ | ၁၅,၃၀၄.၀၇ |
| သံတွဲ | ၄.၇၅ | - | - | - | - | - | - |
| ထားဝယ် | ၃၄၇.၁၄ | ၁.၅၅ | ၁၇.၅၂ | - | - | - | ၃.၆၈ |
| ကော့သောင်း | ၃,၄၀၀.၀၆ | ၃,၅၁၃.၈၉ | ၅,၁၇၄.၃၉ | ၅,၅၈၉.၀၁ | ၂၆၃.၃၆ | ၁၆,၇၇၈.၇၅ | ၁၀,၀၁၃.၆၅ |
| မောင်တော | - | - | - | - | - | - | - |
| စုစုပေါင်း ▶ | ၃၃,၇၆၆.၃၅ | ၂၆,၈၃၀.၂၂ | ၂၅,၇၆၆.၀၀ | ၂၇,၇၃၂.၅၄ | ၁၉,၀၅၈.၁၅ | ၄၀,၃၈၉.၅၇ | ၂၅,၅၁၀.၄၇ |

**၄။ လေကြောင်းလိုင်း**

မြန်မာနိုင်ငံ၏စီးပွားရေးမြို့တော်ရန်ကုန်နှင့် ရခိုင်ပြည်နယ်အကြား လေကြောင်းပို့ဆောင်ရေးသည် အခြေခံကျသည့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းဖြစ်သည်။ ရခိုင်ပြည်နယ်အတွင်း လေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အဓိကအသုံးပြုသည့် လေယာဉ်ကွင်း ၅ ကွင်းရှိသည်။ ၎င်းတို့မှာ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲ၊ အမ်းနှင့် မာန်အောင်မြို့များတွင်ရှိပြီး ဝ၊ မြောက်ဦးနှင့် မာန်အောင်မြို့များတွင်လည်း လေယာဉ်ကွင်းတည်ဆောက်ရေးလုပ်ငန်းများလည်း စီစဉ်လျက်ရှိသည်။

## ၅.၄.၂ ဆက်သွယ်ရေး

ရခိုင်ပြည်နယ်တွင် မြန်မာနိုင်ငံရှိ တယ်လီဖုန်းအော်ပရေတာများဖြစ်သည့် MPT, Oredoo, MyTel နှင့် Telenor စသည့် အော်ပရေတာများရှိသည်။ မြန်မာနိုင်ငံတခြားတိုင်းဒေသများနှင့် နှိုင်းယှဉ်လျှင် ရခိုင်ပြည်နယ်တွင် မိုဘိုင်းဖုန်းသုံးစွဲမှုနှုန်း၏ တယ်လီသိပ်သည်းဆနည်းပါးသော်လည်း ဤကိန်းဂဏန်းများသည် တဖြည်းဖြည်းပြောင်းလဲလျက်ရှိပြီး တခြားတိုင်းဒေသကြီးများနှင့် ပြည်နယ်များနှင့် ကွာဟချက်နည်းပါးလာသည်။

## ၅.၄.၃ လျှပ်စစ်ဓာတ်အား

ရခိုင်ပြည်နယ်တွင် မြို့ပြနှင့်ကျေးလက်ဒေသကြား လျှပ်စစ်ရရှိမှုအလွန်ကွာဟပါသည်။ ကျေးလက်ဒေသနေ အိမ်ထောင်စုအများစုသည် ချက်ပြုတ်ရေးနှင့် မီးထွန်းရာတွင် အဓိကအားဖြင့် ထင်းကို အဓိကထားအသုံးပြုကြသည်။ သို့ရာတွင် လွန်ခဲ့သောနှစ်များက ကျေးလက်နေပြည်သူများသည် နေစွမ်းအင်သုံးလျှပ်စစ်ကို မီးထွန်းရန်အတွက် အသုံးပြုလာကြသည်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏စာရင်းဇယားအရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရခိုင်ပြည်နယ်၏ ၂၀.၇၈% သောအိမ်ထောင်စုများကိုသည် လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။ အလားတူပင် ရခိုင်ပြည်နယ်၏ ၈၈.၉% သောအိမ်ထောင်စုများသည် လျှပ်စစ်ကို အဓိကစွမ်းအင်အဖြစ် သုံးစွဲနိုင်ခြင်းမရှိသေးကြောင်းတွေ့ရှိရသည်။ ဤအချက်သည် ပြည်ထောင်စုတစ်ခုလုံး၏ လျှပ်စစ်ရယူသုံးစွဲမှုအတိုင်းအတာထက် ၆၉.၂% မြင့်မားသည်။

ဇယား ၁၄၊ **၂၀၁၇-၂၀၁၈ ခုနှစ်အတွင်းလျှပ်စစ်ဓာတ်အားရရှိသည့်အိမ်ထောင်စုများ** [47]

| စဉ် | ခရိုင် | အိမ်ထောင်စုပေါင်း | လျှပ်စစ်ဓာတ် ရရှိသည့် အိမ်ထောင်စုများ | လျှပ်စစ်ဓာတ် မရရှိသေးသည့် အိမ်ထောင်စုများ | လျှပ်စစ်ဓာတ် ရရှိမှုရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | စစ်တွေ | ၁၀၉,၂၅၆ | ၂၀,၇၀၉ | ၈၃,၅၄၇ | ၂၃.၅၃% |
| ၂ | မြောက်ဦး | ၁၄၅,၉၈၇ | ၁၆,၈၉၉ | ၁၂၉,၀၈၈ | ၁၁.၈၅% |
| ၃ | ကျောက်ဖြူ | ၁၀၁,၇၇၆ | ၁၉,၁၂၄ | ၈၂,၆၅၂ | ၁၈.၇၉% |
| ၄ | သံတွဲ | ၈၃,၅၉၃ | ၂၈,၅၁၁ | ၅၅,၀၈၂ | ၃၄.၁၁% |
| ၅ | မောင်တော | ၁၉,၁၆၀ | ၅,၂၉၄ | ၁၃,၈၆၆ | ၂၇.၆၃% |
| | စုစုပေါင်း ▶ | ၄၅၉,၇၇၂ | ၉၅,၅၃၇ | ၃၆၄,၂၃၅ | ၂၀.၇၈% |

[46] Central Statistics Organization 2017
[47] Ibid.

မြန်မာနိုင်ငံအစိုးရအနေဖြင့် ၂၀၃၀ ခုနှစ်တွင် တစ်နိုင်ငံလုံးလျှပ်စစ်မီးလင်းရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ရခိုင်ပြည်နယ်တစ်ဝှမ်းလျှပ်စစ်ရရှိရေးအတွက် ပြည်ထောင်စုအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများသည် မကြာသေးမီနှစ်များကအရှိန်အဟုန်ဖြင့်အောင်မြင်လျက်ရှိသည်။ ရခိုင်ပြည်နယ်တွင်လျှပ်စစ်ဓာတ်အားခွဲရုံ ၄ ရုံရှိသည်။ တောင်ကုတ်လျှပ်စစ်ဓာတ်အားခွဲရုံသည် 100 MVA ပမာဏရှိပြီး တောင်ကုတ်မြို့နယ်၊ သံတွဲမြို့နယ်၊ မအီမြို့နယ်နှင့် သူဌေးချောင်းရေအားလျှပ်စစ်စီမံကိန်းနယ်မြေများကို ပေးပို့လျက်ရှိသည်။ အမ်းလျှပ်စစ်ဓာတ်အားခွဲရုံ သည် 45 MVA ပမာဏရှိပြီး အမ်းမြို့နယ်တွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးလျက်ရှိသည်။ ပုဏ္ဏားကျွန်းလျှပ်စစ် ဓာတ်အားခွဲရုံသည် 100 MVA ပမာဏရှိပြီး စစ်တွေမြို့နယ်၊ ကျော်တော်မြို့နယ်၊ မြောက်ဦးမြို့နယ်နှင့် ပေါက်တောမြို့နယ်များသို့ လျှပ်စစ်ဓာတ်အားဖြန့်ဝေပေးလျက်ရှိသည်။ ကျောက်ဖြူလျှပ်စစ်ဓာတ်အားခွဲရုံသည် 100 MVA ပမာဏရှိပြီး ကျောက်ဖြူနှင့် ရမ်းဗြဲမြို့နယ်များသို့ လျှပ်စစ်ဖြန့်ဖြူးပေးလျက်ရှိသည်။

ဇယား ၁၅၊ **ရခိုင်ပြည်နယ်ရှိ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံများ** [48]

| | | | | | | |
|---|---|---|---|---|---|---|
| ၁ | တည်နေရာ | တောင်ကုတ် | | ▶ | ၁ | တောင်ကုတ်မြို့နယ် |
| တောင်ကုတ် ဓာတ်အားခွဲရုံ | ဗို့အားခွဲတမ်း | ၂၃၀/၆၆/၁၁ | KV | | ၂ | သံတွဲမြို့နယ် |
| | ပမာဏ | ၁၀၀ | MVA | | ၃ | မအီမြို့နယ် |
| | | | | | ၄ | သရက်ချောင်း ရေအားလျှပ်စစ်စီမံကိန်း |

| | | | | | | |
|---|---|---|---|---|---|---|
| ၂ | တည်နေရာ | အမ်း | | ▶ | | |
| အမ်းဓာတ်အားခွဲရုံ | ဗို့အားခွဲတမ်း | ၂၃၀/၃၃/၁၁ | kV | | ၁ | အမ်းမြို့နယ် |
| | ပမာဏ | ၄၅ | MVA | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၃ | | | | ▶ | ၁ | စစ်တွေမြို့နယ် |
| ပုဏ္ဏားကျွန်း ဓာတ်အားခွဲရုံ | တည်နေရာ | ပုဏ္ဏားကျွန်း | | | ၂ | ကျောက်တော်မြို့နယ် |
| | ဗို့အားခွဲတမ်း | ၂၃၀/၆၆/၁၁ | kV | | ၃ | မြောက်ဦးမြို့နယ် |
| | ပမာဏ | ၁၀၀ | MVA | | ၄ | မြေပုံမြို့နယ် |
| | | | | | ၅ | ပေါက်တောမြို့နယ် |
| | | | | | ၆ | ပုဏ္ဏားကျွန်းမြို့နယ် |

| | | | | | | |
|---|---|---|---|---|---|---|
| ၄ | တည်နေရာ | ကျောက်ဖြူ | | ▶ | | |
| ကျောက်ဖြူ ဓာတ်အားခွဲရုံ | ဗို့အားခွဲတမ်း | ၂၃၀/၆၆/၁၁ | kV | | ၁ | ကျောက်ဖြူမြို့နယ် |
| | ပမာဏ | ၁၀၀ | MVA | | ၂ | ရမ်းဗြဲမြို့နယ် |

## ၅.၄.၄ မြေယာအသုံးချမှု


ရခိုင်ပြည်နယ်၏ စုစုပေါင်းမြေဧရိယာသည် ၉,၀၈၈,၀၅၃ ဧကရှိပြီး၊ ၁၈% သည် စိုက်ပျိုးနိုင်သောမြေများ ဖြစ်သည်။ သို့ရာတွင် အစိုးရစာရင်းဇယားအရ စိုက်ပျိုးနိုင်သော မြေဧရိယာ၏ ၁၄% ခန့်ကိုသာ လက်ရှိစိုက်ပျိုးလျက်ရှိသည်။ ၁,၁၃၈,၅၀၆ ဧကကို မိုးရာသီစိုက်ပျိုးရေးအတွက် အသုံးပြုပြီး ၁,၀၉၉,၈၅၃ ဧကကို စပါးစိုက်ပျိုးရေးအတွက် အသုံးပြုသည်။

ဇယား ၁၆၊ **ရခိုင်ပြည်နယ်၊ မြေအသုံးပြုခြင်းစီမံချက်**[49]

| စဉ် | မြေနေရာအမျိုးအစား | စုစုပေါင်းဧရိယာ (ဧက) | | ရှယ်ယာ |
|---|---|---|---|---|
| | | ၂၀၁၃-၂၀၁၄ | ၂၀၁၆-၂၀၁၇ | ၂၀၁၆-၂၀၁၇ |
| ၁ | စိုက်ပျိုးနိုင်သောမြေ | ၁,၂၂၉,၂၅၁ | ၁,၂၃၁,၅၀၃ | ၁၄% |
| ၂ | စိုက်ပျိုးမထားသောမြေ | ၆၆,၅၅၇ | ၆၃,၈၈၂ | ၁% |
| ၃ | ကြိုးဝိုင်းသစ်တော | ၁,၆၉၆,၃၄၇ | ၁,၆၇၅,၁၄၈ | ၁၉% |
| ၄ | သစ်တောမြေနေရာ | ၃,၅၃၁,၉၀၅ | ၃,၅၄၇,၈၆၆ | ၄၀% |
| ၅ | အမျိုးအစားခွဲခြားမထားသောမြေ | ၂,၂၉၇,၇၄၀ | ၂,၂၉၈,၄၁၃ | ၂၆% |

48 The Ministry of Electricity and Energy
49 Department of Planning (2015-2016), Rakhine State

ပုံ ၁၁၊ **မြေအမျိုးအစားများ - ရာခိုင်နှုန်းအလိုက် (၂၀၁၆-၂၀၁၇)**[50]




## ၅.၄.၅ လုပ်သားအင်အားပါဝင်မှုနှင့် အလုပ်လက်မဲ့နှုန်း

**ရခိုင်ပြည်နယ်၏ အလုပ်လုပ်သူ - လူဦးရေ အချိုးမှာ ၅၂.၆% ရှိပြီး အခြားသောတိုင်း/ပြည်နယ်များထက်နိမ့်သည်။**

ရခိုင်ပြည်နယ်သည် အခြားတိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် နှိုင်းယှဉ်လျှင် အလုပ်လက်မဲ့နှုန်းအမြင့်ဆုံးပြည်နယ်တစ်ခုဖြစ်ပြီး၊တစ်နိုင်ငံလုံး၏အလုပ်လက်မဲ့နှုန်းထက်ပိုများသည်။ ၂၀၁၄ သန်းခေါင်စာရင်းအရ ၁၅ နှစ်အထက် လူဦးရေ၏ ၅၈.၈% သည် စီးပွားရေးခွင်သို့ ဝင်ရောက်နိုင်သည့်အနေအထားရှိပြီး၊ ၆၇% သည် စီးပွားရေးခွင်တွင်ဝင်ရောက်နိုင်သည့်လုပ်သားအင်အားစုဖြစ်သည်။ ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်ကြီး၏ အဓိပ္ပာယ်သတ်မှတ်ချက်အရ “The economically active population” or “Labour force” တွင် အသက် ၁၅ နှစ်အထက် စီးပွားရေးလုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင်သူများဦးရေနှင့် အလုပ်အကိုင်ရရှိ ရေးအတွက် ကြိုးပမ်းရှာဖွေနေသူများ ပါဝင်ကြသည်။

အလုပ်အကိုင်နှင့်လူဦးရေအချိုးအစား (စုစုပေါင်းလူဦးရေ၏အလုပ်လုပ်ကိုင်နေသည့်လူဦးရေအချိုးအစား) ရခိုင်ပြည်နယ်တွင် အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် ပိုမိုမြင့်မားပါသည်။ အမျိုးသားဦးရေ ၇၅.၆% နှင့် အမျိုးသမီးဦးရေ ၃၃.၂% သာလျှင် အလုပ်လုပ်ကိုင်လျက်ရှိကြသည်။ သို့ရာတွင် ရခိုင်ပြည်နယ်သည် စုစုပေါင်းလူဦးရေ၏ အလုပ်လုပ်ကိုင်သူ အချိုးအစားအားဖြင့် မြန်မာနိုင်ငံတွင် အနိမ့်ဆုံးသော ပြည်နယ်ဖြစ်ပါသည်။

ဇယား ၁၇၊ **ရခိုင်ပြည်နယ်အလုပ်အကိုင်အခြေအနေ**

| | ပြည်ထောင်စု | ရခိုင်ပြည်နယ် | မှတ်ချက် |
|---|---|---|---|
| လုပ်အားစုပါဝင်မှုနှုန်း | ၆၇% | ၅၈.၈% | ရခိုင်ပြည်နယ်သည် အနိမ့်ဆုံးဖြစ်ပြီး ရှမ်းပြည်နယ်သည် ၇၇.၅% ဖြင့် အများဆုံးဖြစ်သည်။ |
| အလုပ်လက်မဲ့နှုန်း | ၃.၉% | ၁၀.၄% | ရခိုင်ပြည်နယ်သည် အမြင့်ဆုံးဖြစ်ပြီး ရှမ်းပြည်နယ်သည် ၂% ဖြင့် အနိမ့်ဆုံးဖြစ်သည်။ |
| အလုပ်လုပ်သူ-လူဦးရေအချိုး | ၆၄.၄% | ၅၂.၆% | ရခိုင်ပြည်နယ်သည် အနိမ့်ဆုံးဖြစ်ပြီး ရှမ်းပြည်နယ်သည် ၇၅.၉% ဖြင့် အများဆုံးဖြစ်သည်။ |

## ၅.၄.၆ နယ်စပ်ကုန်သွယ်ရေး

ဇယား ၁၈၊ **နယ်စပ်ကုန်သွယ်ရေးပမာဏနှင့်တန်ဖိုးများ**

| စဉ် | မြို့အမည် | ကုန်သွယ်မှုပမာဏ (တန်ချိန်သန်း) | | | | ကုန်သွယ်မှုတန်ဖိုး (ကန်ဒေါ်လာသန်း) |
|---|---|---|---|---|---|---|
| | | ၂၀၁၄-၁၅ | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၄-၁၅ |
| ၁ | စစ်တွေ | ၆.၅၁၁ | ၆.၃၂၇ | ၄.၆၄၉ | ၁၄.၈၁၆၆ | ၂၅၈.၂၉၉ |
| ၂ | မောင်တော | ၇.၇၇၄ | ၅.၄၃၅ | ၅.၉၄၅ | ၁၄.၃၂၈ | ၄.၈၉၁ |

50 Ibid

## ၅.၅ ရခိုင်ပြည်နယ်အစိုးရ၏ဦးစားပေးစီးပွားရေးကဏ္ဍများ

ရခိုင်ပြည်နယ်အစိုးရအနေဖြင့် လူမှုစီးပွားပတ်ဝန်းကျင်အပေါ် အနုတ်လက္ခဏာဆောင်သည့်အကျိုးသက်ရောက်မှုမရှိစေဘဲ စီးပွားရေးဘက်စုံမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်ကို ပြည်သူများညီတူညီမျှအကျိုးခံစားခွင့်ရရှိရေးကို အလေးပေးဆောင်ရွက်လျက်ရှိသည်။ ရခိုင်ပြည်နယ်အစိုးရအနေဖြင့် ရခိုင်ပြည်၏ လူသားအရင်းအမြစ်နှင့် သဘာဝအရင်းအမြစ်များအပေါ်အခြေခံပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဦးစားပေးစီးပွားရေးကဏ္ဍ ၆ ခုကိုရွေးချယ်ထားသည်။ ၎င်းဦးစားပေးစီးပွားရေးကဏ္ဍ ၆ ခုမှာ -




- ၁ လယ်ယာစိုက်ပျိုးရေးကဏ္ဍ
- ၂ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ
- ၃ ပညာရေးနှင့် လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ
- ၄ အခြေခံအဆောက်အအုံနှင့် သယ်ယူပို့ဆောင်ရေးဖွံ့ဖြိုးတိုးတက်ရေး
- ၅ ခရီးသွားလာရေးကဏ္ဍ
- ၆ အသေးစားနှင့်အလတ်စားလုပ်ငန်းနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးတို့ ဖြစ်ကြသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍသည် အလွန်အရေးကြီးသကဲ့သို့ ရခိုင်ပြည်နယ်အစိုးရအနေဖြင့် သဘာဝပတ်ဝန်းကျင်အသိုင်းအဝန်းနှင့်စီးပွားရေးတိုးတက်ရေးအကြား သဟဇာတဖြစ်စေမှုများကို မထိခိုက်စေနိုင်သည့် တာဝန်ခံမှုရှိသော ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးပေးပါသည်။

# ၆ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများရှိသောအဓိကကဏ္ဍများ

လုပ်ငန်းကဏ္ဍ ၁၂ ခုမှ အဓိကကျသောပုဂ္ဂိုလ်များနှင့်တွေ့ဆုံမေးမြန်းမှုများပြုလုပ်ပြီးနောက် ရင်းနှီးမြှုပ်နှံရန်အခွင့်အလမ်းအကောင်းဆုံးကဏ္ဍများအား ရှာဖွေထုတ်ဖော်ပြီး အခွင့်အလမ်းအဆင့်အလိုက် စီထားပါသည်။ ကဏ္ဍတစ်ခုချင်းစီတွင်ရှိသော အသေးစိတ်အခွင့်အလမ်းများကို စိစစ်သုံးသပ်ပြီးနောက် ဤအစီရင်ခံစာတွင် တင်ပြထားပါသည်။ ရင်းနှီးမြှုပ်နှံမည့်သူများအနေဖြင့် စိတ်ဝင်စားရာကဏ္ဍများအား ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် အဓိကကျသောလုပ်ငန်းများကိုလည်း ဖော်ပြထားပါသည်။

ရင်းနှီးမြှုပ်နှံရန်အခွင့်အလမ်းအကောင်းဆုံးများရှိသည့်လုပ်ငန်းကဏ္ဍများ ဇယား ၁၉၊

ရင်းနှီးမြှုပ်နှံရန်အလားအလာအကောင်းဆုံးကဏ္ဍများ
(ဖြေဆိုချက်များအားအခြေခံသုံးသပ်ခြင်း)

| | ကဏ္ဍ | အဆင့် |
|---|---|---|
| ❖ | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၁ |
| ❖ | စိုက်ပျိုးရေး | ၂ |
| ❖ | ထုတ်လုပ်ရေး | ၃ |
| ❖ | ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း | ၄ |
| ❖ | သစ်တော | ၅ |
| ❖ | စွမ်းအင် | ၆ |
| ❖ | သယ်ယူပို့ဆောင်ရေး | ၇ |
| ❖ | ဆောက်လုပ်ရေး | ၈ |
| ❖ | ကျန်းမာရေးစောင့်ရှောက်မှု | ၉ |
| ❖ | ကုန်သွယ်မှု | ၁၀ |
| ❖ | လူ့အရင်းအမြစ်များ | ၁၁ |

**အဓိကတွေ့ရှိချက်များ၊** လုပ်ငန်းကဏ္ဍကြီး ၁၂ ခုတွင် ဖြေဆိုသူများ၏ရွေးချယ်မှုများအရ ရခိုင်ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့်ပတ်သက်၍ ထိပ်ဆုံး ကဏ္ဍ ၅ ခုမှာ — (၁) မွေးမြူရေးနှင့်ရေလုပ်ငန်း၊ (၂) စိုက်ပျိုးရေး၊ (၃) ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ (၄) သစ်တော နှင့် (၅) စွမ်းအင်တို့ဖြစ်ကြပါသည်။

## ၆.၁ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ

### ၆.၁ (က) ရေလုပ်ငန်းကဏ္ဍ

#### ၆.၁(က).၁ ရေလုပ်ငန်းကဏ္ဍအားခြုံငုံတင်ပြမှု

ရခိုင်ပြည်နယ်၏အဓိကစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့် ရေလုပ်ငန်းတွင် အမျိုးအစား ၃ မျိုးရှိသည်။ ၎င်းတို့မှာ အဓိကအားဖြင့် (၁) ကုန်းတွင်းငါးလုပ်ငန်း (၂) ပင်လယ်ငါးလုပ်ငန်း နှင့် (၃) ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းတို့ဖြစ်ကြသည်။ ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်တွင် ရေလုပ်ငန်းကဏ္ဍ၏ ရခိုင်ပြည်နယ်စုစုပေါင်းဂျီဒီပီတွင် ပါဝင်မှုမှာ ၁၂% ဖြစ်သည်။

ရှည်လျားသောကမ်းရိုးတန်းရှိသည့် ရခိုင်ရေပြင်တွင် ငါးအမျိုးမျိုးအစားအစားရှိသည်။ ကမ်းရိုးတန်းတစ်လျှောက် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ ထူထောင်ရန် အခွင့်အလမ်းများစွာရှိသည့် အပြင် မွေးမြူသည့်နည်းလမ်းအပေါ်မူတည်၍ ပြည်တွင်းဝယ်လိုအားနှင့် ပြည်ပပို့ရန်အတွက် ပြည့်မီနိုင်သည်။ လက်ရှိတွင် ဒေသခံများမှာ ငါးဖမ်းခြင်း၊ မွေးမြူခြင်းများ

ကို သမားရိုးကျနည်းလမ်းများကို အသုံးပြုနေဆဲဖြစ်သည်။ ထို့အတွက် တခြားသောကမ်းရိုးတန်းရှိသည့်ဒေသများဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးတို့ထက် အထွက်နှုန်းလျော့နည်းသည်။ ရခိုင်ပြည်နယ်တွင် ငါး၊ ပုစွန်များ ပြုပြင်ထုတ်လုပ်ရန်အတွက် အအေးခန်းသိုလှောင်ရုံ ၉ ခုရှိသည်။

## ရေလုပ်ငန်းကဏ္ဍတွင် အဓိကကျိုးသက်ဆိုင်သူများ

ရေလုပ်ငန်းကဏ္ဍတွင် အဓိကအကျိုးသက်ဆိုင်သူများမှာ အောက်ပါတို့ဖြစ်ကြသည်။

၁ ရခိုင်ပြည်နယ်အစိုးရ
၂ ငါးလုပ်ငန်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
၃ မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးမှုဘဏ်
၄ ရခိုင်ပြည်နယ်ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်း
၅ ရေလုပ်ငန်းနှင့်ပတ်သက်သောအသင်းအဖွဲ့များ
၆ ရေလုပ်ငန်းရှင်များ၊ ရေလုပ်သားများ

> လက်ရှိတွင် ရခိုင်ပြည်နယ်၌ ရေထွက်ပစ္စည်းများ ပြုပြင်ထုတ်လုပ်ရန် အအေးခန်းသိုလှောင်ရုံ ၉ ခုရှိသည်။

## ရေလုပ်ငန်းကဏ္ဍနှင့်ပတ်သက်သောဥပဒေများ

အောက်ပါတို့သည် ရေလုပ်ငန်းကဏ္ဍရေရှည်တည်တံ့ဖွံ့ဖြိုးမှု၊ အစားအစာဖူလုံမှု၊ အန္တရာယ်ကင်း စိတ်ချရသော ရေလုပ်ငန်းထွက်ကုန်များ ထုတ်လုပ်မှု၊ တန်ဖိုးပေါင်းဖြည့်ထုတ်လုပ်မှုအား တိုးတက်စေမှု အစရှိသော ဦးတည်ချက်များဖြင့် ရေလုပ်ငန်းကဏ္ဍဆိုင်ရာ ဥပဒေများ ဖြစ်ကြပါသည်။


၁ မြန်မာ့ပင်လယ်ရေလုပ်ငန်းဥပဒေ၊ ၁၉၉၀
၂ နိုင်ငံခြားငါးဖမ်းသင်္ဘောများ၏ငါးဖမ်းခွင့်များဆိုင်ရာဥပဒေ၊ ၁၉၈၉
၃ ရေချိုငါးလုပ်ငန်းဥပဒေ၊ ၁၉၉၁
၄ ငါး၊ ပုစွန်မွေးမြူရေးဥပဒေ၊ ၁၉၈၉

## ပြည်နယ်နှင့်တိုင်းဒေသကြီးများအကြား ငါး၊ ပုစွန်ထုတ်လုပ်မှုများအား နှိုင်းယှဉ်ခြင်း

ငါး၊ ပုစွန်ထုတ်လုပ်မှုတွင် ရခိုင်ပြည်နယ်သည် တိုင်းဒေသကြီး/ပြည်နယ်များအနက် အဆင့် ၆ နေရာတွင်ရှိသည်။ သို့သော်လည်း ၎င်းတွင် ၄၄၃ မိုင်ရှည်လျားသောကမ်းရိုးတန်း၊ ကမ်းလွန်ကျွန်းများနှင့် မြစ်များတွင် မွေးမြူရန် အမျိုးမျိုးအစားစားသော ငါး၊ ပုစွန်များ ရှိနေကြသည်။

ဇယား ၂၀၊ **တိုင်းနှင့်ပြည်နယ်အလိုက် ငါး၊ ပုစွန်ထုတ်လုပ်မှုအား နှိုင်းယှဉ်ခြင်း (၂၀၁၆-၁၇)** [51]

| တိုင်းနှင့်ပြည်နယ် | ပိဿာပေါင်း |
|---|---|
| **ဧရာဝတီတိုင်း** | ၁,၂၃၆,၈၅၆ |
| **တနင်္သာရီတိုင်း** | ၁,၀၈၁,၂၄၈ |
| **ရန်ကုန်တိုင်း** | ၃၃၈,၀၀၄ |
| **ပဲခူးတိုင်း** | ၂၈၉,၃၂၄ |
| **မွန်ပြည်နယ်** | ၁၇၂,၆၂၄ |
| ရခိုင်ပြည်နယ် | ၁၆၉,၀၇၇ |
| **စစ်ကိုင်းတိုင်း** | ၈၃,၁၄၂ |
| **မန္တလေးတိုင်း** | ၄၇,၃၆၁ |
| **ကချင်ပြည်နယ်** | ၂၀,၂၁၀ |
| **ကရင်ပြည်နယ်** | ၁၃,၉၆၉ |
| **မကွေးတိုင်း** | ၁၁,၃၈၀ |





51 Department of Fishery, Central Statistical Organization (2017)

## ရခိုင်ပြည်နယ်ဂျီဒီပီတွင် ရေလုပ်ငန်းကဏ္ဍ၏ပါဝင်မှု

မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍသည် ရခိုင်ပြည်နယ်၏ စီးပွားရေးတစ်ခုလုံးတွင် စတုတ္ထအကြီးဆုံးအနေဖြင့် ပါဝင်သည်။

ပုံ ၁၃၊ **ရခိုင်ပြည်နယ်၏ဂျီဒီပီတွင် ကဏ္ဍများပါဝင်မှု (၂၀၁၆-၂၀၁၇)**[52]




### ၆.၁(က).၂ ရခိုင်ပြည်နယ်အတွင်းရေလုပ်ငန်းအမျိုးအစားများ

အခြေခံအားဖြင့် ရခိုင်ပြည်နယ်ရေလုပ်ငန်းကဏ္ဍအား အမျိုးအစား ၃ မျိုးခွဲခြားနိုင်သည် - (၁) ကုန်းတွင်းရေလုပ်ငန်း၊ (၂) ပင်လယ်ရေလုပ်ငန်း၊ နှင့် (၃) ငါး၊ ပုစွန်မွေးမြူရေးတို့ ဖြစ်ကြသည်။

ဇယား ၂၁၊ **ရေလုပ်ငန်းကဏ္ဍအမျိုးအစားများ**

| စဉ် | အမျိုးအစား | အဓိကလုပ်ငန်း |
|---|---|---|
| ၁ | ကုန်းတွင်းရေလုပ်ငန်း | ဟင်းလင်းပြင် ရေလုပ်ငန်း |
| | | တက်ရေ ရေလုပ်ငန်း |
| ၂ | ပင်လယ်ရေလုပ်ငန်း | ကမ်းရိုးတန်းငါးဖမ်းလုပ်ငန်း |
| | | ကမ်းလွန်ငါးဖမ်းလုပ်ငန်း |
| ၃ | ငါး၊ ပုစွန်မွေးမြူရေး | ငါးဆူးတောင်၊ အခွံမာသတ္တဝါများ နှင့်ရေညှိ |

**ကုန်းတွင်းရေလုပ်ငန်း**

ကုန်းတွင်းရေလုပ်ငန်းတွင် အမျိုးအစားနှစ်မျိုး ရှိသည် - (က) ဟင်းလင်းရေပြင်ရေလုပ်ငန်း နှင့် (ခ) တက်ရေ ရေလုပ်ငန်း တို့ဖြစ်ကြသည်။ ရခိုင်ပြည်နယ်ကမ်းရိုးတန်းတစ်လျှောက် နန်းမြေများတွင် ရေလုပ်ငန်းကို သမားရိုးနည်းဖြင့် ရေလုပ်ငန်း လုပ်ကိုင်ကြသည်။

**ပင်လယ်ပြင်ငါးဖမ်းခြင်း**

ပင်လယ်ပြင်ရေလုပ်ငန်းတွင် ကမ်းရိုးတန်းငါးဖမ်းခြင်းနှင့် ကမ်းလွန်ဖမ်းခြင်းများရှိသည်။ ကမ်းရိုးတန်းငါးဖမ်းခြင်းသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ စီမံမှုအောက်တွင်ရှိပြီး ကမ်းလွန်ငါးဖမ်းခြင်းကို ပြည်ထောင်စုအစိုးရက စီမံခန့်ခွဲသည်။ ရေချို၊ ရေငန်ငါးဖမ်းလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် မှတ်ပုံတင်၊ လိုင်စင်ရယူရန်လိုအပ်သည်။

**(က) ကမ်းရိုးတန်းငါးဖမ်းခြင်း**

ကမ်းရိုတန်းငါးဖမ်းခြင်းတွင် (က) ရေချိုငါးဖမ်းခြင်းနှင့် (ခ) ပင်လယ်ငါးဖမ်းခြင်းဟူ၍ နှစ်မျိုးရှိသည်။ ပထမအမျိုးအစားတွင် စက်မဲ့ငါးဖမ်းလှေငယ်များကို အသုံးပြုလျက် သမားရိုးကျနည်းလမ်းကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုကြသည်။ ၎င်းလုပ်ငန်းကို စစ်တွေ၊ မြောက်ဦးနှင့် မောင်တောခရိုင်များတွင် လုပ်ကိုင်ကြသည်။ ပင်လယ်ပြင်ငါးဖမ်းခြင်းကို ရခိုင်ပြည်

52 GAD (2016-2017), Rakhine State

နယ်တစ်ခုလုံးတွင် လုပ်ကိုင်ကြသည်။ စက်မဲ့လှေများဖြင့် မျှောပိုက်များကို အသုံးပြုကြသည်။ ကမ်းရိုးတန်းငါးဖမ်းခြင်းအား ကမ်းခြေမှ ရေမိုင် ၁၀ မိုင်အကွာအထိလုပ်ကိုင်ခွင့်ပြုသည်။ ကမ်းရိုးတန်းငါးဖမ်းလှေများသည် ပေ ၃၀ ထက်ပို၍ မရှည်ဘဲ မြင်းကောင်ရေ ၂၅ အောက်စက်များကို တပ်ဆင်သည်။ ပုံမှန်အားဖြင့် မျှောပိုက် (driftnet)၊ ဒေါင်လိုက်ထောင်ဖမ်းသောပိုက် (gillnet) နှင့် အတန်းလိုက်ချသောငါးမျှားတန်း (long line) တို့ကို အသုံးပြုကြသည်။

**ငါးဖမ်းလှေများ**

ဇယား ၂၂၊ **ရခိုင်ပြည်နယ်အတွင်းစုစုပေါင်းငါးဖမ်းလှေအရေအတွက်**[53]

| စဉ် | ခရိုင် | ရေချို | | ရေငန် | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|
| | | စက်လှေ | လှေ/သမ္ဗန် | စက်လှေ | လှေ/သမ္ဗန် | စက်လှေ | လှေ/သမ္ဗန် |
| ၁ | စစ်တွေ | - | ၁,၂၄၆ | ၁,၃၄၅ | ၃၂၂ | ၁,၃၄၅ | ၁,568 |
| ၂ | မြောက်ဦး | - | ၉၉၈ | ၃၆၃ | ၁,၅၈၂ | ၃၆၃ | ၂,၅၈၀ |
| ၃ | မောင်တော | - | ၆၃၆ | - | - | - | ၆၃၆ |
| ၄ | ကျောက်ဖြူ | ၄၈ | ၈၈ | ၈၇၁ | ၈၆၁ | ၉၁၉ | ၉၄၉ |
| ၅ | သံတွဲ | ၂၀ | - | ၁,၇၀၉ | ၂၃၄ | ၁,၇၂၉ | ၂၃၄ |
| | စုစုပေါင်း ▶ | ၆၈ | ၂,၉၆၈ | ၄,၂၈၈ | ၂,၉၉၉ | ၄,၃၅၆ | ၅,၉၆၇ |

### (ခ) ကမ်းလွန်ငါးဖမ်းခြင်း

ကမ်းလွန်ငါးဖမ်းရေယာဉ်များအား ကမ်းရိုးတန်းဇုန်ကိုကိုကျော်လျက် သီးသန့်စီးပွားရေးဇုန် (EEZ) အထိအတွင်း လုပ်ကိုင်ခွင့်ပေးထားသည်။ ပုံမှန်အားဖြင့် ကမ်းလွန်ငါးဖမ်းရေယာဉ်များသည် ပေ ၃၀ ထက်ရှည်ပြီး မြင်းကောင်ရေ ၂၅ အထက်အင်ဂျင်တပ်ဆင်ထားသည်။ ငါးဖမ်းပိုက်ကွန် (trawler net)၊ ဒေါင်လိုက်အဝိုင်းပိုက် (purse seinte) နှင့် အတန်းလိုက်ချသောငါးမျှားတန်း (long line) တို့ကိုအသုံးပြုသည်။

ဇယား ၂၃၊ **မှတ်ပုံတင်ပြီးသော ငါးဖမ်းရေယာဉ်များ**

| | | ငါးဖမ်းယာဉ်အရေအတွက် |
|---|---|---|
| ၁ | ရခိုင်ပြည်နယ်တွင်မှတ်ပုံတင် | ၉ |
| 2 | နေပြည်တော်တွင်မှတ်ပုံတင် | ၂၉၅ |
| | စုစုပေါင်း ▶ | ၃၀၄ |

## ၆.၁(က).၃ ကမ်းရိုးတန်းနှင့်ကမ်းလွန်ငါးဖမ်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ

| | | |
|---|---|---|
| **အခွင့်အလမ်းများ** | ၁ | ငါးဈေးကွက်ထူထောင်နိုင်ခြင်း |
| | ၂ | အအေးခန်း[54]၊ စည်သွပ်နှင့်ထုတ်ပိုးစက်ရုံ |
| | ၃ | ရေထွက်ပစ္စည်းများထုတ်လုပ်ခြင်း |
| | ၄ | ငါးဖမ်းဆိပ်ကမ်း |
| **တည်နေရာများ** | ၁ | သံတွဲ |
| | ၂ | ကျောက်ဖြူ |
| | ၃ | စစ်တွေ |
| **အလားအလာရှိသော ဈေးကွက်များ** | ၁ | ပြည်တွင်းဈေးကွက် |
| | ၂ | အာဆီယံ |
| | ၃ | အိန္ဒိယ |
| | ၄ | တရုတ် |
| | ၅ | ဂျပန် |
| | ၆ | ဥရောပဈေးကွက် |
| **လက်ရှိလုပ်ငန်း** | ၁ | ဒေသစီးပွားရေးလုပ်ငန်း |
| **ဆက်သွယ်ရန်လိပ်စာ** | ရခိုင်ပြည်နယ်ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်း အခန်းအမှတ် ၁ -၂၊ မြို့မဈေး၊ စစ်တွေမြို့။ ဖုန်း၊ +၉၅ ၄၃ ၂၁၂၇၈ | |

53 Department of Fishery, Rakhine State (2018)
54 U Soe Moe Aung, the Head of Village, Sat Thwar village, Gwa township. Ph. 09 264098180

## ငါးခြောက်လုပ်ငန်း

ငါးခြောက်လုပ်ငန်းသည် ရခိုင်ပြည်နယ်တွင် တွင်ကျယ်သောလုပ်ငန်းတစ်ခုဖြစ်သည်။ ပြည်တွင်းစားသုံးမှုနှင့် ဝယ်လိုအားတို့မှာ မကြာသေးမီနှစ်များအတွင်း လျင်မြန်စွာမြင့်တက်လာသည်။ ၎င်းလုပ်ငန်းကို စစ်တွေ၊ ကျောက်ဖြူနှင့်သံတွဲမြို့များတွင်လုပ်ကိုင်ကြသည်။ ပြည်တွင်းဈေးကွက်အတွင်း တခြားသောငါးခြောက်ကုန်များနှင့်နှိုင်းယှဉ်ပါက ငါးပြေမခြောက်၏ဈေးကွက်ဝယ်လိုအားမှာ အမြင့်ဆုံးဖြစ်သည်။

### ကျောက်ဖြူမြို့ ငါးခြောက်လုပ်ငန်းမှကောက်ယူအချက်အလက်များ[55]

| | |
|---|---|
| နှစ်စဉ်ထုတ်လုပ်မှုနှုန်း | ၃၆,၀၀၀ ပိဿာ |
| ဝယ်ဈေးနှုန်း | ငါးစိမ်းတစ်ပိဿာလျှင် ကျပ် ၁,၀၀၀ – ၁၀,၀၀၀ |
| ရောင်းဈေးနှုန်း | ငါးခြောက်တစ်ပိဿာလျှင် ကျပ် ၃,၀၀၀ – ၅၀,၀၀၀ |
| သိုလှောင်မှုစနစ် | ငါးခြောက်များကို လေအေးပေးစနစ်ရှိသည့်အခန်းတွင် သိုလှောင်သည်။ |
| အလုပ်သမားခ | တစ်ဦးလျှင် ကျပ် ၁၅၀,၀၀၀ – ၄၀၀,၀၀၀ |
| ဈေးကွက်သို့သယ်ယူပို့ဆောင်ခ | ငါးခြောက်တစ်ပိဿာလျှင် ကျပ် ၁၅၀ – ၂၀၀ |
| ပို့ဆောင်သည့်ပုံစံ | ကုန်းလမ်း |
| အဓိကဈေးကွက် | ရန်ကုန်ငါးဈေး |

## ငါး၊ ပုစွန်မွေးမြူရေး

ရခိုင်ပြည်နယ်၏ငါး၊ ပုစွန်မွေးမြူရေးတွင် အဓိကအားဖြင့် ငါး၊ ပုစွန်နှင့် ကဏန်းပျော့များပါဝင်သည်။

### (က) ငါးမွေးမြူရေး

ရခိုင်ပြည်နယ်တစ်ခုလုံးငါးမွေးမြူသည့်ဧရိယာမှာ ၃,၆၆၃ ဧကခန့်ရှိသည်။ စစ်တွေမြို့နယ်ရှိ ၂၀၁၆-၁၇ ခုနှစ်အရ ငါးမွေးမြူသည့်ဧရိယာမှာ ၃,၅၅၈ ဧက ဖြစ်သည်။ ရခိုင်ပြည်နယ်၊ ငါးလုပ်ငန်းဦးစီးဌာနအရ ၂၀၁၆-၁၇ ခုနှစ်တွင်စစ်တွေခရိုင်တစ်ခုလုံးမှ ၅၈ တန်နီးပါးခန့်၊ ရာခိုင်နှုန်းအားဖြင့် ၉၇% ထုတ်လုပ်သည်။ မောင်တောနှင့် သံတွဲခရိုင်တို့တွင်လည်း ငါးထုတ်လုပ်မှုများရှိသည်။[56]

ဇယား ၂၄၊ **ငါးမွေးမြူခြင်းနှင့်ထုတ်လုပ်ခြင်းဧရိယာ - ခရိုင်အလိုက်**

| စဉ် | ခရိုင် | ငါးမွေးမြူသည့်ဧရိယာ (ဧက) | ထုတ်လုပ်မှုနှုန်း (တန်) |
|---|---|---|---|
| ၁ | စစ်တွေ | ၃,၅၅၈ | ၅၇ |
| ၂ | မြောက်ဦး | - | - |
| ၃ | မောင်တော | ၂၃ | ၀.၇ |
| ၄ | ကျောက်ဖြူ | - | - |
| ၅ | သံတွဲ | ၈၂ | ၀.၀၈ |
| | **စုစုပေါင်း ▶** | ၃,၆၆၃ | ၅၈ |

### ၆.၁(က).၄ ငါးမွေးမြူရေးတွင်ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ

| | | |
|---|---|---|
| **အခွင့်အလမ်းများ** | ၁ | မွေးမြူရေးခြံ |
| | ၂ | မွေးမြူရေး (culture) ခြံ |
| | ၃ | ထုတ်လုပ်ခြင်း၊ အအေးခန်း |
| | ၄ | ငါးစာစက်ရုံ |
| **တည်နေရာများ** | ၁ | စစ်တွေ |
| | ၂ | မြောက်ဦး |
| | ၃ | မောင်တော |
| | ၄ | သံတွဲ |
| **အလားအလာဈေးကွက်** | ၁ | ပြည်တွင်းဈေးကွက် |
| | ၂ | ဘင်္ဂလားဒေ့ရှ် |
| | ၃ | အိန္ဒိယ |

| | |
|---|---|
| **လက်ရှိလုပ်ငန်း** | ဒေသတွင်းလုပ်ငန်း |
| **ဆက်သွယ်ရန်လိပ်စာ** | ရခိုင်ပြည်နယ်ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်း အခန်းအမှတ် ၁ -၂၊ မြို့မဈေး၊ စစ်တွေမြို့။ ဖုန်း၊ +၉၅ ၄၃ ၂၁၂၇၈ |

55 U Kyi Win, owner of dry rack-fishery business, Kyaukphyu. Ph: 09 425 65012

56 Department of Fishery, Rakhine State

### (ခ) ပုစွန်မွေးမြူခြင်းနှင့် ထုတ်လုပ်ခြင်း

ဇယား ၂၅၊ **ခရိုင်အလိုက်ပုစွန်မွေးမြူခြင်းနှင့်ထုတ်လုပ်ခြင်း** [57]

| စဉ် | ခရိုင် | ပုစွန်မွေးမြူသည့်ဧရိယာ (ဧက) | ထုတ်လုပ်မှုနှုန်း (တန်) |
|---|---|---|---|
| ၁ | စစ်တွေ | ၄၇,၀၇၃ | ၁,၂၄၅ |
| ၂ | မြောက်ဦး | ၂၀,၆၉၃ | ၄၃၇ |
| ၃ | မောင်တော | ၁၅,၃၃၀ | ၃,၃၆၆ |
| ၄ | ကျောက်ဖြူ | ၂၉,၅၀၂ | ၆ |
| ၅ | သံတွဲ | ၁,၃၅၁ | ၀.၇ |
| | **စုစုပေါင်း ▶** | **၁၁၃,၉၅၀** | **၅,၀၅၅** |

## ၆.၁(က).၅ ပုစွန်မွေးမြူရေးတွင်ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ

| | | |
|---|---|---|
| **အခွင့်အလမ်းများ** | ၁ | အအေးခန်းသိုလှောင်ရုံ |
| | ၂ | အစားအစာစက်ရုံ |
| | ၃ | ရေချိုပုစွန်မွေးမြူရေးလုပ်ငန်း |
| **တည်နေရာများ** | ၁ | စစ်တွေ |
| | ၂ | မြောက်ဦး |
| | ၃ | ကျောက်ဖြူ |
| | ၄ | သံတွဲ |
| **အလားအလာဈေးကွက်များ** | ၁ | တရုတ် |
| | ၂ | စင်ကာပူ |
| | ၃ | ထိုင်း |
| | ၄ | ဂျပန် |
| **လက်ရှိလုပ်ငန်း** | ပြည်တွင်းပုစွန်ထုတ်လုပ်ရေးလုပ်ငန်း | |
| **အဓိကပါဝင်သူ** | မြန်မာနိုင်ငံရေလုပ်ငန်းအဖွဲ့ချုပ် (ရခိုင်ပြည်နယ်) | |
| **ဆက်သွယ်ရန်လိပ်စာ** | ရခိုင်ပြည်နယ်ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်း အခန်းအမှတ် ၁ -၂၊ မြို့မဈေး၊ စစ်တွေမြို့။ ဖုန်း၊ +၉၅ ၄၃ ၂၁၂၇၈ | |

### (ဂ) ကဏန်းပျော့မွေးမြူရေး

ရခိုင်ပြည်နယ်အနှံ့အပြားတွင် ကဏန်းပျော့မွေးမြူရေးလုပ်ကိုင်ကြသည်။ ကဏန်းနှင့်ကဏန်းပျော့မွေးမြူရေးတွင် ပြည်တွင်းပြည်ပဈေးကွက်များခိုင်မာမှုရှိပြီး အမြတ်အစွန်းများစွာရရှိနိုင်သည်။ ကဏန်းကို ကျေးရွာများတွင် ဒေသခံများက တစ်နိုင်တစ်ပိုင်မွေးမြူကြသည်။ ကဏန်းပျော့ကို စစ်တွေနှင့်ကျောက်ဖြူခရိုင်တို့တွင် နိုင်ငံခြားတင်ပို့ရန် မွေးမြူကြသည်။

## ၆.၁(က).၆ ကဏန်းပျော့မွေးမြူရေးတွင်ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ

| | | |
|---|---|---|
| **အခွင့်အလမ်းများ** | ၁ | ကဏန်းမွေးမြူခြင်း |
| | ၂ | ဂဏန်းပျော့မွေးမြူခြင်း |
| | ၃ | ထုတ်လုပ်မှုလုပ်ငန်းနှင့် ထုတ်ပိုးမှုစက်ရုံ |
| **တည်နေရာများ** | ၁ | စစ်တွေ |
| | ၂ | ကျောက်ဖြူ |
| **အလားအလာဈေးကွက်များ** | ၁ | တရုတ် |
| | ၂ | ထိုင်း |
| | ၃ | ဂျပန် |
| **လက်ရှိလုပ်ငန်း** | ၁ | ပြည်တွင်းကဏန်းလုပ်ငန်း |
| | ၂ | The Best Season Co Ltd |
| | ၃ | Silver Fishing Island Manufacturing Co Ltd |

[57] Department of Fishery, Rakhine State (2018)

| | | |
|---|---|---|
| **အဓိကပါဝင်သူ** | မြန်မာနိုင်ငံရေလုပ်ငန်းအဖွဲ့ချုပ် (ရခိုင်ပြည်နယ်) | |
| **ဆက်သွယ်ရန်လိပ်စာ** | ၁ | **The Best Seafood Co Ltd**<br>လိပ်စာ►အမြင့်ကျွန်းရွာ၊ ပုဏ္ဏားကျွန်းမြို့နယ်၊ စစ်တွေ၊ ဖုန်း - ၀၉ ၄၂၃၇ ၂၉၃၂၃ |
| | ၂ | **Silver Fishing Island Manufacturing Co Ltd**<br>လိပ်စာ►စေတီယရွာ၊ ကျောက်ဖြူမြို့နယ် ဖုန်း- ၀၉ ၄၂၁၇ ၂၉၈၈၇ |

## စစ်တွေမြို့ ကဏန်းပျော့မွေးမြူရေးလုပ်ငန်းမှကောက်ယူအချက်အလက်များ

### The Best Seafood Co Ltd

| | |
|---|---|
| ကုမ္ပဏီ | The Best Seafood Co Ltd |
| လုပ်ငန်းအမျိုးအစား | ကဏန်းပျော့စက်ရုံ (Sunflower Co နှင့်ဖက်စပ်) |
| ဝန်ထမ်းအရေအတွက် | ၆၀ – ၁၀၈ |
| မွေးကန်အရေအတွက် | ၆ |
| ကန်တစ်ကန်အကျယ် | ၃ ဧက |
| အလုပ်သမားလစာ | ကျပ် ၁၀၀,၀၀၀ – ၂၇၀,၀၀၀ |
| ကဏန်းပေါက် တစ်ကန်လျှင် | ၂၈၀,၀၀၀ – ၃၀၀,၀၀၀ ကောင် |
| ကဏန်းဈေးနှုန်း | တစ်ကီလိုဂရမ်လျှင် ကျပ် ၃,၀၀၀ – ၆,၀၀၀ |
| ကဏန်းစာ | ငါးစိမ်းများ |
| တစ်ရက်ကျွေးသည့်အစာပမာဏ | ကဏန်း ၃၀၀,၀၀၀ ကောင်ရှိ ငါးကန်းတစ်ကန်လျှင် ငါးစိမ်းတစ်တန် (၈၀၀ – ၈၅၀ ပိဿာ) |
| ထုတ်လုပ်မှုနှုန်း | တစ်ရက်လျှင် ၃,၅၀၀– ၄,၀၀၀ ကောင် |
| သယ်ယူပို့ဆောင်ရေးပုံစံ | ကုန်းလမ်းဖြင့် |

### ၆.၁(က).၇ ရေလုပ်ငန်းကဏ္ဍအားသုံးသပ်ချက်

#### အားသာချက်၊ အားနည်းချက်သုံးသပ်မှု

**အားသာချက်များ**

- ရှည်လျားသောကမ်းရိုးတန်းရှိခြင်း
- ကမ်းရိုးတန်းဒေသတွင်သယံဇာတကြွယ်ဝခြင်း
- နိုင်ငံခြားဈေးကွက်နှင့်နီးကပ်ခြင်း
- လုပ်သားအင်အားရှိနေခြင်း

**အားနည်းချက်များ**

- ခေတ်မီနည်းပညာမရှိခြင်း
- ငွေကြေးအကန့်အသတ်ရှိခြင်း

**အခွင့်အလမ်းများ**

- ငါးဖမ်းဆိပ်များအားတိုးတက်အောင်ပြုလုပ်ခြင်း
- ရေထွက်ပစ္စည်းများပြုပြင်ထုတ်လုပ်ခြင်း
- အအေးခန်းသိုလှောင်ရုံ၊ စည်သွပ်နှင့်ထုတ်ပိုးစက်ရုံများ
- သုတေသနနှင့်ဖွံ့ဖြိုးမှု

**ခြိမ်းခြောက်မှုများ**

- ရာသီအလိုက်မုန်တိုင်းများကျရောက်ခြင်း

#### ဖြေဆိုသူများ၏သဘောထားအမြင်များ

"ရေလုပ်ငန်း၊ အထူးသဖြင့် ပုစွန်မွေးမြူရေးသည် ရင်းနှီးမြှုပ်နှံရန်အလားအလာကောင်းသော လုပ်ငန်းဖြစ်သည်။ ထုတ်လုပ်ရရှိသောငါး၊ ပုစွန်များအား အရှေ့အလယ်ပိုင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့တင်ပို့နိုင်သည်။ ကဏန်းပျော့မွေးမြူခြင်းကို ရခိုင်ပြည်နယ်တွင် လုပ်ကိုင်နေပြီဖြစ်သည်။ ကဏန်းပျော့များကို တရုတ်၊ ထိုင်းနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့တင်ပို့သည်။"[58]

---

"ရခိုင်ပြည်နယ်တွင် ယခင်က အအေးခန်းသိုလှောင်ရုံ ၂၀ ရှိသည်။ သို့သော်လည်း ယခုအချိန်တွင် လည်ပတ်နေသော အအေးခန်းစက်ရုံ ၈ ခုသာရှိသည်။ ဤကဲ့သို့ကျဆင်းသွားရခြင်း အကြောင်းရင်းမှာ မကြာသေးမီက သယ်ယူပို့ဆောင်ရေး ချောမွေ့လာ၍ဖြစ်သည်။ စစ်တွေမှရန်ကုန်သို့ ၂၄ နာရီသာကြာပြီး ကျောက်ဖြူမှရန်ကုန်သို့ ၁၃ နာရီသာကြာမြင့်သည်။ ထို့အတွက် တန်ဖိုးပေါင်းဖြည့်ကုန်ပစ္စည်းများအား ရခိုင်ပြည်နယ်အစား ရန်ကုန်မြို့တွင်သာ ထုတ်လုပ်သည်။"[59]

---

"အအေးခန်းသိုလှောင်ရုံများတွင် ရင်းနှီးမြှုပ်နှံခြင်းသည် အလားအလာကောင်းသည်။ ငါး၊ ပုစွန်များအားဝယ်ယူ၍ ထုတ်ပိုးကာ နိုင်ငံခြားဈေးကွက်များသို့ တင်ပို့နိုင်သည်။"[60]

---

58 U Than Hlaing, Former Chairperson of Mrauk U Hotel, Inn Pauk Wa Co Ltd. Ph: 09 783331110
59 U Soe Naing, Director, the Department of Fisheries, Sittwe. Rakhine State
60 U Tun Tun Naing, Manager, Linn Aung Cold Storage Factory, Thandwe township. Ph: 09 421730122

## ၆.၁ (ခ) မွေးမြူရေးလုပ်ငန်းကဏ္ဍ

### ၆.၁(ခ).၁ မွေးမြူရေးကဏ္ဍအားခြုံငုံဖော်ပြမှု

များသောအားဖြင့် တိရစ္ဆာန်မွေးမြူရေးကို ကျေးလက်ဒေသများ အထူးသဖြင့် မြေယာမဲ့အိမ်ထောင်စုများက အပိုဝင်ငွေရရန်လုပ်ကိုင်ကြသည်။ မြို့ပြဒေသတွင် အိမ်ထောင်စုအနည်းငယ်က ဝင်ငွေအပိုရရန်မွေးမြူကြသည်။ မွေးမြူရေးကဏ္ဍမှ ပြည်နယ်၏ဂျီဒီပီတွင် ပါဝင်မှုရာခိုင်နှုန်းမှာ မြင့်မားသည်။ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍမှ ရခိုင်ပြည်နယ်ဂျီဒီပီသို့ပါဝင်မှုမှာ ၁၁.၈၂% ရှိသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းနှင့် သစ်တောတို့ ပါဝင်သည့် စိုက်ပျိုးရေးအဓိကကဏ္ဍတွင် မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍမှာ ဒုတိယနေရာတွင်ရှိသည်။

### ရခိုင်ပြည်နယ်မွေးမြူရေးကဏ္ဍတွင်အဓိကအကျိုးသက်ဆိုင်သူများ

အောက်ပါတို့သည်မွေးမြူရေးကဏ္ဍတွင်အဓိကအကျိုးသက်ဆိုင်သူများဖြစ်ကြသည်။


၁ ရခိုင်ပြည်နယ်အစိုးရ
၂ မြန်မာနိုင်ငံတိရစ္ဆာန်မွေးမြူရေးအသင်း (ရခိုင်ပြည်နယ်)
၃ Myanmar Livestock Society Developer Co Ltd
၄ ရခိုင်ပြည်နယ်ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်း[61]

### မွေးမြူရေးကဏ္ဍတွင်အရေးကြီးသောဥပဒေများ

၁ တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးမှုဥပဒေ၊ ၁၉၉၃
၂ တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးမှုဥပဒေအားပြင်ဆင်သည့်ဥပဒေ၊ ၂၀၁၀

### ရခိုင်ပြည်နယ်ဂျီဒီပီတွင်မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ၏ပါဝင်မှု

ပုံ ၁၄၊ **ရခိုင်ပြည်နယ်၏ဂျီဒီပီတွင်မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ၏ပါဝင်မှု (၂၀၁၆-၁၇)**[62]




| အဓိကကဏ္ဍ | ကဏ္ဍများ | မြန်မာကျပ်သန်း | ပါဝင်မှု |
|---|---|---|---|
| လယ်ယာ စိုက်ပျိုးရေး | လယ်ယာစိုက်ပျိုးရေး | ၂၈၄,၀၄၇.၅ | ၁၃.၄၇% |
| | မွေးမြူရေးနှင့် ရေလုပ်ငန်း | ၂၄၉,၂၄၀.၂ | ၁၁.၈၂% |
| | သစ်တော | ၁,၆၂၃.၀ | ၀.၀၈% |
| စက်မှုလုပ်ငန်း | စွမ်းအင် | ၅,၅၃၅.၇ | ၀.၂၆% |
| | သတ္တုတွင်း | ၃,၅၀၇.၁ | ၀.၁၇% |
| | ကုန်ထုတ်လုပ်ရေး | ၂၃၆,၆၀၈.၇ | ၁၁.၂၂% |
| | လျှပ်စစ်စွမ်းအင် | ၁၄,၀၅၉.၄ | ၀.၆၇% |
| | ဆောက်လုပ်ရေး | ၂၀၀,၀၄၄.၁ | ၉.၄၈% |
| | သယ်ယူပို့ဆောင်ရေး | ၅၈၆,၆၆၇.၃ | ၂၇.၈၁% |
| | ဆက်သွယ်ရေး | ၆၂,၄၃၀.၄ | ၂.၉၆% |
| | ငွေကြေးဆိုင်ရာ | ၂,၄၃၀.၈ | ၀.၁၂% |
| ဝန်ဆောင်မှု လုပ်ငန်းများ | လူမှုရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှု | ၄၇,၉၉၅.၅ | ၂.၂၈% |
| | ငှားရမ်းခြင်း/ အခြားဝန်ဆောင်မှုများ | ၇၉,၀၃၈.၂ | ၃.၇၅% |
| | ကုန်သွယ်မှု | ၂၂၅,၉၇၃.၉ | ၁၅.၉၃% |
| စုစုပေါင်းဂျီဒီပီ | | ၂,၁၀၉,၂၀၁.၈ | ၁၀၀.၀၀% |

---

61 Rakhine State Chamber of Commerce & Industry, Room No 1-2, Myoma Bazzar, Sittwe. Ph: +95 43 212 78

62 General Administration Department, Rakhine State (2016-2017)

## ၆.၁(ခ).၂ ရခိုင်ပြည်နယ်တွင်အဓိကမွေးမြူရေးလုပ်ငန်းများ


ရခိုင်ပြည်နယ်၊ ၅ ခရိုင်၌ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်အတွင်းမွေးမြူသော တိရစ္ဆာန်များစုစုပေါင်းစာရင်းကို အောက်တွင် ဖော်ပြထားပါသည်။


ဇယား ၂၆၊ **ခရိုင်အလိုက်တိရစ္ဆာန်မွေးမြူရေး (၂၀၁၆-၂၀၁၇)**[63]

| စဉ် | ခရိုင် | ကျွဲ | နွား | ဆိတ် | ဝက် | ကြက် | ဘဲ | ဘဲငန်း |
|---|---|---|---|---|---|---|---|---|
| ၁ | စစ်တွေ | ၂၁၃,၃၀၆ | ၂၆၇,၇၃၇ | ၇၁,၄၃၄ | ၆၉,၂၉၁ | ၁,၈၇၈,၁၉၃ | ၇၆,၈၇၅ | ၁,၁၆၄ |
| ၂ | မြောက်ဦး | ၃၉,၉၇၁ | ၁၅၀,၂၆၅ | ၃၂,၈၆၉ | ၆၉,၈၅၄ | ၈၄၆,၁၀၂ | ၅၉,၆၃၀ | - |
| ၃ | မောင်တော | ၁,၉၃၇ | ၁,၇၆၃ | ၂၂,၆၃၁ | ၁,၀၁၇ | ၄၂,၁၃၁ | ၁,၃၁၁ | ၅၂၈ |
| ၄ | ကျောက်ဖြူ | ၁၄,၃၉၂ | ၁၂၇,၆၀၄ | ၁၂,၅၆၅ | ၅၈,၆၃၃ | ၈၁၇,၈၉၀ | ၄၀,၅၉၂ | ၃၄၀ |
| ၅ | သံတွဲ | ၆,၆၄၄ | ၆၄,၄၄၆ | ၁၁,၉၁၆ | ၁၇,၃၀၇ | ၁,၁၃၆,၃၀၀ | ၂၇,၇၃၉ | ၇,၃၄၃ |
|  | စုစုပေါင်း ▶ | ၂၇၆,၂၅၀ | ၆၁၁,၈၂၅ | ၁၅၁,၄၁၅ | ၂၁၆,၁၂၂ | ၄,၇၂၀,၆၁၆ | ၂၀၆,၁၄၇ | ၉,၃၇၅ |

၂၀၁၆-၂၀၁၇ ခုနှစ်တွင် မွေးမြူရေးလုပ်ငန်းကို စစ်တွေခရိုင်တွင် ကျယ်ပြန့်စွာမွေးမြူလျက်ရှိပြီး၊ ဒုတိယနှင့် တတိယ အဖြစ် မြောက်ဦးနှင့် ကျောက်ဖြူခရိုင်တို့တွင် မွေးမြူကြသည်ကို နှိုင်းယှဉ်ချက်အရသိနိုင်သည်။

ပုံ ၁၅၊ **ခရိုင်အလိုက်စုစုပေါင်းမွေးမြူရေးများ (၂၀၁၆-၂၀၁၇)**




### စီပီကြက်မွေးမြူရေး

စီပီကြက်မွေးမြူရေးကို ကျောက်ဖြူ၊ စစ်တွေနှင့် သံတွဲမြို့နယ်များတွင် လုပ်ကိုင်ကြသည်။ ၎င်းကြက်များ၏ ကြီးထွားမှု လျင်မြန်ခြင်းနှင့် ကုန်ကျစရိတ်သက်သာခြင်းတို့ကြောင့် စီပီကြက်မွေးမြူသူအရေအတွက်မှာ တိုးမြင့်လာသည်။ ဒေသခံစီပီမွေးမြူသူများအား အဓိကပံ့ပိုးပေးနေသည့်အုပ်စုမှာ CP Livestock Compamy Limited ဖြစ်သည်။ ၎င်းအုပ်စုက မွေးမြူသူများအား ကြက်ပေါက်များ၊ ကြက်စာနှင့် လိုအပ်သည့်ဆေးဝါးအထောက်အပံ့များကို ပေးလျက် ရှိသည်။ ဒေသကြက်မွေးမြူခြင်းထက် စီပီကြက်မွေးမြူခြင်းက ပိုမိုတွက်ခြေကိုက်သည်။ ဒေသ ခံကြက်များမှာ ကြီးထွားနှုန်းနှေးကွေးသည်။ စီပီကြက်တစ်ခြံ (အကောင် ၂၀၀ ခန့်) ရောင်းပါက ကျပ်ငွေ ၆၀၀,၀၀၀ မှ ၈၀၀,၀၀၀ အထိရနိုင်သည်။[64]

63 Ibid

64 The Global New Light of Myanmar, URL: http://www.globalnewlightofmyanmar.com/c-p-expands-its-breed-ing-operations-in-rakhine-state/

## စစ်တွေရှိ ကြက်မွေးမြူရေးလုပ်ငန်းမှကောက်ယူအချက်အလက်များ [65]

### စီပီအသားစာကြက်မွေးမြူရေးခြံ

| | |
|---|---|
| လုပ်ငန်းအမျိုးအစား | အသားစားကြက်မွေးမြူရေး (စီပီ) |
| ကြက်အမျိုးအစား | အသားစားကြက် |
| ကြက်ပေါက်များပံ့ပိုးသူ | Myanmar CP Livestock Co Ltd. |
| ကြက်စာ | ပြောင်း (၃၀%) ၊ ဆန်ကွဲ (၃၀%) ၊ ငါးမှုန့် (၄၀%) |
| ထုတ်လုပ်သည့်ကြက်အရေအတွက် | ၃၆၀,၀၀၀ ခန့် |
| တစ်လလျှင် အလုပ်သမားလစာ | ကြက် ၂,၀၀၀ ကောင်ခန့်လျှက် ကျပ် ၅၀၀,၀၀၀ |
| ဈေးကွက် | ပြည်တွင်းဈေးကွက်များ |
| ဈေးကွက်အချက်အလက်အရင်းအမြစ် | ကုမ္ပဏီ၏သုတေသနစစ်တမ်း |
| သယ်ယူပို့ဆောင်သည့်နည်းလမ်း | ကုန်းလမ်းဖြင့် |

**ကျွဲ၊ နွားမွေးမြူခြင်း**

## ကျောက်တော်မြို့နယ်ရှိ ကျွဲနွားမွေးမြူရေးခြံမှကောက်ယူအချက်အလက်များ [66]

### သဘော်ကွဲကျေးရွာ ကျွဲနွားမွေးမြူခြံ

| | |
|---|---|
| တည်နေရာ | သဘော်ကွဲကျေးရွာ၊ ကျောက်တော်မြို့နယ်၊ မြောက်ဦး |
| တိရစ္ဆာန်အမျိုးအစား | နွား ၉၅ ကောင်<br>ကျွဲ ၁၂၀ ကောင် |
| မွေးမြူသည့်နည်းလမ်း | • မွေးမြူသည့်နည်းလမ်း<br>• ကျွဲသားပေါက် ၂၀ ကျော်နှင့် နွားသားပေါက် ၃၀ ကျော်ကို သဘာဝအတိုင်းမွေးမြူသည်။<br>• ၁ နှစ်တာလုံးအတွက် ကျွဲ၊ နွားထိန်းကျောင်းရန် အလုပ်သမား ၃ ဦးမှ ၆ ဦးလိုအပ်သည်။ |
| အဓိကအစားအစာ | ဝါးရွက်များ၊ မြက်များနှင့် ကောက်ရိုးများ |
| လက်ရှိဈေးနှုန်း | တစ်ကောင်လျှင် ကျပ် ၄၅၀,၀၀၀–၆၀၀,၀၀၀ (ကျွဲ ၃ နှစ်မှ ၄ နှစ်သား)<br>တစ်ကောင်လျှင် ကျပ် ၄၀၀,၀၀၀–၅၀၀,၀၀၀ (နွားကြီး) |
| အဓိကဈေးကွက် | ပြည်တွင်းဈေးကွက် (နိုင်ငံခြားဈေးကွက်သို့တင်ပို့ရန် လိုင်စင်မရှိသောကြောင့်) |
| ဈေးကွက်အလားအလာများ | ဘင်္ဂလားဒေ့ရှ်နှင့်အိန္ဒိယ |

## ပုဏ္ဏားကျွန်းမြို့နယ်ရှိ နွားမွေးမြူရေးခြံမှကောက်ယူအချက်အလက်များ [67]

### နို့စားနွားမွေးမြူခြင်း

| | |
|---|---|
| မွေးမြူသည့်ပုံစံ | နို့စားနွားမွေးမြူခြင်း |
| နို့စားနွားအရေအတွက် | နိုင်ငံခြားနွား ၂၈ ကောင်နှင့် ဒေသနွား ၈ ကောင် |
| မွေးမြူရေးမြေဧရိယာစုစုပေါင်း | ၃၀ ဧက |
| နွားစာရယူသည့်နေရာ | မန္တလေးနှင့် ရန်ကုန်<br>နီပီးယား (Nevia) မြက်မျိုးကို ခြံထဲတွင် စိုက်ပျိုးထားသည်။ |
| တစ်လလျှင်အသုံးပြုသည့်နွားစာပမာဏ | ဝါးဖတ်ပျော့ (တစ်အိတ်လျှင် ၆၀၀ ကီလိုဂရမ် = ၃၀ အိတ် x ၂၀ ကီလိုဂရမ်)<br>အစာတောင့် (တစ်အိတ်လျှင် ၁,၅၀၀ ကီလိုဂရမ် = ၃၀ အိတ် x ၅၀ ကီလိုဂရမ်) |
| နို့စားနွားနို့ထုတ်လုပ်မှုနှုန်း | နို့စားနွား ၅ ကောင်လျှင် ၅၅ လီတာ |
| လက်ရှိအရွယ်ရောက်နွားကြီးတစ်ကောင်ဈေးနှုန်း | ကျပ် ၄၀၀,၀၀၀ – ၇၀၀,၀၀၀ |

65 U Kyaw Ko Ko Latt, Manager. C.P Poultry Farming. Address: Bogyoke Road, Sittwe. Ph:09 255704399

66 U Tun Aye Thar, the Owner of Cattle Breeding Farm Address: Thinbwa Kwe Village, Kyauk Taw township, Mrauk U District

67 U Hla Tun Kyaw, Padaethar Farming, Ponnagyun Township. Ph: 09 767950933

## ၆.၁(ခ).၃ မွေးမြူရေးကဏ္ဍအားသုံးသပ်ချက်

| အားသာချက်၊ အားနည်းချက်သုံးသပ်မှု |
|---|
| **အားသာချက်များ** |
| • မြေနေရာရရှိနိုင်ခြင်း |
| • ပြည်တွင်း၊ ပြည်ပဈေးကွက်များ ထိစပ်မှုရှိခြင်း |
| • ပြည်တွင်းဈေးကွက်တွင် ဝယ်လိုအားများခြင်း |
| **အားနည်းချက်များ** |
| • မွေးမြူခြင်းနှင့်ထုတ်လုပ်ခြင်းတွင် နည်းပညာများလိုအပ်ခြင်း |
| • ငွေကြေးအခက်အခဲ |
| • ဥပဒေအကန့်အသတ်များ |
| • လျှပ်စစ်ဓာတ်အားမရှိခြင်း |
| **အခွင့်အလမ်းများ** |
| • တိရစ္ဆာန်အစာထုတ်လုပ်ခြင်း |
| • တိရစ္ဆာန်မွေးမြူနိုင်ခြင်း |
| • အေးခဲအသားထုတ်လုပ်သည့် စက်ရုံ |
| • တိရစ္ဆာန်ကုဆေးခန်း |
| • သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း |
| • စာချုပ်ချုပ်ဆိုမွေးမြူခြင်း |
| **ခြိမ်းခြောက်မှုများ** |
| • မုန်တိုင်းများအပါအဝင် ကြမ်းတမ်းသောရာသီဥတု |
| • တိရစ္ဆာန်ရောဂါများဖြစ်ပွားမှု |
| • မုန်တိုင်းများအပါအဝင် ကြမ်းတမ်းသောရာသီဥတု |

| ဖြေဆိုသူများ၏သဘောထားအမြင်များ |
|---|
| "ကြက်မွေးမြူခြင်းအတွက် မြေနေရာလွယ်ကူစွာရရှိနိုင်သည်။ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းမှ ကြက်ဝယ်လိုအား တိုးမြင့်လာသည်။ ထို့ကြောင့် တိရစ္ဆာန်မွေးမြူခြင်းသည် ပြည်တွင်း၊ ပြည်ပဈေးကွက်အတွက် အလားအလာရှိသောစီးပွားရေးလုပ်ငန်းဖြစ်သည်။" [68] |
| "လျှပ်စစ်ဓာတ်အားသည် အသားစားမွေးမြူခြင်းတွင် အရေးကြီးသည်။ အသားစားကြက်များထုတ်လုပ်မှုကောင်းရန်နှင့် ကြက်များအနေဖြင့် အစာကိုအလွယ်တကူတွေ့မြင်နိုင်ရန် အလင်းရောင်လိုအပ်သည်။" [69] |
| "ရခိုင်ပြည်နယ်၏မွေးမြူရေးကဏ္ဍတွင် အဓိကအားနည်းချက်မှာ မြေယာပိုင်ဆိုင်မှုအတွက် မွေးမြူသူများတွင် ပုံစံ-၁၀၅ မရှိခြင်းဖြစ်သည်။ ပုံစံ-၁၀၅ သည်တရားဝင်အသိအမှတ်ပြုစာရွက်စာတမ်းဖြစ်သည်။ ထို့အတွက် ဘဏ်များမှ ချေးငွေရရှိရန် ခက်ခဲသည်။"[70] |
| "တိရစ္ဆာန်မွေးမြူခြင်းသည် သံတွဲတွင် အလားအလာအကောင်းဆုံး စီးပွားရေးလုပ်ငန်းဖြစ်သည်။ ဟိုတယ်များမှ ကြက်၊ ဝက်၊ အမဲသားနှင့်ပင်လယ်စာများကို အများဆုံးမှာယူကြသည်။ နိုင်ငံတော်သည်ပွင့်လင်းလာသဖြင့် ခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်လာပြီး ၎င်းဒေသများတွင်ဟိုတယ်များ ပိုမိုဖွင့်လှစ်လာနိုင်သည်။ ထို့ကြောင့် တိရစ္ဆာန်မွေးမြူရေးသည် ရင်းနှီးမြှုပ်နှံမှုအတွက် အကောင်းဆုံးအလားအလာဖြစ်သည်။" [71] |
| "ရခိုင်ပြည်နယ်တွင် သဘာဝရေ၊ မြေများ ကျယ်ပြန့်စွာရှိသဖြင့် မြက်ကို စီးပွားဖြစ်စိုက်ပျိုးခြင်းသည် အလားအလာရှိသောစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။ သဘာဝမြေနေရာဥပဒေ (Virgin Land Law) ကို အတည်ပြုပြီးဖြစ်သည်။ ယင်းဥပဒေအရ ပြည်နယ်အစိုးရမှ သဘာဝမြေနေရာ ၅၀-၆၀ ဧကကို လုပ်ကိုင်ခွင့်ပြုထားသည်။ သဘာဝမြေနေရာကို ကုမ္ပဏီပေါင်း ၇၀ ကျော်မှ လက်တွေ့အသုံးချနေပြီဖြစ်သည်။" [72] |
| "မာန်အောင်ကျွန်းတွင် နို့စားနွားမွေးမြူခြင်းသည် ရင်းနှီးမြှုပ်နှံရန် အလားအလာကောင်းသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။" [73] |

68 U Min Than Hteik, the Owner, Yin Min Htike -Travel & Tour Company, Thandwe Township. Ph. 090421730810

69 U Kyaw Ko Ko Latt, Manager, CB Company: Poultry Farming. Ph.09 255704399

70 U Min Oo, Nay Chi Thwe Thit Chicken Farming, West Sanpya Ward, Sittwe. Ph: 09 -896908968


71 U Ali Ko, Resident Manager, Amazing Ngapali Resort Hotel, Ph.09 402773606

72 Dr. Nay Naing Htoo, Myanmar Livestock Development Co Ltd. Ph. 09 250290261

73 Dr. Than Naing, Director, Livestock Breeding and Veterinary Department, Sittwe. Ph: 09 85023083

## မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ

**မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍတွင်လုပ်ငန်းလုပ်ကိုင်ရန်အတွက်တည်ရှိဆဲနှင့် အလားအလာရှိသောနေရာများ**



## ၆.၂ စိုက်ပျိုးရေးကဏ္ဍ

### ၆.၂.၁ စိုက်ပျိုးရေးကဏ္ဍအားခြုံငုံတင်ပြမှု

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် ရခိုင်ပြည်နယ်စီးပွားရေး၏ပင်မကျောရိုးကဏ္ဍတစ်ခုဖြစ်သည်။ ရခိုင်ပြည်နယ်တွင် စိုက်ပျိုးနိုင်သည့် မြေ ၁၈% ရှိသည့်အနက် ၁၄% ကိုသာ သီးနှံစိုက်ပျိုးလုပ်ကိုင်လျက်ရှိသည်။ အဓိကစိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပြီး၊ ဆီထွက်သီးနှံများ၊ မြေပဲနှင့် ရာသီအလိုက် သီးနှံများကိုလည်း စိုက်ပျိုးသည်။ စပါးကို မိုးရာသီကာလတွင် အဓိကထားစိုက်ပျိုးသည်။ လက်ရှိကာလတွင် ရခိုင်ပြည်နယ်တွင် မိုးစပါးစိုက်ဧက တစ်သန်းကျော်ရှိသည့်အနက် စပါးစိုက်ဧက ၀.၂၀% မှသာလျှင် မျိုးကောင်းစပါးကို စိုက်ပျိုးနိုင်သည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် ကျေးလက်နေအိမ်ထောင်စုများ စားနပ်ရိက္ခာဖူလုံရေးအတွက် အဓိကအဖြစ်ပါဝင်သည်။ ၎င်းကဏ္ဍသည် ရခိုင်ပြည်နယ်စီးပွားရေးကဏ္ဍတစ်ခုလုံး၏ ပင်မကျောရိုးကဏ္ဍဖြစ်သော်လည်း ဝမ်းစာဖူလုံရေးစိုက်ပျိုးရေးလုပ်ငန်းအဆင့်သာရှိသေးသည်။ လယ်သမားများအနေဖြင့် ခေတ်မီလယ်ယာကဏ္ဍသုံး စက်ယန္တရားများ၊ အရည်အသွေးမြင့်မျိုးစပါးများကို အထွက်နှုန်းတိုးတက်စေရန် သုံးစွဲနိုင်မှုမရှိကြပါ။ ဤကဲ့သို့ အခက်အခဲများရှိသော်လည်း စိုက်ပျိုးမြေပေါကြွယ်ဝမှု၊ ကုလားတန်၊ လေးမြို့နှင့် မေယုမြစ်တို့တွင် ရေချိုရရှိနိုင်ခြင်းနှင့် ကျေးလက်ဒေသတို့တွင် လုပ်သားရရှိနိုင်မှုတို့ကြောင့် ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်ရန်ကောင်းသော ကဏ္ဍတစ်ခုဖြစ်သည်။

**စိုက်ပျိုးရေးကဏ္ဍတွင်အဓိကအကျိုးသက်ဆိုင်သူများ**

စိုက်ပျိုးရေးကဏ္ဍတွင် အဓိကအကျိုးသက်ဆိုင်သူများအား အောက်တွင်ဖော်ပြထားပါသည်။

၁ ရခိုင်ပြည်နယ်အစိုးရ
၂ စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
၃ စက်မှုလယ်ယာဦးစီးဌာန
၄ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
၅ ရခိုင်ပြည်နယ်ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်း
၆ Rakhine Rice Public Company Limited[74]
၇ Kyauktaw Public Company Limited
၈ အသေးစားနှင့်အလတ်စားစိုက်လယ်သမားများ

**ရခိုင်ပြည်နယ်တွင်စိုက်ပျိုးသောအဓိကသီးနှံများ**


ရခိုင်ပြည်နယ်အတွင်း အဓိကစိုက်ပျိုးသီးနှံများမှာ စပါး၊ ပဲတီစိမ်း၊ သီဟိုဠ်နှင့်ဆီထွက်သီးနှံအမျိုးမျိုးတို့ ဖြစ်ကြသည်။ အောက်ဖော်ပြပါဇယားတွင် ရခိုင်ပြည်နယ် ခရိုင် ၅ ခုရှိ အဓိကစိုက်ပျိုးသည့် သီးနှံများကို ဖော်ပြထားသည်။ မြောက်ဦးခရိုင်တွင် စပါးနှင့် ပဲတီစိမ်းကို အဓိကစိုက်ပျိုးပြီး ကျောက်ဖြူခရိုင်တွင် သီဟိုဠ်ကို အဓိကစိုက်ပျိုးကြသည်။

ဇယား ၂၇၊ **ရခိုင်ပြည်နယ် ခရိုင်များတွင်စိုက်ပျိုးသော အဓိကသီးနှံများ၏ စုစုပေါင်းစိုက်ဧကများ (၂၀၁၇-၁၈)**[75]

| စဉ် | ခရိုင် | စပါး | ပဲတီစိမ်း | သီဟိုဠ် |
|---|---|---|---|---|
| | | (ဧက) | | |
| ၁ | စစ်တွေ | ၂၆၉,၈၆၈ | ၂၇၃ | ၂၀၉ |
| ၂ | မြောက်ဦး | ၃၀၀,၀၇၀ | ၁၉,၈၀၇ | ၈၀၈ |
| ၃ | မောင်တော | ၆၇,၃၄၈ | - | ၆၄၀ |
| ၄ | ကျောက်ဖြူ | ၁၆၂,၉၃၃ | ၁,၅၃၅ | ၁၁,၃၅၁ |
| ၅ | သံတွဲ | ၁၃၀,၂၃၃ | - | ၄၃၁ |
| | စုစုပေါင်း ▶ | ၉၃၀,၄၅၂ | ၂၁,၆၁၅ | ၁၃,၄၃၉ |

[74] Rakhine Rice Public Company Limited. Address: Kone Tan Ward, Sittwe, Ph: + 95 9 25 1132605
[75] Biyearly Report (2018), General Administration Department, Rakhine State

ပုံ ၁၆၊ **ရခိုင်ပြည်နယ်တွင်စိုက်ပျိုးသောအဓိကသီးနှံများ၏စိုက်ဧကများ**[76]




## နှံစားသီးနှံများ

### စပါး

ဆန်စပါးကို ရခိုင်ပြည်နယ်တစ်ဝန်းတွင် စိုက်ပျိုးကြသည်။ တောင်သူလယ်သမားကြားတွင် ရေပန်းစားသည့် စပါးအမျိုးအစားများမှာ ပေါ်ဆန်းမွှေးနှင့် ပေါ်ဆန်းယဉ်စပါးမျိုးတို့ဖြစ်သည်။ စပါးကို ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များတွင် အဓိကစိုက်ပျိုးကြသည်။[77] သံတွဲမြို့နယ်တွင်လည်း စိုက်ပျိုးသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံလိုသူများအတွက် စာချုပ်ဖြင့်စိုက်ပျိုးခြင်း (contract farming) လုပ်ငန်းသည် အလားအလာကောင်းသည့် စီးပွားရေးလုပ်ငန်းဖြစ်သည်။[78]


ဇယား ၂၈၊ **ရခိုင်ပြည်နယ်တွင် နှစ်အလိုက်စိုက်ပျိုးသောနှံစားသီးနှံများ (စပါး၊ ဂျုံ၊ ပြောင်း) (၂၀၀၉-၂၀၁၇)**[79]

| နှစ် | စပါး | ဂျုံ | ပြောင်း |
|---|---|---|---|
| | (ဧက) | | |
| ၂၀၀၉-၁၀ | ၁,၂၃၇,၄၇၆ | ၃ | ၁၄၀ |
| ၂၀၁၀-၁၁ | ၁,၂၃၇,၄၉၅ | - | ၁၆၃ |
| ၂၀၁၁-၁၂ | ၁,၁၄၃,၀၁၉ | - | ၈၆ |
| ၂၀၁၂-၁၃ | ၁,၁၃၃,၀၃၈ | - | ၃၉ |
| ၂၀၁၃-၁၄ | ၁,၁၂၈,၇၃၂ | - | ၃၉ |
| ၂၀၁၄-၁၅ | ၁,၁၂၃,၅၉၇ | - | ၂၈ |
| ၂၀၁၅-၁၆ | ၁,၁၁၆,၆၆၀ | - | ၅၇၁ |
| ၂၀၁၆-၁၇ | ၁,၁၁၃,၁၅၉ | - | ၅၀ |


**ရင်းနှီးမြှုပ်နှံသူများအတွက် စာချုပ်ဖြင့်စိုက်ပျိုးခြင်း (contract farming) သည် သင့်လျော်သော စီးပွားရေးလုပ်ငန်းဖြစ်သည်။**

[76] Ibid
[77] U Aung San Thar, Deputy Directory, The department of Agriculture, Rakhine State
[78] Ibid
[79] Statistical Yearbook 2017, Central Statistics Organization


ပုံ ၁၇၊ **သီးနှံစိုက်ပျိုးခြင်း (၂၀၀၉-၂၀၁၀ မှ ၂၀၁၆-၂၀၁၇)**




ပုံ ၁၈၊ **ပြောင်းစိုက်ပျိုးခြင်း (၂၀၀၉-၂၀၁၉ မှ ၂၀၁၆-၂၀၁၇)**





ပုံ ၁၉၊ **ရခိုင်ပြည်နယ်ရှိ အဓိကစိုက်ပျိုးသောသီးနှံများ၏ရာခိုင်နှုန်းပါဝင်မှုများ**[80]




80 Central Statistic Organization (2016-2017)

ပုံ ၂၀၊ **နှစ်အလိုက်စုစုပေါင်းစပါးစိုက်ဧက (၂၀၀၉-၂၀၁၀ မှ ၂၀၁၆-၂၀၁၇)**




**လယ်ယာစိုက်ပျိုးရေးလုပ်ငန်းရှိ ပြုပြင်ထုတ်လုပ်ခြင်းဆိုင်ရာကောက်ယူအချက်အလက်များ**[81]

**ဒီဇယ်လောင်စာသုံးဆန်စက်လုပ်ငန်း (သံတွဲ)**

| | |
|---|---|
| လုပ်ငန်းအမျိုးအစား | ဒီဇယ်လောင်စာသုံးဆန်စက် |
| နေရာ | သံတွဲမြို့နယ် |
| ကုန်ကြမ်းရရှိနိုင်မှု | တစ်နှစ်လျှင် တန် ၁၀၀,၀၀၀ ကျော် |
| ကုန်ကြမ်းအမျိုးအစား | ဆန်၊ မြေပဲ၊ မြေနေရာ |
| အလုပ်သမားခ | တစ်ရက်လျှင် တစ်ဦးကို ကျပ် ၅,၀၀၀ – ၁၀,၀၀၀ |
| ထွက်ရှိသည့်ဆန်အမျိုးအစား | ဆင်းသွယ်လတ်၊ ရိုးကြီး၊ မနောသုခ၊ ဇီဝ၊ ကောက်ကြီး |
| တစ်နှစ်ထွက်ရှိနှုန်း | တစ်နှစ်လျှင် တန်ချိန် ၈၀,၀၀၀ – ၉၀,၀၀၀ |
| ပို့ကုန်ဈေးကွက် | ပြည်တွင်းဈေးကွက် |
| သယ်ယူပို့ဆောင်သည့်နည်းလမ်း | ကုန်းလမ်းဖြင့် |
| ပျမ်းမျှသယ်ယူပို့ဆောင်ကုန်ကျစရိတ် | ၁၂ ဘီးကုန်ကားတစ်စီးလျှင် ကျပ် ၅၀၀,၀၀၀ |

## ဆီထွက်သီးနှံများ

### မြေပဲစိုက်ပျိုးရေး

မြေပဲနှင့်နှမ်းကို မြောက်ဦး၊ ကျောက်တော်၊ မင်းပြားမြို့နယ်များတွင် အဓိကစိုက်ပျိုးသည်။ ဤမြို့နယ်များတွင် ရေချို ပေါများပြီး နုန်းမြေများလည်းရှိသည်။ အထူးသဖြင့် ဆီထွက်သီးနှံများကို ဆောင်းရာသီ၌စိုက်ပျိုးကြသည်။ ရိတ်သိမ်း သီးနှံများကို ပြည်တွင်းဈေးကွက်များဖြစ်သည့် မကွေးမြေပဲဈေးကွက်သို့ တင်ပို့ရောင်းချသည်။[82] ပို့ကုန်ဈေးကွက်များ ဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့သည် ရခိုင်ပြည်နယ်နှင့် နီးကပ်စွာတည်ရှိသည်။ မြေပဲနှင့်နှမ်းစိုက် ပျိုးရေးလုပ်ငန်းကို အလားအလာကောင်းသည့် လုပ်ငန်းတစ်ခုအဖြစ် မြင်ကြသည်။ အထူးသဖြင့် ကုလားတန်မြစ် ကြောင်းသယ်ယူပို့ဆောင်ရေးစီမံကိန်းပြီးစီးလျှင် အိန္ဒိယဈေးကွက်သို့ ရောင်းချနိုင်သဖြင့် အလားအလာကောင်းသည့် လုပ်ငန်းအဖြစ်မြင်ကြသည်။

ဇယား ၂၉၊ **ရခိုင်ပြည်နယ်ရှိ မြေပဲနှင့်နှမ်းနှစ်အလိုက်စိုက်ပျိုးဧက (၂၀၀၉-၂၀၁၇)**[83][84]

| ဘဏ္ဍာနှစ် | မြေပဲ | မြေပဲ (ဆောင်း) | နှမ်း (ဆောင်းဦး) | နှမ်း (ဆောင်းနှောင်း) |
|---|---|---|---|---|
| ၂၀၀၉-၁၀ | ၂,၅၄၅ | ၉၅,၂၄၇ | ၃,၈၂၈ | ၁,၀၃၆ |
| ၂၀၁၀-၁၁ | ၂,၅၇၃ | ၉၇,၈၁၉ | ၃,၈၉၄ | ၁,၀၅၆ |
| ၂၀၁၁-၁၂ | ၂,၂၆၁ | ၈၈,၄၁၇ | ၃,၈၉၇ | ၈၀၂ |
| ၂၀၁၂-၁၃ | ၂,၁၂၂ | ၈၅,၅၅၈ | ၃,၇၅၁ | ၃၁၁ |

[81] U Myo Win, the Chairperson, Rice Mills Association (Thandwe), Ph: 09 421756978


[82] U Mg Win Soe, Groundnut Farming and Oil mill. No.136, Saw Pyi Nyo Street, Kyauktaw

[83] Ibid

[84] Ibid

| | | | | |
|---|---|---|---|---|
| ၂၀၁၃-၁၄ | ၂,၀၉၂ | ၈၆,၆၆၂ | ၃,၇၀၂ | ၃၃၄ |
| ၂၀၁၄-၁၅ | ၁,၉၄၄ | ၈၃,၈၆၇ | ၃,၇၉၄ | ၃၀၀ |
| ၂၀၁၅-၁၆ | ၁,၉၆၃ | ၈၅,၅၅၂ | ၃,၈၁၈ | ၃၄၂ |
| ၂၀၁၆-၁၇ | ၁,၉၈၇ | ၈၄,၁၇၁ | ၃,၈၀၇ | ၃၂၅ |

ပုံ ၂၁၊ **ဆီထွက်သီးနှံများစိုက်ပျိုးမှုအခြေအနေ**




## ပဲမျိုးမျိုး

### မတ်ပဲ


အဓိကစိုက်ပျိုးသော ပဲအမျိုးအစားများအနက် မတ်ပဲ၊ ပဲတီစိမ်း၊ ဘိုကိတ်ပဲ၊ ပဲကြီး၊ ပဲလွန်း၊ ပဲစင်းငုံနှင့် ကုလားပဲတို့ကို များစွာစိုက်ပျိုးကြသည်။ ဘိုကိတ်ပဲနှင့် မတ်ပဲတို့ကို မြောက်ဦး၊ ကျောက်တော်နှင့် မင်းပြားမြို့နယ်များတွင် အဓိက စိုက်ပျိုးကြသည်။

ဇယား ၃၀၊ **ရခိုင်ပြည်နယ်၌ နှစ်အလိုက်ပဲစိုက်ပျိုးမှုဧက (၂၀၀၉-၂၀၁၇)** [85]

| ဘဏ္ဍာနှစ် | မတ်ပဲ | ပဲတီစိမ်း | ဘိုကိတ်ပဲ | ပဲကြီး | ပဲလွန်း | ပဲစင်းငုံ | ကုလားပဲ |
|---|---|---|---|---|---|---|---|
| ၂၀၀၉-၂၀၁၀ | ၆၁,၇၁၉ | ၅,၉၇၉ | ၁၁၀,၇၈၄ | ၁၇ | ၁,၃၂၇ | ၃,၃၆၇ | ၅ |
| ၂၀၁၀-၂၀၁၁ | ၆၃,၀၈၂ | ၆,၄၅၆ | ၁၁၁,၆၀၃ | ၂၁ | ၁,၄၀၄ | ၃,၅၀၂ | ၅ |
| ၂၀၁၁-၂၀၁၂ | ၄၂,၅၈၃ | ၄,၉၂၅ | ၇၃,၅၈၇ | ၂၅ | ၁,၃၀၇ | ၃,၄၇၁ | ၆ |
| ၂၀၁၂-၂၀၁၃ | ၃၇,၉၇၂ | ၃,၆၄၂ | ၆၂,၆၀၃ | ၂၀ | ၁,၂၆၈ | ၂,၃၈၆ | ၆ |
| ၂၀၁၃-၂၀၁၄ | ၃၈,၃၀၇ | ၃,၇၁၄ | ၆၂,၄၉၀ | ၂၆ | ၁,၂၀၈ | ၁,၉၅၁ | ၆ |
| ၂၀၁၄-၂၀၁၅ | ၃၉,၀၃၃ | ၄,၂၁၁ | ၆၀,၃၇၃ | ၂၆ | ၁,၃၀၀ | ၁,၄၀၂ | ၆ |
| ၂၀၁၅-၂၀၁၆ | ၃၇,၆၆၂ | ၃,၉၅၂ | ၅၇,၅၁၉ | ၂၉ | ၁,၄၀၇ | ၁,၄၁၆ | ၆ |
| ၂၀၁၆-၂၀၁၇ | ၃၈,၂၂၉ | ၃,၇၁၇ | ၅၆,၃၅၄ | ၂၉ | ၆၄၅ | ၁,၂၉၅ | ၆ |

85 Ibid

ပုံ ၂၂၊ **ပဲစိုက်ပျိုးမှုဧက (၂၀၀၉-၁၀ မှ ၂၀၁၆-၁၇)**





## ဟင်းခတ်အမွှေးအကြိုင်များ — ရေတ်၊ ကြက်သွန်နီနှင့် ကြက်သွန်ဖြူ

ရခိုင်ပြည်နယ်အတွင်း အဓိကစိုက်ပျိုးသည့် ဟင်းခတ်အမွှေးအကြိုင်များမှာ ရေတ်၊ ကြက်သွန်နီနှင့်ကြက်သွန်ဖြူတို့ကို ပြည်တွင်းစားသုံးရန်အတွက် စိုက်ပျိုးကြသည်။[86] သို့ရာတွင် ပြည်တွင်းဈေးကွက်နှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မကြာသေးမီနှစ်များက တင်ပို့ရောင်းချလာကြသည်။

ဇယား ၃၁၊ **ရခိုင်ပြည်နယ်ရှိနှစ်အလိုက်စိုက်ပျိုးသည့် ဟင်းခတ်အမွှေးအကြိုင်သီးနှံစိုက်ပျိုးမှုဧက (၂၀၀၉-၂၀၁၇)**[87]


| ဘဏ္ဍာနှစ် | ရေတ် | ကြက်သွန် | ကြက်သွန်ဖြူ |
|---|---|---|---|
| | ဧက | | |
| ၂၀၀၉-၁၀ | ၃၄,၉၃၉ | ၃,၄၃၇ | ၁,၂၁၉ |
| ၂၀၁၀-၁၁ | ၃၆,၁၆၃ | ၃,၅၀၃ | ၁,၃၉၂ |
| ၂၀၁၁-၁၂ | ၃၄,၄၃၀ | ၁,၈၉၇ | ၇၇၂ |
| ၂၀၁၂-၁၃ | ၃၃,၆၆၂ | ၁,၇၅၅ | ၇၀၄ |
| ၂၀၁၃-၁၄ | ၃၃,၅၄၇ | ၁,၇၅၃ | ၇၃၅ |
| ၂၀၁၄-၁၅ | ၃၄,၁၃၉ | ၁,၇၅၆ | ၇၆၀ |
| ၂၀၁၅-၁၆ | ၃၄,၃၉၄ | ၁,၇၅၂ | ၇၆၀ |
| ၂၀၁၆-၁၇ | ၃၄,၃၃၃ | ၁,၇၇၅ | ၈၀၃ |

ရေတ်စိုက်ပျိုးမှုအခြေအနေ (၂၀၀၉-၂၀၁၇)




86 U Aung San Thar, the Deputy Director, the Department of Agriculture, Rakhine State
87 Ibid

ပုံ ၂၃၊ ကြက်သွန်နီနှင့် ကြက်သွန်ဖြူစိုက်ပျိုးမှုအခြေအနေ (၂၀၀၉-၁၀ — ၂၀၁၆-၁၇)





## ဆေးရွက်ကြီး၊ ကွမ်းသီးနှင့် ကွမ်းရွက်

ဇယား ၃၂၊ **ရခိုင်ပြည်နယ်ရှိ နှစ်အလိုက် စိုက်ပျိုးသည့်ဆေးရွက်ကြီး၊ ကွမ်းသီးနှင့် ကွမ်းရွက်တို့၏ စိုက်ပျိုးဧက (၂၀၀၉-၂၀၁၇)**[88]

| ဘဏ္ဍာနှစ် | ဆေးရွက်ကြီး | ကွမ်းသီး | ကွမ်းရွက် |
|---|---|---|---|
| | (ဧက) | | |
| ၂၀၀၉-၁၀ | ၄,၆၁၃ | ၆,၇၁၄ | ၁,၁၂၆ |
| ၂၀၁၀-၁၁ | ၄,၇၀၇ | ၆,၇၃၆ | ၁,၁၆၆ |
| ၂၀၁၁-၁၂ | ၄,၆၀၅ | ၆,၈၇၄ | ၁,၂၀၄ |
| ၂၀၁၂-၁၃ | ၄,၅၄၆ | ၆,၈၇၄ | ၁,၂၀၂ |
| ၂၀၁၃-၁၄ | ၄,၅၃၄ | ၆,၇၈၁ | ၁,၂၀၃ |
| ၂၀၁၄-၁၅ | ၄,၉၆၂ | ၆,၇၈၅ | ၁,၂၀၈ |
| ၂၀၁၅-၁၆ | ၄,၅၂၆ | ၆,၇၈၅ | ၁,၂၂၈ |
| ၂၀၁၆-၁၇ | ၄,၅၀၂ | ၆,၇၈၈ | ၁,၂၃၆ |

ပုံ ၂၄၊ ရခိုင်ပြည်နယ်အတွင်း ဆေးရွက်ကြီး၊ ကွမ်းသီးနှင့် ကွမ်းရွက်စိုက်ပျိုးမှုအခြေအနေ (၂၀၀၉ မှ ၂၀၁၇)




88 Ibid

## ကွမ်းသီး

ကွမ်းသီးပင်ကို မြောက်ဦး၊ မင်းပြားနှင့် ကျောက်တော်မြို့နယ်များတွင် စိုက်ပျိုးသည်။ ကွမ်းသီးကို ပြည်နယ်တွင်းနှင့် ပြည်တွင်းဈေးကွက်များတွင် ရောင်းချသည်။ ကွမ်းသီးကို အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ရောင်းချကြသည်။ မကြာမီနှစ်များက ကွမ်းသီးစိုက်တောင်သူများ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းမှ အမြတ်အများအပြားရရှိကြသည်။ ၂၀၁၈ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး၏ စိုက်ပျိုးထုတ်လုပ်မှုသည် တန်ချိန် ၁၀,၀၀၀ ခန့်ထွက်ရှိသော်လည်း ပြည်ပဈေးကွက်သို့ တန်ချိန် ၄၀,၀၀၀ ကျော်ခန့် တင်ပို့ရောင်းချခဲ့သည်။[89] ကွမ်းသီးစိုက်တောင်သူများအနေဖြင့် ကုလားတန်မြစ်ကြောင်း ဘက်စုံသယ်ယူပို့ဆောင်ရေး စီမံကိန်းပြီးမြောက်သည့်အခါ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းမှ ပိုမိုဝင်ငွေရရှိလာမည်ဟု မျှော်လင့်ကြသည်။

### ကွမ်းသီးပင်စိုက်ပျိုးခြင်းမှကောက်ယူအချက်အလက်များ[90]

| | |
|---|---|
| ကွမ်းသီးစိုက်ပျိုးသည့်ဧရိယာစုစုပေါင်း | ၁၅ ဧက |
| တည်နေရာ | မြောက်ဦးနှင့် မင်းပြား |
| ကွမ်းသီးသီးရန်ကြာမြင့်ချိန် | ၇ – ၁၀ နှစ်ထိ စိုက်ပျိုးရသည် |
| ခူးဆွတ်သည့်အကြိမ်ရေ | တစ်နှစ်လျှင် ၃ ကြိမ်မှ ၆ ကြိမ်ထိ |
| နှစ်စဉ်အထွက်နှုန်း | တစ်ဧကလျှင် ကွမ်းသီး ၁၀,၀၀၀–၁၅၀,၀၀၀ |
| ဈေးနှုန်း | ၁ မောင်း (၂၅ ပိဿာ) လျှင် ကျပ် ၆၀,၀၀၀ – ၁၀၀,၀၀၀ |
| ဈေးကွက် | ပြည်တွင်းဈေးကွက်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ |


ကြံ (၂၀၁၆-၁၇) ရခိုင်ပြည်နယ်တွင် **၁,၂၇၇ ဧက** စိုက်ပျိုးလျက်ရှိသည်။

## ကြံ

ကြံသည် မြန်မာနိုင်ငံအတွက် အဓိကစက်မှုသီးနှံတစ်ခုဖြစ်သည်။ မကြာမီသေးမီနှစ်များက ပြည်တွင်းသကြားစားသုံးမှု မြင့်တက်လာသည့်အတွက်ကြောင့် ကြံစိုက်ပျိုးရေးလုပ်ငန်းအရှိန်ရလာသည်။ ကြံကို မန္တလေး၊ ပဲခူးနှင့်မွန်ပြည်နယ်တို့တွင် အဓိကစိုက်ပျိုးကြသည်။ ပြည်တွင်းဈေးကွက်ဝယ်လိုအားကို ပြည့်မီရန်အတွက် ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့၌လည်း ကြံကိုစိုက်ပျိုးကြသည်။
ရခိုင်ပြည်နယ်တွင် ကြံကို ကျောက်တော်နှင့် မြောက်ဦးမြို့နယ်များတွင် အဓိကစိုက်ပျိုးသည်။ ကြံကို သကြားထုတ်လုပ်ရန်အတွက် အဓိကအသုံးပြုသည်။ ကျောက်တော်မြို့နယ်တွင် တစ်နေ့လျှင် ကြံတန်ချိန် ၃၀၀ မက်ထရစ်တန် ကြိတ်နိုင်သည့် သကြားစက်ရုံတစ်ရုံရှိပြီးဒေသထွက်ကြံများကို အဓိကဝယ်ယူသည်။ အထူးသဖြင့် ပြည်တွင်းဝယ်လိုအားမြင့်မားလာခြင်းကြောင့် ကြံစိုက်ပျိုးရေးလုပ်ငန်းသည် အလားအလာကောင်းသည့်လုပ်ငန်းဖြစ်သည်။[91] ကျောက်တော်သကြားစက်ရုံတွင်လည်း ထုတ်လုပ်လျက်ရှိပြီး ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယဈေးကွက်များသို့ တင်ပို့နိုင်သဖြင့် ကြံစိုက်ပျိုးရေးလုပ်ငန်းသည် အလားအလာကောင်းသည့် လုပ်ငန်းဖြစ်သည်။

ဇယား ၃၃၊ **ရခိုင်ပြည်နယ်၌ နှစ်အလိုက်ကြံစိုက်ပျိုးဧက (၂၀၀၉-၂၀၁၇)**[92]

| ဘဏ္ဍာနှစ် | ကြံ (ဧက) |
|---|---|
| ၂၀၀၉-၁၀ | ၂,၆၇၉ |
| ၂၀၁၀-၁၁ | ၂,၄၆၁ |
| ၂၀၁၁-၁၂ | ၂,၂၀၆ |
| ၂၀၁၂-၁၃ | ၁,၉၈၇ |
| ၂၀၁၃-၁၄ | ၁,၅၈၅ |
| ၂၀၁၄-၁၅ | ၁,၈၀၅ |
| ၂၀၁၅-၁၆ | ၁,၈၆၈ |
| ၂၀၁၆-၁၇ | ၁,၂၇၇ |





89 Myanmar Times, "India bans betel nut imports as illegal trade rises", 25 May 2018. URL: https://www.mmtimes.com/news/india-bans-betel-nut-imports-illegal-trade-rises.html
90 U Hla Shwe, Farmer of Betel Nut Farming, Nga Mae Pyin Village, Mrauk-U Township. Ph: 09 261195995
91 U Thar Sein, Sugarcane Farmer, Kyauktaw Sugar Mill. Ph: 09 264 984486
92 Ibid

## ဟင်းသီးဟင်းရွက်နှင့် သစ်သီးများ

ဇယား ၃၄၊ ရခိုင်ပြည်နယ်ရှိ နှစ်အလိုက် ဟင်းသီးဟင်းရွက်နှင့် သစ်သီးများ စိုက်ဧကများ (၂၀၀၉-၂၀၁၇)[93]

| ဘဏ္ဍာနှစ် | အာလူး | ငုက်ပျော | ဟင်းသီးဟင်းရွက်များ | အသီးများ |
|---|---|---|---|---|
| | ဧက | | | |
| ၂၀၀၉-၁၀ | ၉,၃၀၄ | ၆,၉၆၂ | ၉၆,၅၄၇ | ၅၈,၂၃၇ |
| ၂၀၁၀-၁၁ | ၉,၃၉၂ | ၇,၀၀၉ | ၁၀၁,၁၅၂ | ၅၉,၄၁၄ |
| ၂၀၁၁-၁၂ | ၈,၇၀၀ | ၇,၁၀၂ | ၉၈,၅၇၁ | ၆၀,၇၅၈ |
| ၂၀၁၂-၁၃ | ၇,၈၅၃ | ၇,၁၄၇ | ၉၄,၄၀၈ | ၆၀,၉၀၁ |
| ၂၀၁၃-၁၄ | ၈,၀၁၆ | ၇,၂၁၆ | ၉၆,၅၆၅ | ၆၀,၈၅၀ |
| ၂၀၁၄-၁၅ | ၈,၀၇၄ | ၇,၂၃၀ | ၉၈,၉၅၉ | ၆၁,၆၃၁ |
| ၂၀၁၅-၁၆ | ၈,၂၃၇ | ၇,၃၆၀ | ၉၇,၂၆၉ | ၆၆,၉၈၉ |
| ၂၀၁၆-၁၇ | ၈,၂၅၂ | ၇,၅၇၅ | ၉၆,၉၉၀ | ၆၇,၂၁၇ |




## သီဟိုဋ်

သီဟိုဠ်စိုက်ပျိုးရေးလုပ်ငန်းသည် အလားအလာကောင်းသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပြီး နိုင်ငံခြားဝယ်လိုအား ရှိသည်။ ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံ၏သီဟိုဠ်စေ့ပို့ကုန်မှ ဒေါ်လာ ၁၀.၁ သန်း ဝင်ငွေရရှိခဲ့သည်။[94] ရခိုင်ပြည်နယ်တွင် သီဟိုဠ်ကို ကျောက်ဖြူခရိုင်၊ အမ်းမြို့နယ်တွင် အများဆုံးစိုက်ပျိုးသည်။ နိုင်ငံခြားဈေးကွက်ခိုင်မာသော်လည်း သီဟိုဠ်စိုက်ပျိုးရေးလုပ်ငန်းမှ အမြတ်အစွန်းရရှိမှုနည်းပါးသည်။ အကြောင်းရင်းမှာ စိုက်ပျိုးနည်းပညာ၊ ထုတ်ပိုးမှုနှင့် ငွေကြေးအခက်အခဲများကြောင့် ဖြစ်သည်။ သို့ရာတွင် သီဟိုဠ်စိုက်ပျိုးရေးလုပ်ငန်းသည် အလားအလာကောင်းသည်။ အထူးသဖြင့် သီဟိုဠ်ဝိုင်နှင့် သီဟိုဠ်သစ်လုပ်ငန်း စသည့်လုပ်ငန်းများသည် အလားအလာကောင်းသည်။[95]

### ကျောက်ဖြူခရိုင်၊ အမ်းမြို့နယ်သီဟိုဠ်စိုက်ခင်းမှကောက်ယူအချက်အလက်များ[96]

| | |
|---|---|
| စုစုပေါင်းစိုက်ပျိုးဧက | ၈၀ ဧက |
| တစ်ဧကလျှင် ထွက်ရှိနှုန်း | ၄,၀၀၀ ပိဿာ |
| သီးနှံထွက်ရှိသည့်သက်တမ်း | ၆ နှစ် |
| ခူးဆွတ်သည့်ရာသီ | ဖေဖော်ဝါရီမှ မေလအတွင်း |
| သိုလှောင်မှု | စပါးကျီထဲတွင် |
| ပို့ကုန်ဈေးကွက်များ | ဗီယက်နမ်၊ တရုတ်၊ စင်ကာပူနှင့် ထိုင်း |

### ၆.၂.၂ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင်ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ

| | |
|---|---|
| သွင်းအားစုလုပ်ငန်းများ | • မျိုးစေ့ဖြန့်ဖြူးခြင်း<br>• မြေသြဇာ၊ သီးနှံထိန်းသိမ်းရန်နှင့် ပိုးသတ်ဆေးနှင့် မှိုဆေးများ ဖြန့်ဖြူးခြင်း<br>• စိုက်ပျိုးရေးသုံးစက်ယန္တရားနှင့် စက်ကိရိယာများ ဖြန့်ဖြူးခြင်း |
| ပြုပြင်ထုတ်လုပ်မှုလုပ်ငန်းများ | • စိုက်ပျိုးရေးနှင့်သက်ဆိုင်သောထုတ်လုပ်ရေးလုပ်ငန်းများ<br>• တန်ဖိုးပေါင်းဖြည့်လယ်ယာထွက်ကုန်များထုတ်လုပ်ခြင်း<br>• သိုလှောင်မှု၊ ထုတ်ပိုးမှုနှင့် စည်သွတ်ဘူးလုပ်ငန်း<br>• သယ်ယူပို့ဆောင်ရေးလုပ်ငန်း |
| ထောက်ပံ့ရေးကွန်ရက်ရှိ အဓိကကျသည့်ပုဂ္ဂိုလ်အဖွဲ့အစည်းများ | • ဘဏ်နှင့်အာမခံလုပ်ငန်းဝန်ဆောင်မှုများ<br>• လယ်ယာစိုက်ပျိုးရေးသမဝါယအသင်းအဖွဲ့လုပ်ငန်း<br>• သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း<br>• ဈေးကွက်ရှာဖွေရေးအဖွဲ့များဖွဲ့စည်းခြင်း |

93 Ibid

94 The Global New Light of Myanmar, "Myanmar earned $ 10.1 million from cashew nut exports", January 16,2018. Website: http://www.globalnewlightofmyanmar.com/myanmar-earned-10-1-million-cashew-nut-exports/

95 U Kyaw Kyaw Linn, Cashew Farmer, Ann township. Kyauk Phyu district.

96 Ibid.

## ၆.၂.၃ စိုက်ပျိုးရေးကဏ္ဍအားသုံးသပ်ခြင်း

| အားသာချက်၊ အားနည်းချက်သုံးသပ်မှု | ဖြေဆိုသူများ၏သဘောထားအမြင်များ |
|---|---|
| **အားသာချက်များ**<br>• စိုက်ပျိုးမြေပေါများခြင်း<br>• ကျေးလက်ဒေသတွင်လုပ်သားအင်အားရှိခြင်း<br>• ရေသွင်းစိုက်ပျိုးရန် ဆောင်းနှင့်နွေရာသီတွင် ရေချိုရရှိခြင်း<br>• နိုင်ငံခြားဈေးကွက်နှင့် နီးကပ်စွာရှိခြင်း<br>**အားနည်းချက်များ**<br>• ကျွမ်းကျင်လုပ်သားများ ရှားပါးခြင်း<br>• လယ်ယာသွင်းအားစုများအတွက် ငွေကြေးအခက်အခဲရှိခြင်း<br>• စိုက်ပျိုးရေးဆိုင်ရာ အသိပညာနည်းပါးခြင်း၊ ကုန်စည်ထုတ်လုပ်၊ စည်သွပ်၊ ပြုပြင်ဖန်တီးသည့်နည်းပညာများမရှိခြင်း[100]<br>**အခွင့်အလမ်းများ**<br>• ကန်ထရိုက်လယ်ယာစိုက်ပျိုးရေး<br>• လယ်ယာသုံးစက်ပစ္စည်းများဖြန့်ဖြူးရောင်းချခြင်း<br>• မြေသြဇာဖြန့်ဖြူးရောင်းချခြင်း<br>• ထွက်နှုန်းကောင်းမျိုးစေ့များထုတ်လုပ်ခြင်း [101]<br>• ထွက်နှုန်းကောင်းမျိုးစေ့များ ဖြန့်ဖြူးရောင်းချခြင်း<br>• ရေချိုသိုလှောင်ကန်များ တည်ဆောက်ခြင်း<br>• စပါးခွံမှ ထင်းမီးသွေးထုတ်လုပ်ခြင်း[102]<br>• သားငါးမွေးမြူရေးကဏ္ဍအတွက်အစာများ ထုတ်လုပ်ခြင်း[103]<br>• ဆန်ကြာဖံ ထုတ်လုပ်ခြင်း[104]<br>**ခြိမ်းခြောက်မှုများ**<br>• ရာသီဥတုပြောင်းလဲခြင်း၊ မုန်တိုင်းများတိုက်ခတ်မှု<br>• လူမျိုးရေးပဋိပက္ခဖြစ်ပွားခြင်း[105] | "ကျောက်တော်နှင့်ပလက်ဝမြို့နယ်များတွင်မြေသြဇာကောင်းမွန်သည့် မြေအများအပြားရှိသည်။[97] အထူးသဖြင့်လေးမြို့မြစ်နှင့်ကုလားတန်မြစ်ဝှမ်းတစ်လျှောက် သီးနှံများကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်သည်။" [98]<br>———<br>"ငပလီကမ်းခြေတစ်လျှောက် ဟိုတယ်များတိုးပွားလာခြင်းကြောင့် သီးနှံမျိုးစုံနှင့်ပင်လယ်စာများဝယ်လိုအားမြင့်တက်လျက်ရှိသည်။<br>ဟင်းသီးဟင်းရွက်မျိုးစုံစိုက်ပျိုးရေးသည် အလားအလာကောင်းသည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတစ်ခုဖြစ်သည်။" [99] |

97 U Ba Maung (Managing Director), U Khin Maung Win Soe (Director), U Aung Myint (Director), Kyauk Taw Public Company Ltd.

98 U Than Hlaing, Former Chairperson, Mrauk U Hotel, Ann Pauk Wa Company Co Ltd. Ph. 09 783331111

99 U Ali Ko, Resident Manager (Amazing Ngapali Resort Hotel, Ph.09 402773606

100 U Myo Win, the Chairman of Rice Mills Association (Thandwe), Ph: 09 421756978

101 U Shwe Tun Aung, the Chairman, the Rakhine Rice Company

102 Ibid


103 Ibid

104 Ibid

105 U Toe Wai, the State Official, the Department of Agriculture, Rakhine State

# စိုက်ပျိုးရေးကဏ္ဍ

## စိုက်ပျိုးရေးကဏ္ဍတွင်လုပ်ငန်းလုပ်ကိုင်ရန်အတွက်တည်ရှိဆဲနှင့် အလားအလာရှိသောနေရာများ



## ၆.၃ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍ

### ၆.၃.၁ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍအာခြုံငုံဖော်ပြမှု

၂၀၁၀ ခုနှစ်၊ မြန်မာနိုင်ငံ နိုင်ငံရေးနှင့်စီးပွားရေးအသွင်ကူးပြောင်းမှုကို စတင်သည့်အချိန်မှစ၍ ဟိုတယ်နှင်ခရီးသွားလာရေးကဏ္ဍသည် ရခိုင်ပြည်နယ်၏အလားအလာကောင်းသော စီးပွားရေးကဏ္ဍတစ်ခုအဖြစ်ထွက်ပေါ်လာခဲ့သည်။ ရခိုင်ပြည်နယ်အတွင်း သဘာဝသယံဇာတကြွယ်ဝမှု၊ ယဉ်ကျေးမှုနှင့်သမိုင်းဆိုင်ရာအမွေအနှစ်များ ပေါကြွယ်ဝခြင်း၊ ဒေသခံတိုင်းရင်းသားမျိုးနွယ်စုများ၏ ထူးခြားသည့်ဝိသေသလက္ခဏာများစသည့် အချက်အလက်များသည် ပြည်တွင်းပြည်ပခရီးသွားများကို ဆွဲဆောင်နေသည့်အချက်အလက်များဖြစ်သည်။

ရခိုင်ပြည်နယ်အတွင်း အဓိကခရီးသွားများသွားလာလည်ပတ်သည့်နေရာများမှာ ရခိုင်ဘုရင်များနန်းစိုက်ခဲ့သည့် မြောက်ဦးမြို့၊ အာရှ၏အလှပဆုံးကမ်းခြေတစ်ခုဖြစ်သည့် ငပလီကမ်းခြေတို့ဖြစ်ကြသည်။ ထို့အပြင် ရခိုင်ကမ်းမြောင်တစ်လျှောက် သဘာဝအတိုင်းတည်ရှိနေသည့်ကမ်းခြေများနှင့်ခရီးသွားများကိုဆွဲဆောင်နိုင်သည့် နေရာအများအပြားရှိသည်။ လက်ရှိအခြေအနေတွင် ရခိုင်ပြည်နယ်အတွင်းလည်ပတ်လုပ်ကိုင်နေသည့် ဟိုတယ်အလုံးပေါင်း ၅၃ လုံးရှိသည်။ ဟိုတယ်အများဆုံးမှာ ငပလီမြို့နယ် သံတွဲခရိုင်တွင်ရှိသည်။


ငပလီကမ်းခြေတစ်လျှောက် ဟိုတယ်အလုံးပေါင်း ၃၉ လုံးရှိပြီး၊ မြောက်ဦးနှင့်စစ်တွေမြို့တွင် ဟိုတယ် ၅ လုံးနှင့် ကျောက်ဖြူတွင် ဟိုတယ် ၄ လုံးရှိသည်။ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၏ စာရင်းအရ ၂၀၁၇-၁၈ ခုနှစ်တွင် ရခိုင်ပြည်နယ်သို့ နိုင်ငံတကာခရီးသွားဧည့်သည် ၆၄,၇၂၇ ဦး ဝင်ရောက်လည်ပတ်ခဲ့သည်။

ဇယား ၃၅၊ **၂၀၁၈ ခုနှစ် ဟိုတယ်နှင့် ခရီးသည်အရေအတွက် (ခရိုင်အလိုက်)** [106]

| စဉ် | ခရိုင် | နိုင်ငံခြားသား ခရီးသွားများ | ဟိုတယ်များ |
|---|---|---|---|
| ၁ | စစ်တွေ | ၈,၂၉၇ | ၅ |
| ၂ | မြောက်ဦး | ၃,၂၃၈ | ၅ |
| ၃ | ကျောက်ဖြူ | ၂,၆၉၆ | ၄ |
| ၄ | သံတွဲ | ၅၀,၄၉၆ | ၃၉ |
| | **စုစုပေါင်း ▶** | ၆၄,၇၂၇ | ၅၃ |

**ရခိုင်ပြည်နယ်အတွင်း အဓိကခရီးသွားများ သွားလာလည်ပတ်သည့်နေရာများမှာ ရခိုင်ဘုရင်များနန်းစိုက်ခဲ့သည့် မြောက်ဦးမြို့၊ အာရှ၏အလှပဆုံး ကမ်းခြေတစ်ခုဖြစ်သည့် ငပလီကမ်းခြေတို့ ဖြစ်ကြသည်။**

ပုံ ၂၅၊ **ရခိုင်ပြည်နယ်အတွင်း နိုင်ငံခြားခရီးသွားများ ဝင်ရောက်မှု - ခရိုင်အလိုက်**




106 Department of Hotel and Tourism (2017-2018)

## ရခိုင်ပြည်နယ်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း အဓိကအကျိုးသက်ဆိုင်သူများ

ရခိုင်ပြည်နယ် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍ၏ အဓိကကျသည့် အကျိုးသက်ဆိုင်သူများကို အောက်ပါအတိုင်း ဖော်ပြပါသည်။

၁ ရခိုင်ပြည်နယ်အစိုးရ
၂ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဦးစီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန
၃ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ရခိုင်ဖုန်) [107]

### ၆.၃.၂ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍနှင့်သက်ဆိုင်သည့် ဥပဒေနှင့်ညွှန်ကြားချက်များ

၁ မြန်မာ့ခရီးသွားလုပ်ငန်းဥပဒေ (၂၀၁၈)
၂ ဟိုတယ်လုပ်ငန်းနှင့် တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်ဆိုင်ရာအမိန့် (၂၀၁၁)
၃ ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာအမိန့် (၂၀၁၁)
၄ ခရီးသွားပို့ဆောင်ရေးလုပ်ငန်းလိုင်စင်ဆိုင်ရာအမိန့် (၂၀၁၁)
၅ ကမ်းရိုးတန်းကမ်းခြေဇရိယာများဆိုင်ရာညွှန်ကြားချက်များ

## ရခိုင်ပြည်နယ်အတွင်းလည်ပတ်စရာမြင်ကွင်းများ

**မြောက်ဦးမြို့**သည်ရှေးရခိုင်ဘုရင်များ၏မြို့တော်ဖြစ်ပြီး၊ မြန်မာနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နေရာများ များအနက် ထင်ရှားသည့် နေရာတစ်ခု ဖြစ်သည်။ ရာစုနှစ်ချီသက်တမ်းရှိသည့် ဗုဒ္ဓပုထိုးတော်များ၊ စေတီများ၊ မြို့တံတိုင်းနှင့်နန်းမြို့ရိုး၊ နန်းတော်ရာအကြွင်းအကျန်များပြည့်နက်နေသည့်၎င်းမြို့သည် ကမ္ဘောဒီးယားနိုင်ငံရှိ အန်ကောပုထိုးတော်နှင့် ထိုင်းနိုင်ငံ အယုဒ္ဓယမြို့များနှင့် နှိုင်းယှဉ်လျှင် ခရီးသွားများဝင်ရောက်လည်ပတ်မှုမှာ



**မြောက်ဦး၏သမိုင်းဝင်နေရာများ**

များစွာနောက်ကျကျန်လျက်ရှိသည်။ သို့ရာတွင် ခရီးသွားလာရေးလမ်းကြောင်းနှင့် အခြေခံအဆောက်အအုံများ တိုးတက်လာသည့်အတွက် ခရီးသည်ဝင်ရောက်မှု ယခင်ကထက် တိုးမြင့်လာလျက်ရှိသည်။ မြောက်ဦးလေယာဉ်ကွင်းတိုးချဲ့ဆောက်လုပ်ရန် လျာထားချက်အစီအစဉ်ရှိသည့် ရှေးဟောင်းမြို့တစ်မြို့ဖြစ်သည့် မြောက်ဦးသည် ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန်အခွင့်အလမ်းကောင်းများရှိသည့်နေရာ တစ်ခုဖြစ်သည်။



**ငပလီကမ်းခြေ**သည် အာရှတွင်အလှပဆုံးကမ်းခြေတစ်ခုဖြစ်ပြီး၊ ရခိုင်ပြည်နယ်သို့ ခရီးသွားများလာရောက်လည်ပတ်သည့် အထင်ရှားဆုံးနေရာတစ်ခုလည်း ဖြစ်သည်။ ငပလီကမ်းခြေတွင် ဟိုတယ် ၃၉ လုံး ရှိသည်။ ရခိုင်ပြည်နယ်အစိုးရအနေဖြင့် သံတွဲခရိုင်အတွင်း ဟိုတယ်ဇုန်များဖော်ထုတ်ရေးအတွက် စီစဉ်ရေးဆွဲဆောင်ရွက်လျက်ရှိသည်။ ကမ်းသာယာ-ဆပ်သွား-မော်ရွှေချိုင်နေရာ များတွင်

**ငပလီကမ်းခြေနှင့်အပန်းဖြေနေရာများ**

ဟိုတယ်ဇုန်လုပ်ငန်း၌ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများရှိသည်။ ချိုင့်တော-လုံးသာချိုင်-ရွှေသာချိုင် ကမ်းခြေတွင်လည်း ဟိုတယ်ဇုန်ထုတ်ဖော်လျက်ရှိသည်။

---

[107] Myanmar Hoteliers Association, No.3A, Conner of Waizayandar Rd & Thanthumar Rd, Thuwanna Ward, Thingangyun Tsp, Yangon. Ph: +95 1 8551014

**လေးမြို့မြစ်**သည် ရခိုင်ပြည်နယ်အတွက် အတွက် အလွန်အရေးပါသည့် မြစ်တစ်စင်းဖြစ်သည်။ ရခိုင်ဘာသာစကားအရ မြစ်၏ဘေးတစ်ဖက်တွင် ရခိုင်မင်းဆက်များ၏ ခေတ်လေးခေတ်တွင်ထွန်းကားခဲ့သည့် မြို့လေးမြို့ကိုအစွဲပြု၍ လေးမြို့မြစ်ဟုခေါ်သည်။ လေးမြို့မြစ်သည် ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ မတူပီမြို့နယ်တွင် စတင်မြစ်ဖျားခံပြီး ၁၆၂ မိုင်ရှည်လျားသည့် မြစ်တစ်စင်းဖြစ်သည်။ ရခိုင်ပြည်နယ်အတွင်း ရေကြောင်းသွားလာရေးအတွက် အရေးပါသည့်မြစ်တစ်စင်းဖြစ်ရုံသာမက သဘာဝရေချိုရရှိနိုင်သောကြောင့် ရာသီပေါ်သီးနှံများ၊ ဟင်းသီးဟင်းရွက်များစိုက်ပျိုးရေးအတွက် အလွန်အလွန်အရေးပါသည့်မြစ်ဖြစ်သည်။



## လေးမြို့မြစ်ဒေသ သဘာဝခရီးသွားလုပ်ငန်း

ထို့အပြင် မြစ်ကမ်းဘေး တစ်ဖက်တစ်ချက်တွင် တိုင်းရင်းသားမျိုးနွယ်စုများဖြစ်ကြသည့် ချင်း၊ မြို၊ ခူမီ၊ သက်စသည့် ရခိုင်မျိုးနွယ်စုများ နေထိုင်ကြသည်။ ဤဒေသတွင် သဘာဝခရီးသွားလုပ်ငန်းအပြင် စိုက်ပျိုးကဏ္ဍတွင်လည်း ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းကောင်းများရှိသည်။



**မာန်အောင်ကျွန်း**သည် မြန်မာနိုင်ငံတွင် ဒုတိယအကြီးဆုံး ကျွန်းဖြစ်သည်။ ချီဒူဗာကျွန်း (Cheduba Island) ဟုလည်း လူသိများသည့်ကျွန်းတစ်ကျွန်းဖြစ်သည်။ ဘင်္ဂလားပင်လယ်အော်တွင် တည်ရှိပြီး ရမ်းဗြဲကျွန်းနှင့်နီးကပ်သည့် ကျွန်းဖြစ်သည်။ မာန်အောင်ကျွန်းပတ်သည် ၅၅ မိုင်ခန့်ရှိပြီး ကျွန်း၏စုစုပေါင်းဧရိယာမှာ ၂၀၂.၀၅ စတုရန်းမိုင်ရှိသည်။ ထူးခြားသည့်မြေမျက်နှာအသွင်အပြင်များနှင့်သန့်

## မာန်အောင်ကျွန်းသဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းစီမံကိန်း

ရှင်းပြီးရှည်လျားပင်လယ်ကမ်းများ ရှိသည့်ကျွန်းဖြစ်သောကြောင်း သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်တွက် အလားအလာကောင်းရှိသည်။ ထို့အပြင် ဤကျွန်းသည် မျိုးကောင်းနွားမွေးမြူရေးအတွက် ဇီဝဘေးကင်းဇုန်သတ်မှတ်ပြီး နွားမွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ရန်သင့်တော်သော ကျွန်းတစ်ကျွန်းဖြစ်သည်။ မာန်အောင်လေယာဉ်ကွင်းတိုးချဲ့ရေးလုပ်ငန်းများ တိုးတက်လာနေသည့်အတွက် သဘာဝကိုအခြေခံသောခရီးသွားလုပ်ငန်းကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများရှိသည်။

## ၆.၃.၃ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍတွင်ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ

| နေရာ | | စီမံကိန်း |
|---|---|---|
| ဂွ | • | ကမ်းသာယာ-ဆပ်သွား-မော်ရွှေချိုင်ဟိုတယ်ဇုန်[108] |
| သံတွဲ | • | ချိုင့်တော-လုံးသာချိုင်-ရွှေသာချိုင်ဟိုတယ်ဇုန် |
| မာန်အောင် | • | မာန်အောင်ကျွန်းသဘာဝကိုအခြေခံသောခရီးသွားလုပ်ငန်းစီမံကိန်း |
| မြောက်ဦး | • | လေးမြို့မြစ်ဝှမ်းသဘာဝအခြေပြုခရီးသွားလုပ်ငန်း |

## ၆.၃.၄ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍကိုသုံးသပ်ခြင်း

### အားသာချက်၊ အားနည်းချက်သုံးသပ်မှု

**အားသာချက်များ**

- မထုတ်ဖော်ရသေးသည့် သဘာဝအတိုင်းရှိသည့် ကမ်းခြေများနှင့် ယဉ်ကျေးမှုနေရာများရှိခြင်း
- ဟိုတယ်လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် မြေနေရာအများအပြားရှိခြင်း
- မြန်မာနိုင်ငံနှင့် ဒေသတွင်းမြို့ကြီးများနှင့် နီးကပ်မှုရှိခြင်း

**အားနည်းချက်များ**

- မြေဈေးနှုန်းများမြင့်မားခြင်း
- သယ်ယူပို့ဆောင်ရေးနှင့် အခြေခံအဆောက်အအုံများ ကောင်းမွန်မှုအားနည်းခြင်း[112]
- နည်းပညာကျွမ်းကျင်မှုနှင့် စီးပွားရေးကွန်ရက်ချိတ်ဆက်နိုင်မှုမရှိခြင်း

**အခွင့်အလမ်းများ**

- ဟိုတယ်များ၊ အပန်းဖြေစခန်းနှင့် အပန်းဖြေဒေသများတွင် ရင်းနှီးမြှုပ်နှံနိုင်ခြင်း
- ပင်လယ်ကမ်းခြေတွင် အိမ်ရာစီမံကိန်းများ ဖော်ထုတ်ခြင်း
- မြောက်ဦးဒေသနှင့် ပလက်ဝဒေသတို့တွင် သဘာဝကိုအခြေခံသည့် ခရီးသွားလုပ်ငန်း ဖော်ထုတ်ခြင်း[113]
- လက်မှုပညာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်း

**ခြိမ်းခြောက်မှုများ**

- မုန်တိုင်းကျရောက်မှုနှင့် ရာသီဥတုဆိုးဝါးမှု

### ဖြေဆိုသူများ၏သဘောထားအမြင်များ

"တခြားတိုင်းဒေသကြီးများနှင့်ပြည်နယ်များ ကွာခြားသည့်အချက် ငပလီကမ်းခြေနှင့် မြောက်ဦးရှေးဟောင်းမြို့၏ ထင်ရှားမှုကြောင့် ရခိုင်ပြည်နယ်၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသည် အတိုင်းအတာတစ်ခုအထိ ဖွံ့ဖြိုးတိုးတက်ပြီးဖြစ်သည်။"

"သံတွဲခရိုင်တွင် မထုတ်ဖော်ရသေးသည့် ပင်လယ်ကမ်းခြေအများအပြားရှိသည်။ ဟိုတယ်နှင့်အပန်းဖြေစခန်း လုပ်ငန်းကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံရန် မြေနေရာအမြောက်အများရှိသည်။"

"အဓိကကျသည့် ပြဿနာတစ်ရပ်မှာ မြေဈေးနှုန်းများအဆမတန်ကြီးမြင့်မှုဖြစ်သည်။ လက်ရှိပေါက်ဈေးမြေတစ်ဧကကို ကျပ်ငွေသိန်း ၁၅,၀၀၀ နှင့် ၃၅,၀၀၀ ကြားရှိသည့်အတွက် ရင်းနှီးမြှုပ်နှံလိုသည့် လုပ်ငန်းရှင်များအနေဖြင့် မြေနေရာတစ်ခုတည်းအတွက် ငွေကြေးအမြောက်အမြားသုံးစွဲရန် အခက်အခဲရှိနိုင်သည်။"[109]


"လက်မှုပညာစီးပွားရေးလုပ်ငန်းသည် သံတွဲနှင့် မြောက်ဦးမြို့တို့တွင် အလားအလာကောင်းသည့် စီးပွားရေးတစ်ခုဖြစ်သည်။ ကုန်ကြမ်းများ အလွယ်တကူရရှိနိုင်ပြီး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည့်အလျောက်အလားအလာရှိသောဖောက်သည်များလည်း တိုးပွားလာလျက်ရှိသည်။"[110]

"ရခိုင်ပြည်နယ်တွင် အဓိကရင်းနှီးမြှုပ်နှံနိုင်ရန် အကောင်းဆုံးကဏ္ဍမှာ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍ ဖြစ်သည်။ သဘာဝအလျောက် တည်ရှိနေသည့် ကမ်းခြေများ အများအပြားရှိပြီး ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးလာသည်နှင့် တစ်ပြိုင်နက် မကြာမီ ဤကမ်းခြေများလည်း တိုးတက်လာနိုင်သည်။"[111]

108 U Soe Moe Aung, the Head of Sat Thwar Village, Gwa township. Ph. 09.264098180
109 Daw Myit Myit Zaw, Deputy Staff-Officer, The Department of Fishery, Thandwe District. Ph.09 250331805
110 Daw Theint Theint Htwe, Manager (River Top Hotel), The Chairperson, Hotel Manager Association (Thandwe). Ph. 09 428138982
111 U Ali Ko, Resident Manager, Amazing Ngapali Hotel. Ph.09 402773606
112 U Thaw Zin Maung, Staff Officer, Department of Agriculture, Thandwe District, Ph: 09 250332745
113 U Lin Lin, Former Chairperson, Tourism Business Association, Mrauk U. Ph. 09 773282353

## ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍ

**ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍတွင်လုပ်ငန်းလုပ်ကိုင်ရန်အတွက်တည်ရှိဆဲနှင့် အလားအလာရှိသောနေရာများ**




Myanmar Survey Research

## ၆.၄ သစ်တောကဏ္ဍ

### ၆.၄.၁ သစ်တောကဏ္ဍအားခြုံငုံတင်ပြမှု

ရခိုင်ပြည်နယ်သည် သဘာဝသစ်တောပေါများသည့် ပြည်နယ်တစ်ခုဖြစ်သည်။ ရခိုင်ပြည်နယ်တွင် ဧရိယာအားဖြင့် ၅၂၀,၅၂၅.၉၂ ဧကရှိ ကြိုးဝိုင်းသစ်တော ၁၃ ခု ထိန်းသိမ်းကာကွယ်ထားသည့် ပြည်သူပိုင်သစ်တော ၂၃ ခု (ဧရိယာအကျယ်အဝန်းအားဖြင့် ၁,၅၇၀,၇၂၇.၇၂ ဧက) နှင့် ဧရိယာအကျယ်အဝန်းအားဖြင့် ၄၃၃,၈၄၃ ဧကရှိသည့် သဘာဝဝန်းကျင်နှင့် ဇီဝများထိန်းသိမ်းရေးကြိုးဝိုင်းတောတစ်ခုရှိသည်။ အမြဲတမ်းသစ်တောမြေ (Permanent Forest Estate) ဧရိယာစုစုပေါင်းမှာ ၂,၁၀၈,၈၀၂.၆၃ ဧကရှိပါသည်။[114]

ကျေးလက်ဒေသနေပြည်သူများသည် သစ်တောများအားအမှီပြုနေကြသည်။ ၂၀၁၄ ခုနှစ်၊ မြန်မာလူဦးရေနှင့်အိမ်ထောင်စုဆိုင်ရာသန်းခေါင်စာရင်းအရ ရခိုင်ပြည်နယ်ရှိ အိမ်ထောင်စုဦးရေ ၈၈% သည် အခြေခံစွမ်းအင်အဖြစ် ထင်း၊ မီးသွေးကို အသုံးပြုကြသည်။ သို့ရာတွင် ဤအချက်အလက်များသည် မကြာသေးမီက ပြောင်းလဲလာပြီး၊ မဟာဓာတ်အားလိုင်းပို့လွှတ်သည့်လျှပ်စစ်ကို သုံးစွဲနိုင်သည့်အိမ်ထောင်စုဦးရေများပြားလာသည်။

**ရခိုင်ပြည်နယ် သစ်တောကဏ္ဍ၏ အဓိကထွက်ကုန်များမှာ သစ်မာများ၊ ဝါး၊ ရော်ဘာ၊ ကြိမ်၊ သစ်တောထွက် ပျားရည်နှင့် ဖယောင်း စသည့်ကုန်ပစ္စည်းများ ထွက်ရှိသည်။**

ရခိုင်ပြည်နယ် သစ်တောကဏ္ဍ၏ အဓိကထွက်ကုန်များမှာ သစ်မာများ၊ ဝါး၊ ရော်ဘာ၊ ကြိမ်၊ သစ်တောနှင့်ဆက်စပ်သည့် ပျားရည်နှင့်ဖယောင်းစသည့် ပစ္စည်းများ ထွက်ရှိသည်။ ရခိုင်ပြည်နယ် သစ်တောကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် ဝါး၊ ရော်ဘာ၊ သစ်မာထုတ်လုပ်ခြင်း စသည့် လုပ်ငန်းတို့တွင် ရင်းနှီးမြှုပ်နှံရန်အလားအလာကောင်းများရှိသည်။

၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ် သစ်တောကဏ္ဍ၌ သစ်စက် ၄ စက်၊ ပြုပြင်ဖြတ်တောက်သည့်သစ်စက် ၆၀ နှင့် အိမ်တွင်းပရိဘောဂသစ်စက် ၆ ခုရှိသည်။

#### ရခိုင်ပြည်နယ်သစ်တောကဏ္ဍ၏ အဓိကအကျိုးသက်ဆိုင်သူများ

ရခိုင်ပြည်နယ်ရှိ သစ်တောကဏ္ဍ၌ပါဝင်သော အဓိကအကျိုးသက်ဆိုင်သူများမှာ -

၁ ရခိုင်ပြည်နယ်အစိုးရ
၂ သစ်တောဦးစီးဌာန၊ သဘာဝသယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

### ၆.၄.၂ သစ်တောကဏ္ဍနှင့်ဆက်စပ်ဥပဒေများ

မြန်မာနိုင်ငံတွင် သစ်တောကဏ္ဍနှင့်ဆက်စပ်သည့်ဥပဒေများမှာ -

၁ သစ်တောဥပဒေ (၂၀၁၈)
၂ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ

### ၆.၄.၃ သစ်တောကြိုးဝိုင်းများ[115]

ဇယား ၃၆၊ **ရခိုင်ပြည်နယ်ရှိသစ်တောကြိုးဝိုင်းများ**

| စဉ် | သစ်တောကြိုးဝိုင်းအမည် | မြို့နယ် | မြေဧရိယာ (ဧက) |
|---|---|---|---|
| ၁ | မေယုသစ်တောကြိုးဝိုင်း | မောင်တော | ၅၅,၆၂၃.၀၁ |
| ၂ | မေယုသစ်တောကြိုးဝိုင်း | ဘူးသီးတောင် | ၁၀,၈၆၂.၈၅ |
| ၃ | မေယုသစ်တောကြိုးဝိုင်း | ရသေ့တောင် | ၉,၇၈၀ |
| ၄ | ကုလားတန်သစ်တောကြိုးဝိုင်း | ကျောက်တော | ၂,၈၈၀ |
| ၅ | ဆင်တောင်သစ်တောကြိုးဝိုင်း | ကျောက်တော | ၃၃,၉၆၂.၅၀ |
| ၆ | ဆင်တောင်သစ်တောကြိုးဝိုင်း | မြောက်ဦး | ၂၈,၅၄၇.၆၉ |
| ၇ | ဗန္ဓုလသစ်တောကြိုးဝိုင်း | မင်းပြား | ၈,၄၃၉ |
| ၈ | ကွန်ချောင်းသစ်တောကြိုးဝိုင်း | မြေပုံ | ၁၅,၈၆၆ |

114 Ministry of Natural Resources and Forestry (2018) URL: https://www.forestdepartment.gov.mm/eng/news/10017

115 U Myint Win, Deputy Director, the Department of Forestry, Rakhine State

| | | | |
|---|---|---|---|
| ၉ | ဝမ်ဗိုက်သစ်တောကြိုးဝိုင်း | ရမ်းဗြဲ | ၅၆,၆၃၃ |
| ၁၀ | သံတွဲသစ်တောကြိုးဝိုင်း | သံတွဲ | ၇၅,၀၅၂ |
| ၁၁ | သူငွေးသစ်တောကြိုးဝိုင်း | သံတွဲ | ၇၈,၂၈၃ |
| ၁၂ | ရန်ခေါ်သစ်တောကြိုးဝိုင်း | တောင်ကုတ် | ၃၂,၈၄၉ |
| ၁၃ | လရှုးသစ်တောကြိုးဝိုင်း | တောင်ကုတ် | ၁၁,၀၀၄ |
| ၁၄ | ဆားပြင်သစ်တောကြိုးဝိုင်း | တောင်ကုတ် | ၄၄,၆၉၆ |
| ၁၅ | ရာဟုသစ်တောကြိုးဝိုင်း | တောင်ကုတ် | ၁၀,၅၄၄ |
| ၁၆ | ကျွဲရသစ်တောကြိုးဝိုင်း | တောင်ကုတ် | ၄၅,၅၀၃ |
| | စုစုပေါင်း ▶ | | **၅၂၀,၅၂၅** |

## တည်ထောင်ပြီးသစ်တောစိုက်ခင်းများ (၂၀၁၇-၁၈) [116]

ဇယား ၃၇၊ **တည်ထောင်ပြီးသစ်တောစိုက်ခင်းများ**

| စဉ် | ပိုင်ဆိုင်မှု | စိုက်ခင်းအမျိုးအစား | မြေဧရိယာ (ဧက) |
|---|---|---|---|
| ၁ | နိုင်ငံပိုင် | ပျဉ်းကတိုး | ၃၀၀ |
| ၂ | နိုင်ငံပိုင် | ဒီရေတော | ၂၃၀ |
| ၃ | နိုင်ငံပိုင် | ထင်းစိုက်ခင်း | ၁၆၀ |
| ၄ | နိုင်ငံပိုင် | သဘာဝတော တန်ဖိုးမြှင့်စိုက်ခင်း | ၃၀၀ |
| ၅ | ပုဂ္ဂလိကပိုင် | ကျွန်းစိုက်ခင်း | ၃၀၀ |
| ၆ | နိုင်ငံပိုင် + ပုဂ္ဂလိကပိုင် | သီးနှံ + သစ်တောအရောစိုက်ခင်း | ၆၀ |
| ၇ | နိုင်ငံပိုင် + ပုဂ္ဂလိကပိုင် | ဒေသခံပြည်သူအစုအဖွဲ့ပိုင်စိုက်ခင်း | ၁,၂၄၆.၇၅ |
| | **စုစုပေါင်း ▶** | | **၂,၅၉၇** |

## ရခိုင်ပြည်နယ်အတွင်း အစိုးရပိုင် (တည်ထောင်ပြီး) သစ်တောစိုက်ခင်းများ (၂၀၁၈) [117]

ဇယား ၃၈၊ **အစိုးရပိုင် (တည်ထောင်ပြီး) သစ်တောစိုက်ခင်းများ**

| စဉ် | စိုက်ခင်းအမျိုးအစား | မြေဧရိယာ (ဧက) |
|---|---|---|
| ၁ | ကျွန်း | ၄၄,၂၇၂ |
| ၂ | ပျဉ်းကတိုး | ၂၆,၄၃၉ |
| ၃ | ထင်း | ၉,၀၁၀ |
| ၄ | ဒီရေတော | ၂,၅၆၅ |
| ၅ | ရေဝေရေလဲ | ၂၅၀ |

## ရခိုင်ပြည်နယ်အတွင်း ပုဂ္ဂလိကပိုင် (တည်ထောင်ပြီး) သစ်တောစိုက်ခင်းများ[118]

ဇယား ၃၉၊ **ပုဂ္ဂလိကပိုင် (တည်ထောင်ပြီး) သစ်တောစိုက်ခင်းများ**

| စဉ် | ခရိုင် | မြို့နယ် | ဘဏ္ဍာနှစ် | လုပ်ကိုင်သူ | စိုက်ခင်းအမျိုးအစား | မြေဧရိယာ (ဧက) |
|---|---|---|---|---|---|---|
| ၁ | မောင်တော | မောင်တော | ၂၀၀၇-၂၀၁၈ | ၁၉ | ကျွန်းနှင့်သစ်မာ | ၄၉၉ |
| ၂ | မောင်တော | ဘူးသီးတောင် | ၂၀၀၇-၂၀၁၈ | | ကျွန်းနှင့်သစ်မာ | ၄၄ |
| ၃ | ကျောက်ဖြူ | ကျောက်ဖြူ | ၂၀၀၉-၂၀၁၈ | ၁၅ | သစ်မာ | ၅၃၀ |
| ၄ | သံတွဲ | ဂွ | ၂၀၀၈-၂၀၁၈ | ၆၅ | ပျဉ်းကတိုး | ၉၅၆.၅ |
| ၅ | သံတွဲ | တောင်ကုတ် | ၂၀၀၈-၂၀၁၅ | ၁၅ | ကျွန်း၊ ပျဉ်းကတိုး | ၁၅၈ |
| ၆ | ကျောက်ဖြူ | အမ်း | ၁၉၈၁-၂၀၁၈ | - | သစ်မာ | ၅၀၀ |
| ၇ | မြောက်ဦး | မင်းပြား | ၂၀၁၆-၂၀၁၈ | - | ကျွန်း | ၁,၀၀၀ |
| | **စုစုပေါင်း ▶** | | | | | **၃,၆၈၈** |

116 Ibid

117 Ibid

118 Ibid

## သစ်တောထွက်ပစ္စည်းထုတ်လုပ်မှုပမာဏ[119]

ဇယား ၄၀၊ **သစ်တောထွက်ပစ္စည်းထုတ်လုပ်မှုပမာဏ (၂၀၁၇-၂၀၁၈)**

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ထုတ်လုပ်မှုပမာဏ |
|---|---|---|---|
| ၁ | သစ် | တန် | ၉၃၈.၂၁၈၇ |
| ၂ | ကြိမ် | အချောင်း | ၃၁၆,၀၀၀ |
| ၃ | ဝါး | လုံး | ၁၅,၂၂၀,၀၀၀ |
| ၄ | ဓနိ | ဖျစ် | ၅,၂၈၅,၇၉၂ |

## တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ လွှစက်များ[120]

ဇယား ၄၁၊ **သစ်တောကဏ္ဍရှိလွှစက်များ**

| စဉ် | တိုင်းဒေသကြီးနှင့် ပြည်နယ်များ | ၂၀၁၆-၂၀၁၇ | | | |
|---|---|---|---|---|---|
| | | လွှစက်များ | ဖြတ်တောက်စက်များ | ဒေသခံလွှစက်များ[121] | စုစုပေါင်း |
| ၁ | ရန်ကုန် | ၂၈ | ၃၀၀ | ၁၁၉ | ၄၄၇ |
| ၂ | မန္တလေး | ၁၁၉ | ၂၁၃ | ၂၈ | ၃၆၀ |
| ၃ | ပဲခူး | ၄၅ | ၁၀၈ | ၉၁ | ၂၄၄ |
| ၄ | စစ်ကိုင်း | ၈၈ | ၁၀၄ | ၃၆ | ၂၂၈ |
| ၅ | မကွေး | ၁၇ | ၈၅ | ၂၆ | ၁၂၈ |
| ၆ | ကချင် | ၃ | ၁၂၃ | ၀ | ၁၂၆ |
| ၇ | တနင်္သာရီ | ၉ | ၆၉ | ၂၆ | ၁၀၄ |
| ၈ | မွန်ပြည်နယ် | ၆ | ၆၉ | ၂၂ | ၉၇ |
| ၉ | ရှမ်းပြည်နယ် | ၂၇ | ၅၈ | ၈ | ၉၃ |
| ၁၀ | ကရင် | ၁ | ၄၄ | ၃၅ | ၈၀ |
| ၁၁ | ဧရာဝတီ | ၉ | ၄၅ | ၂၁ | ၇၅ |
| ၁၂ | ရခိုင် | ၄ | ၆၀ | ၆ | ၇၀ |
| ၁၃ | နေပြည်တော် | ၁၄ | ၂၅ | ၇ | ၄၆ |
| ၁၄ | ကယား | ၇ | ၂၇ | ၈ | ၄၂ |
| ၁၅ | ချင်း | ၀ | ၂ | ၀ | ၂ |

## ဝါးထုတ်ကုန်များ

ဝါးကို ရခိုင်ရိုးမတစ်ကြောတွင် အများအပြားတွေ့ရှိရသည်။ ဝါးကိုထုတ်ကုန်အဖြစ် အမျိုးမျိုးထုတ်လုပ်ရာတွင် အသုံးပြုနိုင်သည်။ ဝါးထုတ်ကုန်အတွက် နိုင်ငံတကာဈေးကွက်များရှိသော်လည်း ဝါးစိုက်ပျိုးရေးလုပ်ငန်းသည် မြန်မာနိုင်ငံ မြန်မာနိုင်ငံနှင့်ရခိုင်ပြည်နယ်တွင် အနည်းအကျဉ်းသာရှိသည်။ အများအားဖြင့် ဝါးကို ပါကစ္စတန်၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ စင်ကာပူနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ တင်ပို့ရောင်းချသည်။[122] မြန်မာနိုင်ငံမှ ဝါးအဓိကတင်သွင်းသည့် နိုင်ငံမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဖြစ်သည်။[123]

**များသောအားဖြင့် ဝါးကို ပါကစ္စတန်၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ စင်ကာပူနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံများသို့ တင်ပို့ရောင်းချသည်။**

ရခိုင်ပြည်နယ်ရှိဒေသသုံး ဝါးထွက်ကုန်များမှာ ဝါးကုလားထိုင်၊ ဖျာ၊ အိပ်ရာ၊ ခွက်များ၊ ဝါးဘီးများနှင့်ညှပ်ဘူးများ ဖြစ်ကြသည်။ ဝါးကို ငြမ်းဆင်ခြင်း၊ တံတားများနှင့်အိမ်များ စသည့်ဆောက်လုပ်ရေးလုပ်ငန်းများတွင် တွင်ကျယ်စွာအသုံးပြုကြသည်။ ရခိုင်ပြည်နယ် ငပလီကမ်းခြေရှိ ဟိုတယ်များနှင့်၊ အခြားဒေသများတွင် အလှဆင်ပစ္စည်းများအဖြစ် အသုံးပြုကြသည်။ မကြာသေးမီနှစ်များက ပြည်တွင်းထုတ်ဝါးထွက်ကုန်များ၊ လက်မှုပစ္စည်းများ၊ လူသုံးနှင့်အိမ်သုံး

119 Ibid
120 Ibid
121 Domestic Industrial Mills refer to those mills used in producing furniture and other semi-finished products.
122 Myanmar Business Today, “Bamboo Exporters Seek Foreign Support”, Website https://www.mmbizto-day.com/articles/bamboo-exporters-seek-foreign-support
123 The Global New Light of Myanmar, “Myanmar plans to bamboo production with foreign techology”, September 25,2017. Website: http://www.globalnewlightofmyanmar.com/myanmar-plans-boost-bamboo-production-for-eign-technology/

ပစ္စည်းများသည် ပြည်တွင်းပြည်ပဈေးကွက်များတွင် ဝယ်လိုအား တက်လာသည်။

## ရော်ဘာ

ရော်ဘာကို ကျောက်ဖြူခရိုင်နှင့် မြောက်ဦးခရိုင်တွင် အများဆုံး စိုက်ပျိုးကြသည်။ ရာဘာစိုက်ပျိုးရေးလုပ်ငန်းသည် ကနဦး အဆင့်တွင်သာရှိသေးသော်လည်း အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းရှိသော လုပ်ငန်းကဏ္ဍတစ်ခုဖြစ်သည်။

**ဇယား ၄၃၊ နှစ်အလိုက်ရာဘာစိုက်ဧက**[124]

| ဘဏ္ဍာနှစ် | ရာဘာ (ဧက) |
|---|---|
| ၂၀၀၉-၁၀ | ၃၁,၃၈၀ |
| ၂၀၁၀-၁၁ | ၃၂,၈၉၁ |
| ၂၀၁၁-၁၂ | ၃၄,၃၂၀ |
| ၂၀၁၂-၁၃ | ၃၅,၄၀၀ |
| ၂၀၁၃-၁၄ | ၃၆,၇၁၉ |
| ၂၀၁၄-၁၅ | ၃၆,၅၂၃ |
| ၂၀၁၅-၁၆ | ၃၅,၅၂၂ |
| ၂၀၁၆-၁၇ | ၃၅,၅၂၉ |

## အုန်း

ရခိုင်ပြည်နယ်တွင် အုန်းပင်များအများအပြားသဘာဝအလျောက် ပေါက်သည်။ မာန်အောင်ကျွန်းသည် အုန်းသီးအများဆုံးထွက်သည့် နေရာတစ်ခုဖြစ်သည်။ အုန်းသီးကို အများအားဖြင့် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချသည်။ အုန်းသီးမှ အုန်းသီးမှုန့်၊ အုန်းနို့နှင့်အုန်းခရင်(မ်) များထုတ်လုပ်နိုင်သည့်အတွက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အလားအလာကောင်းသည့် လုပ်ငန်းတစ်ခုဖြစ်သည်။

**ဇယား ၄၂၊ ရခိုင်ပြည်နယ်ရှိလှေစက်များ - ခရိုင်အလိုက်**

| မြို့နယ် | လှေစက်အရွယ်အစား | | | စုစုပေါင်း |
|---|---|---|---|---|
| | အကြီး | အလတ် | အသေး | |
| **စစ်တွေခရိုင်** | | | | |
| စစ်တွေ | - | ၄ | ၄ | ၈ |
| ပုဏ္ဏားကျွန်း | - | - | - | - |
| ပေါက်တော | - | - | - | - |
| ရသေ့တောင် | - | - | - | - |
| **မြောက်ဦးခရိုင်** | | | | |
| မြောက်ဦး | - | - | ၃ | ၃ |
| ကျောက်တော | - | - | - | - |
| မင်းပြား | - | - | ၄ | ၄ |
| မြေပုံ | - | ၁ | - | ၁ |
| **မောင်တောခရိုင်** | | | | |
| မောင်တော | - | - | - | - |
| ဘူးသီးတောင် | - | - | ၂ | ၂ |
| **ကျောက်ဖြူခရိုင်** | | | | |
| ကျောက်ဖြူ | - | ၄ | ၃ | ၇ |
| မာန်အောင် | - | - | - | - |
| ရမ်းဗြဲ | - | - | - | - |
| အမ်း | - | - | ၁ | ၁ |
| **သံတွဲခရိုင်** | | | | |
| သံတွဲ | - | ၃ | ၁၅ | ၁၈ |
| တောင်ကုတ် | - | ၁၃ | - | ၁၃ |
| ဂွ | - | - | ၁ | ၁ |

**ဇယား ၄၄၊ နှစ်အလိုက် အုန်းစိုက်ပျိုးဧက**[125]

| ဘဏ္ဍာနှစ် | အုန်းပင် (ဧက) |
|---|---|
| ၂၀၀၉-၁၀ | ၁၃,၃၉၉ |
| ၂၀၁၀-၁၁ | ၁၃,၄၀၉ |
| ၂၀၁၁-၁၂ | ၁၃,၄၁၃ |
| ၂၀၁၂-၁၃ | ၁၃,၄၁၅ |
| ၂၀၁၃-၁၄ | ၁၂,၆၃၈ |
| ၂၀၁၄-၁၅ | ၁၂,၆၄၆ |
| ၂၀၁၅-၁၆ | ၁၂,၆၅၀ |
| ၂၀၁၆-၁၇ | ၁၂,၆၅၁ |

## ကျွန်း

**ကျွန်း၊ သစ်မာနှင့် ပျဉ်းကတိုးတို့ကို စီးပွားဖြစ် စိုက်ပျိုးနိုင်ပြီး ရင်းနှီးမြှုပ်နှံရန် အလားအလာ ကောင်းသည့် လုပ်ငန်း တစ်ခုဖြစ်သည်။**

စီးပွားဖြစ်ကျွန်းနှင့် သစ်တောစိုက်ပျိုးခြင်းများကို မောင်တော၊ ဘူးသီးတောင်၊ မင်းပြား၊ တောင်ကုတ်၊ အမ်းနှင့်သံတွဲမြို့နယ်များတွင် လုပ်ကိုင်ကြသည်။

ရခိုင်ပြည်နယ်အစိုးရအနေဖြင့် မြေရ ရှိရေးနှင့် လိုအပ်သည့်နည်းပညာများကို ကူညီပံ့ပိုးပေး လျက်ရှိသည့်အတွက် ကျွန်း၊ သစ်မာနှင့် ပျဉ်းကတိုးတို့ကို စီးပွားဖြစ်စိုက်ပျိုးနိုင်ပြီး ရင်းနှီးမြှုပ်နှံရန် အလားအလာကောင်းသည့် လုပ်ငန်းတစ်ခုဖြစ်သည်။

124 Central Statistic Organization, 2017
125 Central Statistic Organization, 2017

**စီးပွားဖြစ်ကျွန်းစိုက်ခင်းမှကောက်ယူအချက်အလက်များ**[126]

| | |
|---|---|
| ကျွန်းပျိုးပင်များရောင်းချသူ | သံတွဲမြို့နယ်သစ်တောဦးစီးဌာန |
| သစ်တောစိုက်ခင်း စိုက်ဧကစုစုပေါင်း | ၃၀ ဧက |
| တစ်ဧကရှိ ကျွန်းပင်အရေအတွက် | ၂၆၀ -၂၇၀ |
| စိုက်ခင်းကျွန်းပင်အရေအတွက် | ၈,၀၀၀ |
| ပြုစုပျိုးထောင်ပေးရသည့်အချိန် | ၅-၆ နှစ် |
| နည်းပညာကူညီပံ့ပိုးပေးမှု | သစ်တောဦးစီးဌာန |
| အလုပ်သမားလစာ | ကျပ် ၁၅၀,၀၀၀ – ၂၅၀,၀၀၀ |
| ကျွန်း ၁ တန် ဈေးနှုန်း | ကျပ် ၁,၀၀၀,၀၀၀ – ၁,၂၀၀,၀၀၀ |


## ၆.၄.၄ သစ်တောကဏ္ဍကိုသုံးသပ်ခြင်း

| အားသာချက်၊ အားနည်းချက်သုံးသပ်မှု | ဖြေဆိုသူများ၏ သဘောထားအမြင်များ |
|---|---|
| **အားသာချက်များ**<br>• ဝါးအများအပြားရှိခြင်း<br>• စီးပွားဖြစ်စိုက်ပျိုးရန်မြေအများအပြားရှိခြင်း<br>**အားနည်းချက်များ**<br>• ငွေကြေးခက်ခဲခြင်း<br>• ခေတ်မီနည်းပညာမရှိခြင်း<br>**အခွင့်အလမ်းများ**<br>• ဝါးထွက်ပစ္စည်းလက်မှုလုပ်ငန်းများ<br>• ကျွန်း၊ ပျဉ်းကတိုးနှင့် သစ်မာများ စိုက်ပျိုးခြင်း<br>**ခြိမ်းခြောက်မှုများ**<br>• သစ်တောပြုန်းတီးခြင်း | "စိုက်ပျိုးရန်မြေအများအပြား ရရှိနိုင်သည့်အတွက် ကျွန်း၊ ပျဉ်းကတိုးနှင့်သစ်မာများကဲ့သို့သော စိုက်ခင်းများ စီးပွားဖြစ် စိုက်ပျိုးနိုင်သည့် အခွင့်အလမ်းများရှိသည်။"<br>———<br>"ဝါးကို ရခိုင်ပြည်နယ်တွင် အမြောက်အများရရှိနိုင်သည်။" |

126 U Than Tun, Commercial Teak Plantation, Thandwe Township. Ph: 09.444403055

## သစ်တောကဏ္ဍ

**သစ်တောကဏ္ဍတွင်လုပ်ငန်းလုပ်ကိုင်ရန်အတွက်တည်ရှိဆဲနှင့် အလားအလာရှိသောနေရာများ**



## ၆.၅ ထုတ်လုပ်မှု / ပြုပြင်ပြောင်းလဲထုတ်လုပ်မှုကဏ္ဍ

### ၆.၅.၁ ထုတ်လုပ်မှု / ပြုပြင်ပြောင်းလဲထုတ်လုပ်မှုကဏ္ဍအားခြုံငုံတင်ပြခြင်း

ကုန်ထုတ်လုပ်မှုကဏ္ဍသည် ရခိုင်ပြည်နယ် ပြည်တွင်းထုတ်ကုန်စုစုပေါင်းတန်ဖိုး၏ သိသာသည့်အခန်းကဏ္ဍမှ ပါဝင်သည်။ ၂၀၁၆-၂၀၁၇ ရခိုင်ပြည်နယ်၏ စုစုပေါင်းအသားတင်ထုတ်ကုန်တန်ဖိုး၏ စက်မှုကဏ္ဍကြီးတစ်ခုလုံး၏ ၁၁.၂၂% ရှိပြီး၊ စက်မှုကဏ္ဍကြီး၏ အများဆုံးထည့်ဝင်သည့်ကဏ္ဍလည်းဖြစ်သည်။ ရခိုင်ပြည်နယ်၏ ကုန်ထုတ်လုပ်မှုကဏ္ဍသည် အခြားဒေသများဖြစ်သည့် ဧရာဝတီ၊ ပဲခူးနှင့် မကွေးတိုင်းဒေသကြီးတို့နှင့် နှိုင်းယှဉ်လျှင် နောက်ကျလျက်ရှိသော်လည်း ဤစီးပွားရေးလုပ်ငန်းကဏ္ဍသည် ဖွံ့ဖြိုးရန်အလားအလာကောင်းများရှိပြီး၊ ရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းများရှိသည်။

ရခိုင်ပြည်နယ်တွင် ကုန်ထုတ်လုပ်မှုကဏ္ဍမှာ ဖွံ့ဖြိုးတိုးတက်ရန် အကြောင်းအရာများစွာရှိသည်။ အဓိကသိသာထင်ရှားသည့် အကြောင်းအရာတစ်ခုမှာ ရခိုင်ပြည်နယ်သည် မဟာဗျူဟာကျသည့် အရှေ့တောင်အာရှဈေးကွက်နှင့် တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနိုင်ငံကဲ့သို့သော ဈေးကွက်များသို့ အလွယ်တကူတင်ပို့နိုင်သည့် ပထဝီအနေအထားအရ အကောင်းဆုံးနေရာတွင်ရှိသည်။ ရခိုင်ပြည်နယ်၏ အဓိကမြို့များတွင် လျှပ်စစ်ဓာတ်အားရရှိလာမှုသည် ရခိုင်ပြည်နယ်၏ ကုန်ထုတ်လုပ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် တွန်းအားတစ်ရပ်ဖြစ်ပါသည်။ ၎င်းအပြင် ရေနက်ဆိပ်ကမ်းနှစ်ခုနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ပုဏ္ဏားကျွန်းစက်မှုဇုန်များ စသည့် စီမံကိန်းများ အကောင်အထည်ဖော်နိုင်လာလျှင် ကုန်ထုတ်လုပ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခွင့်အလမ်းကောင်းများ ဖန်တီးပေးနိုင်မည်ဖြစ်သည်။

### ၆.၅.၂ ထုတ်လုပ်မှုကဏ္ဍ၏ အဓိကအကျိုးသက်ဆိုင်သူများ

အောက်ပါအဖွဲ့အစည်းများသည် ရခိုင်ပြည်နယ် ကုန်ထုတ်လုပ်မှုကဏ္ဍ၏ အဓိကအကျိုးသက်ဆိုင်သူများဖြစ်ကြသည်။

၁ ရခိုင်ပြည်နယ်အစိုးရ
၂ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
၃ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ
၄ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ

### ၆.၅.၃ သက်ဆိုင်ရာဥပဒေများ

ရခိုင်ပြည်နယ်အတွင်း ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသည့် ရင်းနှီးမြှုပ်နှံသူများအတွက် သင့်တော်သည့် ဥပဒေများမှာ အောက်ဖော်ပြပါဥပဒေများပါဝင်သည်။

၁ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ (၁၉၉၀)
၂ ဘွိုင်လာဥပဒေ (၂၀၁၅)
၃ လျှပ်စစ်ဥပဒေ (၂၀၁၄)
၄ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းဖွံ့ဖြိုးမှုဥပဒေ (၂၀၁၅)

### ၆.၅.၄ ကုန်ထုတ်လုပ်မှုစီးပွားရေးအမျိုးအစားနှင့် အရွယ်အစားများ[127]

ဇယား ၄၅

| စဉ် | ကုန်ထုတ်လုပ်မှုအမျိုးအစား | လုပ်ငန်းအရွယ်အစား | | | စုစုပေါင်း |
|---|---|---|---|---|---|
| | | အကြီးစား | အလတ်စား | အသေးစား | |
| ၁ | အစား၊ အသောက်နှင့်အဖျော်ယမကာထုတ်လုပ်မှု | ၇၂ | ၁၀၁ | ၂,၁၃၀ | ၂,၃၀၃ |
| ၂ | အဝတ်အထည်၊ ချည်မျှင်လုပ်ငန်း | ၁ | ၂ | - | ၃ |
| ၃ | အိမ်သုံးပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း | ၂ | ၃၀ | ၅၄ | ၈၆ |
| ၄ | စားသုံးကုန်ပစ္စည်းလုပ်ငန်း | ၁ | ၃ | ၅ | ၉ |
| ၅ | ပုံနှိပ်ခြင်းနှင့်စက္ကူထုတ်လုပ်ခြင်းလုပ်ငန်း | - | - | ၁ | ၁ |
| ၆ | ကုန်ကြမ်းပစ္စည်းလုပ်ငန်း | - | - | ၂ | ၂ |
| ၇ | ဓာတ်သတ္တုပစ္စည်းပြုပြင်ထုတ်လုပ်ရေးလုပ်ငန်း | ၂ | ၈ | ၁၃ | ၂၃ |
| ၈ | အခြားကုန်လုပ်ငန်းများ | - | ၅ | ၂၃၀ | ၂၃၅ |

127 Directorate of Inspection and Supervision of Industries (2018), Rakhine State

အောက်ဖော်ပြပါ စီးပွားရေးလုပ်ငန်းများသည် ရခိုင်ပြည်နယ်အတွင်း မရှိသေးသည့် လုပ်ငန်းများဖြစ်သည် -

| | | | |
|---|---|---|---|
| ၁ | အိမ်အသုံးအဆောင်ပစ္စည်းများထုတ်လုပ်ရေးလုပ်ငန်း | ၄ | သယ်ယူပို့ဆောင်ရေးယာဉ်များထုတ်လုပ်ရေးလုပ်ငန်း |
| ၂ | လယ်ယာသုံးစက်ကိရိယာပစ္စည်းများ ထုတ်လုပ်ရေးလုပ်ငန်း | ၅ | လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်ရေးလုပ်ငန်း |
| ၃ | စက်ပစ္စည်းများနှင့် စက်ယန္တရားများကို တပ်ဆင်ခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်း | | |

## ၆.၅.၅ ခရိုင် ၅ ခုအတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းအမျိုးအစားများ

ဇယား ၄၆၊ **ရခိုင်ပြည်နယ်အတွင်း အကြီးစား၊ အလတ်စားနှင့် အသေးစားစီးပွားရေးလုပ်ငန်းများ**

| မြို့နယ်များ | လုပ်ငန်းအရွယ်အစား | | | စုစုပေါင်း |
|---|---|---|---|---|
| | အကြီးစား | အလတ်စား | အသေးစား | |
| **စစ်တွေခရိုင်** | | | | |
| စစ်တွေ | ၂၅ | ၃၀ | ၁၁၉ | ၁၇၄ |
| ပုဏ္ဏားကျွန်း | ၄ | ၁၀ | ၁၂၈ | ၁၄၂ |
| ပေါက်တော | ၂ | - | ၁၆၈ | ၁၇၀ |
| ရသေ့တောင် | - | - | ၁၇၉ | ၁၇၉ |
| စုစုပေါင်း ■ | ၃၁ | ၄၀ | ၅၉၄ | ၆၆၅ |
| **မြောက်ဦးခရိုင်** | | | | |
| မြောက်ဦး | ၅ | ၂၁ | ၁၅၆ | ၁၈၂ |
| ကျောက်တော် | ၈ | ၂၅ | ၂၄၀ | ၂၇၃ |
| မင်းပြား | ၄ | ၃ | ၁၇၆ | ၁၈၃ |
| မြေပုံ | ၂ | ၆ | ၉၃ | ၁၀၁ |
| စုစုပေါင်း ■ | ၁၉ | ၅၅ | ၆၆၅ | ၇၃၉ |
| **မောင်တောခရိုင်** | | | | |
| မောင်တော | ၁ | - | ၂၄ | ၂၅ |
| ဘူးသီးတောင် | - | ၃ | ၃၁ | ၃၄ |
| စုစုပေါင်း ■ | ၁ | ၃ | ၅၅ | ၅၉ |

| မြို့နယ်များ | လုပ်ငန်းအရွယ်အစား | | | စုစုပေါင်း |
|---|---|---|---|---|
| | အကြီးစား | အလတ်စား | အသေးစား | |
| **ကျောက်ဖြူခရိုင်** | | | | |
| ကျောက်ဖြူ | ၁၀ | ၁၃ | ၂၀၅ | ၂၂၈ |
| မာန်အောင် | ၁ | - | ၃၄ | ၃၅ |
| ရမ်းဗြဲ | - | - | ၁၂၂ | ၁၂၂ |
| အမ်း | - | ၂ | ၂၅၂ | ၂၅၄ |
| စုစုပေါင်း ■ | ၁၁ | ၁၅ | ၆၁၃ | ၆၃၉ |
| **သံတွဲခရိုင်** | | | | |
| သံတွဲ | ၉ | ၁၀ | ၂၁၀ | ၂၂၉ |
| တောင်ကုတ် | ၅ | ၂၅ | ၁၇၆ | ၂၀၆ |
| ဂွ | ၂ | ၁ | ၁၂၂ | ၁၂၅ |
| စုစုပေါင်း ■ | ၁၆ | ၃၆ | ၅၀၈ | ၅၆၀ |

အားလုံးစုစုပေါင်း: = ၂,၆၆၂

## ဆန်စက်များ

ဆန်စက်အများစုသည် ဆန်စပါးအဓိကထွက်သည့် စစ်တွေနှင့် မြောက်ဦးခရိုင်တွင် လည်ပတ်လုပ်ကိုင်လျက်ရှိသည်။ ရခိုင်ပြည်နယ်တစ်ခုလုံးတွင် ဆန်စက်ပေါင်း ၂၀၉၇ ခုရှိပြီး၊ အများစုမှာ အရွယ်အစားသေးငယ်သည့် ဆန်စက်များဖြစ်သည်။ စုစုပေါင်း ဆန်စက်ကြီး ၂၃ လုံးနှင့် အလတ်စားဆန်စက် ၄၆ လုံးတို့ စစ်တွေနှင့် မြောက်ဦးခရိုင်တွင် လည်ပတ်လျက်ရှိသည်။

ဇယား ၄၇၊ **ရခိုင်ပြည်နယ်ရှိဆန်စက်များ**

| မြို့နယ်များ | ဆန်စက်အရွယ်အစား | | | စုစုပေါင်း |
|---|---|---|---|---|
| | အကြီးစား | အလတ်စား | အသေးစား | |
| **စစ်တွေခရိုင်** | | | | |
| စစ်တွေ | ၃ | ၂ | ၂၈ | ၃၃ |
| ပုဏ္ဏားကျွန်း | ၃ | ၉ | ၁၂၄ | ၁၃၆ |
| ပေါက်တော | - | - | ၁၆၆ | ၁၆၆ |
| ရသေ့တောင် | - | - | ၁၇၁ | ၁၇၁ |
| စုစုပေါင်း ■ | ၆ | ၁၁ | ၄၈၉ | ၅၀၆ |

| မြို့နယ်များ | ဆန်စက်အရွယ်အစား | | | စုစုပေါင်း |
|---|---|---|---|---|
| | အကြီးစား | အလတ်စား | အသေးစား | |
| **ကျောက်ဖြူခရိုင်** | | | | |
| ကျောက်ဖြူ | - | - | ၁၂၇ | ၁၂၇ |
| မာန်အောင် | - | - | ၁၈ | ၁၈ |
| ရမ်းဗြဲ | - | - | ၁၁၈ | ၁၁၈ |
| အမ်း | - | ၁ | ၂၃၆ | ၂၃၇ |
| စုစုပေါင်း ■ | - | ၁ | ၄၉၉ | ၅၀၀ |

| | | | | |
|---|---|---|---|---|
| **မြောက်ဦးခရိုင်** | | | | |
| မြောက်ဦး | ၄ | ၁၉ | ၁၄၅ | ၁၆၈ |
| ကျောက်တော် | ၈ | ၁၃ | ၂၁၅ | ၂၃၆ |
| မင်းပြား | ၃ | - | ၁၅၂ | ၁၅၅ |
| မြေပုံ | - | - | ၈၃ | ၈၃ |
| **စုစုပေါင်း ■** | ၁၅ | ၃၂ | ၅၉၅ | ၆၄၂ |
| **မောင်တောခရိုင်** | | | | |
| မောင်တော | - | - | ၅ | ၅ |
| ဘူးသီးတောင် | - | - | ၂၂ | ၂၂ |
| **စုစုပေါင်း ■** | - | - | ၂၇ | ၂၇ |

| | | | | |
|---|---|---|---|---|
| **သံတွဲခရိုင်** | | | | |
| သံတွဲ | - | - | ၁၅၂ | ၁၅၂ |
| တောင်ကုတ် | ၂ | ၂ | ၁၆၅ | ၁၆၉ |
| ဂွ | - | - | ၁၀၁ | ၁၀၁ |
| **စုစုပေါင်း ■** | ၂ | ၂ | ၄၁၈ | ၄၂၂ |
| အားလုံးစုစုပေါင်း: ၂,၀၉၇ | | | | |

## စားသုံးဆီစက်များ

ရခိုင်ပြည်နယ်တွင် စားသုံးဆီစက်ပေါင်း ၄၈ လုံးရှိသည်။ အများစုမှာ အသေးစားစက်များဖြစ်ကြသည်။ ဒေသတစ်ခုလုံးတွင် စားသုံးဆီထုတ်လုပ်သည့် စက်ကြီးတစ်ခုသာရှိပြီး အလတ်စားသုံးဆီစက် ၁၆ လုံးရှိသည်။ ၎င်းတို့အနက် ကျောက်တော်မြို့နယ်တွင် ၈ လုံးလည်ပတ်လျက်ရှိသည်။

ဇယား ၄၈၊ **ရခိုင်ပြည်နယ်ရှိ စားသုံးဆီစက်များ**[128]

| မြို့နယ်များ | ဆန်စက်အရွယ်အစား | | | စုစုပေါင်း |
|---|---|---|---|---|
| | အကြီးစား | အလတ်စား | အသေးစား | |
| **စစ်တွေခရိုင်** | | | | |
| စစ်တွေ | ၁ | ၃ | ၂ | ၆ |
| ပုဏ္ဏားကျွန်း | - | - | - | - |
| ပေါက်တော | - | - | - | - |
| ရသေ့တောင် | - | - | - | - |
| **စုစုပေါင်း ■** | ၁ | ၃ | ၂ | ၆ |
| **မြောက်ဦးခရိုင်** | | | | |
| မြောက်ဦး | - | - | - | - |
| ကျောက်တော် | - | ၈ | ၃ | ၁၁ |
| မင်းပြား | - | - | ၂ | ၂ |
| မြေပုံ | - | - | - | - |
| **စုစုပေါင်း ■** | - | ၈ | ၅ | ၁၃ |
| **မောင်တောခရိုင်** | | | | |
| မောင်တော | - | - | - | - |
| ဘူးသီးတောင် | - | - | - | - |
| **စုစုပေါင်း ■** | - | - | - | - |

| မြို့နယ်များ | ဆန်စက်အရွယ်အစား | | | စုစုပေါင်း |
|---|---|---|---|---|
| | အကြီးစား | အလတ်စား | အသေးစား | |
| **ကျောက်ဖြူခရိုင်** | | | | |
| ကျောက်ဖြူ | - | - | ၄ | ၄ |
| မာန်အောင် | - | - | ၁ | ၁ |
| ရမ်းဗြဲ | - | - | ၁ | ၁ |
| အမ်း | - | - | ၂ | ၂ |
| **စုစုပေါင်း ■** | - | - | ၈ | ၈ |
| **သံတွဲခရိုင်** | | | | |
| သံတွဲ | - | ၃ | ၇ | ၁၀ |
| တောင်ကုတ် | - | ၂ | ၅ | ၇ |
| ဂွ | - | - | ၄ | ၄ |
| **စုစုပေါင်း ■** | - | ၅ | ၁၆ | ၂၁ |
| အားလုံးစုစုပေါင်း= ၄၈ | | | | |

## ရေခဲစက်

လက်ရှိအနေအထားတွင် ရခိုင်ပြည်နယ်၌ ရေခဲစက်ပေါင်း ၃၉ လုံးရှိသည်။ ရေခဲစက်ကြီးများကို စစ်တွေ၊ ကျောက်ဖြူနှင့်သံတွဲမြို့တို့ကဲ့သို့ ရေလုပ်ငန်းထုတ်ကုန်များကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်သည့်မြို့များတွင် တွေ့ရသည်။

128 Directorate of Inspection and Supervision of Industries (2018)

ဇယား ၄၉၊ **ရခိုင်ပြည်နယ်ရှိရေခဲစက်ရုံများ**[129]

| မြို့နယ်များ | ရေခဲစက်ရုံ အရွယ်အစား | | | စုစုပေါင်း |
|---|---|---|---|---|
| | အကြီးစား | အလတ်စား | အသေးစား | |
| **စစ်တွေခရိုင်** | | | | |
| စစ်တွေ | ၆ | - | - | ၆ |
| ပုဏ္ဏားကျွန်း | - | - | - | - |
| ပေါက်တော | ၁ | - | - | ၁ |
| ရသေ့တောင် | - | - | - | - |
| **စုစုပေါင်း ▪** | ၇ | - | - | ၇ |
| **မြောက်ဦးခရိုင်** | | | | |
| မြောက်ဦး | ၁ | ၁ | ၁ | ၃ |
| ကျောက်တော် | - | ၁ | ၂ | ၃ |
| မင်းပြား | ၁ | ၂ | ၀ | ၃ |
| မြေပုံ | ၂ | ၂ | ၁ | ၅ |
| **စုစုပေါင်း ▪** | ၄ | ၆ | ၄ | ၁၄ |
| **မောင်တောခရိုင်** | | | | |
| မောင်တော | ၁ | - | - | ၁ |
| ဘူးသီးတောင် | - | ၁ | - | ၁ |
| **စုစုပေါင်း ▪** | ၁ | ၁ | - | ၂ |

| မြို့နယ်များ | ရေခဲစက်ရုံ အရွယ်အစား | | | စုစုပေါင်း |
|---|---|---|---|---|
| | အကြီးစား | အလတ်စား | အသေးစား | |
| **ကျောက်ဖြူခရိုင်** | | | | |
| ကျောက်ဖြူ | ၅ | - | - | ၅ |
| မာန်အောင် | ၁ | ၀ | ၀ | ၁ |
| ရမ်းဗြဲ | - | - | ၁ | ၁ |
| အမ်း | - | ၁ | - | ၁ |
| **စုစုပေါင်း ▪** | ၆ | ၁ | ၁ | ၈ |
| **သံတွဲခရိုင်** | | | | |
| သံတွဲ | ၄ | - | - | ၄ |
| တောင်ကုတ် | ၂ | ၁ | ၀ | ၃ |
| ဂွ | - | ၁ | - | ၁ |
| **စုစုပေါင်း ▪** | ၆ | ၂ | - | ၈ |

**အားလုံးစုစုပေါင်း = ၃၉**

## ဆားစက်များ

ရခိုင်ပြည်နယ်သည် ဧရာဝတီတိုင်းဒေသကြီးနှင့်မွန်ပြည်နယ်ပြီးလျှင် မြန်မာနိုင်ငံတွင် တတိယဆားထုတ်လုပ်မှု အများဆုံးပြည်နယ် ဖြစ်သည်။[130] ဆားလုပ်ငန်းများကို လွန်ခဲ့သောနှစ်များတွင် ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်ခဲ့ကြသည်။ အိန္ဒိယအစိုးရကဆောင်ရွက်လျက်ရှိသည့် ကုလားတန်မြစ်ကြောင်းဘက်စုံသယ်ယူပို့ဆောင်ရေးစီမံကိန်း၏ အစိတ်အပိုင်းဖြစ်သည့် ကျောက်တော်-ပလက်ဝ-မီဇိုရမ်လမ်းအား အသုံးပြုနိုင်သည့် အနေအထားတွင်ရှိလာသည့်အတွက် ဆားဈေးကွက်ထွက်ပေါ်လာလျက် ရှိသည်။ ချင်းပြည်နယ်နှင့်မီဇိုရမ်ပြည်နယ်တို့သည် စပါးနှင့်ဆားအတွက် ဝယ်လိုအားကောင်းသည့်ပြည်နယ် ဖြစ်သည်။ စစ်တွေ၊ ပေါက်တော၊ မြေပုံနှင့် ကျောက်ဖြူတို့တွင် ဆားအဓိကထုတ်လုပ်သည်။

ဇယား ၅၀၊ **ရခိုင်ပြည်နယ်ရှိ ဆားစက်များ**[131]

| ခရိုင် | မြို့နယ် | ဆားစက်အမျိုးအစား | | | စုစုပေါင်း |
|---|---|---|---|---|---|
| | | အကြီးစား | အလတ်စား | အသေးစား | |
| စစ်တွေ | စစ်တွေ | - | - | ၅ | ၅ |
| မြောက်ဦး | ကျောက်တော် | - | ၁ | - | ၁ |
| ကျောက်ဖြူ | ကျောက်ဖြူ | ၀ | ၆ | ၁ | ၇ |

129 Ibid

130 Myanmar Business Today, "Rakhine Salt Profits Up Fourfold Through New Technology", October 23,2014. Website: https://www.mmbiztoday.com/articles/rakhine-salt-profits-fourfold-through-new-technology

131 Directorate of Inspection and Supervision of Industries 2018

**ကျောက်ဖြူရှိ ဆားစက်ရုံမှအကောက်ယူအချက်အလက်များ**[132]

| | |
|---|---|
| စက်ရုံအမျိုးအစား | ဆားစက်ရုံ |
| ရင်းနှီးမြှုပ်နှံမှုပမာဏ | ကျပ် ၁,၀၀၀,၀၀၀,၀၀၀ |
| ပစ္စည်း | ဆားကြမ်း |
| နှစ်စဉ်ရရှိနိုင်သောဆားကြမ်းပမာဏ | ပိဿာ ၇၀၀,၀၀၀ – ၈၀၀,၀၀၀ (၁ ပိဿာ = ၁.၆၃ ကီလိုဂရမ်) |
| ဈေးကွက်အတွက် ထုတ်လုပ်မှု | ပြည်တွင်းနှင့် ဒေသခံဈေးကွက် |
| ၁ ဦးလျှင် နေ့တွက်စရိတ် | ကျပ် ၅,၀၀၀ – ၁၀,၀၀၀ |
| ဆားချောဈေးနှုန်း | တစ်ပိဿာလျှင် ကျပ် ၂၀၀ – ၃၀၀ (၁ ပိဿာ = ၁.၆၃ ကီလိုဂရမ်) |

## ၆.၅.၆ ထုတ်လုပ်မှု / ပြုပြင်ပြောင်းလဲထုတ်လုပ်မှုကဏ္ဍအားသုံးသပ်မှု


| အားသာချက်၊ အားနည်းချက်သုံးသပ်မှု | ဖြေဆိုသူများ၏ သဘောထားအမြင်များ |
|---|---|
| **အားသာချက်များ**<br>• နိုင်ငံခြားဈေးကွက်ကို တင်ပို့နိုင်ရန် ဆိပ်ကမ်းများရှိခြင်း<br>• ကုန်ကြမ်းများရရှိနိုင်ခြင်း<br>**အားနည်းချက်များ**<br>• ငွေကြေးခက်ခဲခြင်း<br>• ကျွမ်းကျင်လုပ်သားများ ရှားပါးခြင်း<br>• ကျေးရွာချင်းဆက်သွယ်ရေးလမ်းကြောင်းများ အားနည်းခြင်း<br>• ခေတ်မီနည်းပညာများ မရှိခြင်း<br>**အခွင့်အလမ်းများ**<br>• လုပ်သားအများအပြားအသုံးပြုရသည့် ကုန်ထုတ်လုပ်ခြင်းလုပ်ငန်းများ<br>• အရင်းမတည်ငွေအခြေပြု ကုန်ထုတ်လုပ်ခြင်း (လယ်ယာထွက်ကုန်များ ထုတ်လုပ်ခြင်း၊ သားငါးထွက်ကုန်များ ပြုပြင်ထုတ်လုပ်ခြင်း၊ ရေခဲစက်၊ အအေးခန်းနှင့် အခြောက်ခံသည့် လုပ်ငန်းများ)<br>**ခြိမ်းခြောက်မှုများ**<br>• — | "နိုင်ငံခြားဈေးကွက်များသို့ ကုန်စည်တင်ပို့ရန် သင်္ဘောကြီးများ ဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်းများရှိသည်။" [133]<br>———<br>"လယ်ယာထွက်ကုန်ထုတ်လုပ်သည့် ကျေးရွာအများအပြားရှိသည်။ သို့သော် ထိုကျေးရွာများတွင် တန်ဖိုးမြင့်/ အရည်အသွေးမြင့် လယ်ယာထွက်ကုန်များကို မထုတ်လုပ်ကြပါ။ အဓိက အကြောင်းရင်းမှာ ရွာချင်းဆက်လမ်းများ မကောင်းခြင်းနှင့် စိတ်ချရသည့်ဈေးကွက်မရှိခြင်းတို့ဖြစ်သည်။" [134]<br>———<br>"ဒေသတွင်း ငါးလုပ်ငန်းနှင့်ပတ်သက်၍ ထုတ်ကုန်အများအပြားရှိသော်လည်း ပြုပြင်ထုတ်လုပ်သည့်လုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် အအေးခန်းစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန် အကျိုးအမြတ်များသည့် စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်မည်။" [135] |

---

[132] U Saw Tun, Owner of Kyan Dine Aung Salt Mill. Kyauk Phu town. Ph: 09-250139355
[133] U Kyaw Kyaw Nyunt, The Director, the Department of Industrial Supervision, Rakhine State.
[134] U Kyaw Kyaw Nyunt, The Director, the Department of Industrial Supervision, Rakhine State.
[135] U Saw Tun, Owner of Kyaun Dine Aung Salt mill. Kyauk Phyu town. Ph: 09-250139355

# ထုတ်လုပ်မှုနှင့်ပြုပြင်ပြောင်းလဲထုတ်လုပ်မှုကဏ္ဍ

## ထုတ်လုပ်မှုကဏ္ဍတွင်လုပ်ငန်းလုပ်ကိုင်ရန်အတွက်တည်ရှိဆဲနှင့် အလားအလာရှိသောနေရာများ



## ၆.၆ သယ်ယူပို့ဆောင်ရေးကဏ္ဍ

### ၆.၆.၁ သယ်ယူပို့ဆောင်ရေးကဏ္ဍအားခြုံငုံတင်ပြမှု

ရခိုင်ပြည်နယ်၏ အဓိကသယ်ယူပို့ဆောင်ရေးပုံစံ ၃ မျိုးရှိသည်။ ၎င်းတို့မှာ -

- ရေကြောင်းသယ်ယူပို့ဆောင်ရေး
- ကုန်းလမ်းသယ်ယူပို့ဆောင်ရေး
- လေကြောင်းသယ်ယူပို့ဆောင်ရေး

ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် စစ်ကိုင်းတိုင်း မင်းဘူးမြို့သို့ ဆက်သွယ်မည့် ရထားလမ်းစီမံကိန်းတစ်ခုလည်းရှိသည်။

### ရေကြောင်းသယ်ယူပို့ဆောင်ရေး

ရခိုင်ပြည်နယ်၏မြို့များသည် မြစ်ကမ်းဘေးနှင့် မြစ်ချောင်းဘေးကမ်းနားများတွင် နီးကပ်စွာတည်ရှိနေသောကြောင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းသည် အလွန်အရေးပါသည့် ပို့ဆောင်ရေးအမျိုးအစားတစ်ခုဖြစ်သည်။ ပြည်တွင်းရေလမ်းသယ်ယူပို့ဆောင်ရေးတွင်အရေးပါသည့် ဆိပ်ကမ်းကြီး ၃ ခုရှိသည်။ ၎င်းတို့မှာ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲဆိပ်ကမ်းတို့ဖြစ်သည်။ ရခိုင်ပြည်နယ်တွင် အမြန်ရေယာဉ် ၁၂ စီးဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်နေသည့် ကုမ္ပဏီ ၃ ခုရှိသည်။ အစိုးရပို့ဆောင်ရေးလုပ်ငန်းအေဂျင်စီတစ်ခုဖြစ်သည့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး (IWT) ဌာနမှ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။

ဇယား ၅၁၊ **စစ်တွေဆိပ်ကမ်းတွင် ဆိုက်ကပ်သည့် ရေယာဉ်များ (အရေအတွက်နှင့် ပမာဏ) (၂၀၁၆/၂၀၁၇–၂၀၁၇/၂၀၁၈)**

| ဆိပ်ကမ်း | ဘဏ္ဍာနှစ် | အရေအတွက် | | |
|---|---|---|---|---|
| | | ရေယာဉ်များ | စက်လှေများ | စုစုပေါင်း |
| **ရောက်ရှိမှု** | | | | |
| စစ်တွေ | ၂၀၁၆-၁၇ | ၄၅၉ | - | ၄၅၉ |
| | ၂၀၁၇-၁၈ | ၄၀၁ | - | ၄၀၁ |
| **ထွက်ခွာမှု** | | | | |
| စစ်တွေ | ၂၀၁၇-၁၈ | ၄၂၈ | - | ၄၂၈ |

ဇယား ၅၂၊ **စစ်တွေဆိပ်ကမ်းမှတင်ပို့၊ တင်သွင်းသည့် ကုန်စည်ပမာဏ (၂၀၁၈)** [136]

| ဆိပ်ကမ်း | ပို့ကုန် (တန်) | | သွင်းကုန် (တန်) | |
|---|---|---|---|---|
| | ဈေးကွက် | | | |
| | ပြည်တွင်း | ပြည်ပ | ပြည်တွင်း | ပြည်ပ |
| စစ်တွေ | ၁၆,၂၂၃ | ၁၇,၀၅၀ | ၁၅၈,၇၃၇ | ၁,၆၇၅ |

### ကုန်းလမ်းသယ်ယူပို့ဆောင်ရေး

ကုန်းလမ်းသယ်ယူပို့ဆောင်ရေးတွင် အဓိကအားဖြင့် လမ်းအမျိုးအစား ၃ မျိုးရှိသည်။ ကွန်ကရစ်လမ်း၊ ကတ္တရာလမ်းနှင့် ကျောက်ချောလမ်းတို့ဖြစ်ပြီး ယင်းလမ်းများပေါ်မူတည်၍ ခရိုင်မှခရိုင်၊ မြို့နယ်မှ မြို့နယ်၊ ကျေးရွာမှ ကျေးရွာသို့ ချိတ်ဆက်ထားသော လမ်းအမျိုးမျိုးရှိသည်။ ရခိုင်ပြည်နယ်တွင် ပြည်နယ်ချင်းဆက်သွယ်ထားသည့် အဝေးပြေးလမ်း ၃ ခုရှိသည်။

- စစ်တွေ-အမ်း-ရန်ကုန် အမြန်လမ်း
- ကျောက်ဖြူ-တောင်ကုတ်-ရန်ကုန် အမြန်လမ်း
- သံတွဲ-ဂွ-ငါးသိုင်းချောင်း-ရန်ကုန် အမြန်လမ်း

ပုဂ္ဂလိကကုမ္ပဏီများက ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ လုပ်ဆောင်ကြသည်။

136 Myanmar Port Authority, Sittwe 2018

ဇယား ၅၃၊ **သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် မှတ်ပုံတင်ထားသည့် ကုန်စည်ပို့ဆောင်ရေးယာဉ်များ**[137]

| စဉ် | တန်ချိန်များ | ကုန်ကားစုစုပေါင်း |
|---|---|---|
| ၁ | ၂ တန်အောက် | ၁၈ |
| ၂ | ၂ – ၃ တန်ကြား | ၁၃၈ |
| ၃ | ၃ – ၅ တန်ကြား | ၈၀ |
| ၄ | ၅ – ၇ တန်ကြား | ၈ |
| ၅ | ၇ – ၉ တန်ကြား | ၈ |
| | စုစုပေါင်း ▶ | ၂၅၂ |

ဇယား ၅၄၊ **သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် မှတ်ပုံတင်ထားသည့်ယာဉ်များ**

| စဉ် | ယာဉ်အမျိုးအစား | ယာဉ်အရေအတွက် | တစ်လလျှင် သယ်ယူပို့ဆောင်သည့်အကြိမ် |
|---|---|---|---|
| ၁ | မော်တော်ယာဉ် | ၄၁၂ | ၁၅ |
| ၂ | သုံးဘီးဆိုင်ကယ် | ၁,၂၆၃ | ၂၇ |
| | စုစုပေါင်း ▶ | ၁,၆၇၅ | ၄၂ |

ဇယား ၅၅၊ **ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍတွင် အဓိကလမ်းကြောင်းများ**

| စဉ် | ခရီးစဉ်များ | တစ်လလျှင် အကြိမ်ရေ | ယာဉ်တစ်စီးရှိ ခရီးသည် | တစ်လလျှင် ခရီးသည်စုစုပေါင်း |
|---|---|---|---|---|
| ၁ | တောင်ကုတ်-ရန်ကုန် | ၄၀၃ | ၄၅ | ၁၈,၁၃၅ |
| ၂ | စစ်တွေ-ရန်ကုန် | ၄၀၃ | ၄၅ | ၁၈,၅၈၅ |
| ၃ | စစ်တွေ-မန္တလေး | ၁၄၁ | ၃၃ | ၄,၆၅၃ |
| ၄ | စစ်တွေ-မကွေး | ၂၀ | ၂၀ | ၄၀၀ |
| ၅ | သံတွဲ-တောင်ကုတ် | ၃၅ | ၃၀ | ၁,၀၅၀ |
| ၆ | သံတွဲ-ရန်ကုန် | ၁၄၆ | ၄၆ | ၆၁,၇၁၆ |

**ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း**[138]

**အောင်သစ္စာအမြန်ယာဉ်**

| ကုမ္ပဏီ | အောင်သစ္စာအမြန်ယာဉ် | | |
|---|---|---|---|
| ခရီးစဉ်များ | မှ | သို့ | |
| | တောင်ကုတ် | ၁ | ရန်ကုန် |
| | | ၂ | ကျောက်ဖြူ |
| | | ၃ | စစ်တွေ |
| | | ၄ | သံတွဲ |
| | | ၅ | အမ်း |
| | | ၆ | မအီ |
| | | ၇ | တပ်တောင် |
| | | ၈ | ပြည် |
| ပြေးဆွဲနေသော အဝေးပြေးဘတ်စ်ကားများ | | ၂၀ | |

137 Road Transport Administration Department, Rakhine State
138 U Myint Htay, the Chairman, Aung Thitsar Express. Ph: 09 428 530084

ဇယား ၅၆၊ **လစဉ်ပို့ဆောင်သည့်ကုန်စည်ပမာဏ**

| စဉ် | ကုန်စည်အမျိုးအစား | ခရီးစဉ် | တစ်လလျှင် ကြိမ်နှုန်း | တစ်လလျှင် ကုန်စည်ပို့ဆောင်သည့် ပမာဏ |
|---|---|---|---|---|
| ၁ | စားသောက်ကုန်နှင့် အဖျော်ယမကာများ | မြို့နယ်တွင်း | ၅၆၅ | ၂,၂၆၀ |
| | | ပြည်နယ်အတွင်း | ၄၇ | ၈၉၃ |
| | | ပြည်နယ်အချင်းချင်း | ၅၀ | ၁,၀၅၀ |
| | | **စုစုပေါင်း ▶** | **၆၆၂** | **၄,၂၀၃** |
| ၂ | စားသုံးကုန်ပစ္စည်းများ | မြို့နယ်တွင်း | ၄၉၂ | ၁,၉၆၈ |
| | | ပြည်နယ်အတွင်း | ၅၈ | ၁,၁၀၂ |
| | | ပြည်နယ်အချင်းချင်း | ၄၈ | ၁,၀၀၈ |
| | | **စုစုပေါင်း ▶** | **၅၉၈** | **၄,၀၇၈** |
| ၃ | ဆောက်လုပ်ရေးသုံးပစ္စည်းများ | မြို့နယ်တွင်း | ၆၀၆ | ၂,၄၂၄ |
| | | ပြည်နယ်အတွင်း | ၅၄ | ၁,၀၂၆ |
| | | ပြည်နယ်အချင်းချင်း | ၄၈ | ၁,၀၀၈ |
| | | **စုစုပေါင်း ▶** | **၇၀၈** | **၄,၄၅၈** |
| ၄ | ကုန်စုံပစ္စည်းများ | မြို့နယ်တွင်း | ၆၀၆ | ၂,၄၂၄ |
| | | ပြည်နယ်အတွင်း | ၄၂ | ၇၉၆ |
| | | ပြည်နယ်အချင်းချင်း | ၅၆ | ၁,၁၇၆ |
| | | **စုစုပေါင်း ▶** | **၇၀၄** | **၄,၃၉၆** |
| ၅ | အခြားကုန်စည်များ | မြို့နယ်တွင်း | ၅၆၁ | ၂,၂၄၄ |
| | | ပြည်နယ်အတွင်း | ၆၄ | ၁,၂၁၆ |
| | | ပြည်နယ်အချင်းချင်း | ၆၃ | ၁,၃၂၃ |
| | | **စုစုပေါင်း ▶** | **၆၈၈** | **၄,၇၈၃** |
| | | **စုစုပေါင်း ▶** | **၃,၃၆၀** | **၂၁,၉၁၈** |

## ကုန်စည်သယ်ယူပို့ဆောင်ရေးအသင်း (တောင်ကုတ်)[139]

| လုပ်ငန်းအမျိုးအစား | ကုန်စည်ပို့ဆောင်ရေး | |
|---|---|---|
| ပြေးဆွဲလျက်ရှိသောကုန်ကားစုစုပေါင်း | ၁ | ၅ စီး (ခြောက်ဘီးကား) |
| | ၂ | ၅ စီး (၁၂ ဘီးကား) |
| အဓိကခရီးလမ်းဆုံးများ | ၁ | ပြည် |
| | ၂ | ကျို့ပင်ကောက်မြို့ |
| | ၃ | ရန်ကုန် |
| | ၄ | မန္တလေး |
| အဓိကပို့ဆောင်သည့်ကုန်စည်များ | ၁ | ကြက်စာ |
| | ၂ | ငါးခြောက်/ငါးပိ |
| | ၃ | ဆန် |
| | ၄ | မြေပဲ |
| သယ်ယူပို့ဆောင်ကုန်ကျစရိတ် | တစ်ပိဿာလျှင် ကျပ် ၆၀ – ၇၀ | |

## လေကြောင်းပို့ဆောင်ရေး

လေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍတွင် စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲ၊ အမ်းနှင့် မာန်အောင်မြို့တို့တွင် လေယာဉ်ကွင်းများရှိသည်။ ရခိုင်ပြည်နယ်အစိုးရအနေဖြင့်လေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လွယ်ကူချောမွေ့စေရန် မြောက်ဦးနှင့် ဂွလေယာဉ်ကွင်းများကို ဆောက်လုပ်ရန် စီစဉ်လျက်ရှိသည်။

139 U Ba Thein, The Chairman, Cargo Transport Association, Taunggoke town. Rakhine. Ph: 09 260594755

ဇယား ၅၇၊ **လေကြောင်းဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု (၂၀၁၈ ခုနှစ် ဇန်နဝါရီ–အောက်တိုဘာ)** [140]

| စဉ် | လေဆိပ် | ပြည်တွင်း | | | |
|---|---|---|---|---|---|
| | | ခရီးသည် (ဦးရေ) | | ကုန်စည် (တန်) | |
| | | တက် | ဆင်း | တက် | ဆင်း |
| 1 | စစ်တွေလေဆိပ် | ၉၃,၈၄၀ | ၉၅,၁၈၇ | - | - |
| 2 | ကျောက်ဖြူလေဆိပ် | ၁၆,၈၃၄ | ၁၈,၄၃၈ | ၂၀.၇၉ | ၈၃.၅၅၇ |
| 3 | သံတွဲလေဆိပ် | ၅၇,၆၂၀ | ၆၃,၄၃၃ | ၆၄၁.၆၄၁ | ၇၁၄.၂၄၇ |
| 4 | အမ်းလေဆိပ် | ၄,၄၆၈ | ၄,၇၃၀ | ၁.၀၂၄ | .၀၄၉၁ |
| 5 | မာန်အောင်လေဆိပ် | ၁,၅၁၇ | ၁,၅၈၇ | ၇.၀၀၆ | ၈.၆၈၄ |


## ၆.၆.၂ သယ်ယူပို့ဆောင်ရေးကဏ္ဍအားသုံးသပ်ခြင်း

| အားသာချက်၊ အားနည်းချက် သုံးသပ်မှု |
|---|
| **အားသာချက်များ** |
| • မြစ်ချောင်းအများစုတွင် ခရီးသည်တင်ရေယာဉ်များ သွားလာနိုင်ခြင်း |
| • အပြန်အလှန်ချိတ်ဆက်နေသည့် မြစ်ကြောင်းကွန်ရက်ရှိခြင်း |
| • အဓိကမြို့ကြီးများသည် မြစ်ကမ်းဘေးတွင် တည်ရှိခြင်း |
| **အားနည်းချက်များ** |
| • ငွေကြေးခက်ခဲခြင်း |
| **အခွင့်အလမ်းများ** |
| • ရေနက်ဆိပ်ကမ်းများ တည်ဆောက်ခြင်း |
| • မြစ်ကြောင်းတွင် သင်္ဘောဆိပ်များတည်ဆောက်ခြင်း |
| • စစ်တွေ၊ သံတွဲ၊ ကျောက်ဖြူ၊ မောင်တောတို့တွင် ကားဂိတ်များတည်ဆောက်ခြင်း |
| • လေယာဉ်ကွင်းသစ်များ တည်ဆောက်ခြင်း |
| • မူလလေယာဉ်ကွင်းများကို အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ |
| **ခြိမ်းခြောက်မှုများ** |
| • ဆိုးဝါးသောရာသီဥတု အခြေအနေပေါ်ပေါက်မှု |

140 Department of Civil Aviation, 2018

# သယ်ယူပို့ဆောင်ရေးကဏ္ဍ

**သယ်ယူပို့ဆောင်ရေးကဏ္ဍတွင်လုပ်ငန်းလုပ်ကိုင်ရန်အတွက်တည်ရှိဆဲနှင့် အလားအလာရှိသောနေရာများ**




Myanmar Survey Research

## ၆.၇ လူ့အရင်းအမြစ်များနှင့်ကျန်းမာရေးကဏ္ဍ

### ၆.၇.၁ ပညာရေးကဏ္ဍအားခြုံငုံတင်ပြမှု

ရခိုင်ပြည်နယ်တွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အခွင့်အလမ်းများ အများအပြားရှိသည်။ ပညာရေး၊ အသက်မွေးပညာသင်တန်းကျောင်းများဖွင့်လှစ်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုစင်တာဖွင့်လှစ်ခြင်းစသည့်လုပ်ငန်းတို့တွင် ရင်းနှီးမြှုပ်နှံနိုင်သည်။ ရခိုင်ပြည်နယ်စုစုပေါင်းလူဦးရေ၏ ၈၃% သည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ငါးဖမ်းလုပ်ငန်းများတွင် လုပ်ကိုင်ကြသည်။ မကြာသေးမီနှစ်များက ကျွမ်းကျင်လုပ်သားများ ပိုမိုလိုအပ်လာသည့်အတွက် အသက်မွေးမှုဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများပေးရန် သင်ကြားလေ့ကျင့်ရေးစင်တာများတည်ထောင်ရန် ပုဂ္ဂလိကပညာရေးဝန်ဆောင်မှုပေးသူများအတွက် စီးပွားရေးအခွင့်အလမ်းရှိလာသည်။

မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေ ၂၀၁၆ အရ ပညာရေးကဏ္ဍသည် အဓိကရင်းနှီးမြှုပ်နှံမှု ဦးစားပေးကဏ္ဍ ၈ ခုအနက် တစ်ခုဖြစ်ပြီး၊ ကျွမ်းကျင်လုပ်သားအင်အားစုတည်ထောင်ရန် နည်းပညာ၊ အသက်မွေးကျွမ်းကျင်မှုဆိုင်ရာသင်တန်းများကိုပေးရန်အတွက် ပုဂ္ဂလိကကျောင်းများ တည်ထောင်ဖွင့်လှစ်ခြင်းကို အားပေးသည်။

ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍသည် လူသားအရင်းအမြစ် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရအနေဖြင့်အားပေးသည့်ကဏ္ဍတစ်ခုဖြစ်သည်။

#### ပညာရေး

ဇယား ၅၈၊ **ရခိုင်ပြည်နယ်ရှိ တက္ကသိုလ်များနှင့် နည်းပညာကျောင်းများ**

| စဉ် | နေရာ | | တက္ကသိုလ် | | ကျောင်း |
|---|---|---|---|---|---|
| ၁ | စစ်တွေ | ၁ | ကွန်ပျူတာတက္ကသိုလ် | ၅ | အစိုးရနည်းပညာကျောင်း |
| | | ၂ | စစ်တွေတက္ကသိုလ် | | |
| ၂ | ကျောက်ဖြူ | ၃ | ပညာရေးကောလိပ် | | — |
| ၃ | သံတွဲ | | — | ၆ | အစိုးရနည်းပညာကျောင်း |
| ၄ | တောင်ကုတ် | ၄ | ကောလိပ် | | — |
| ၅ | ကျောက်တော | | — | ၇ | ပြည်နယ်လယ်ယာစိုက်ပျိုးရေးကျောင်း |

ဇယား ၅၉၊ **စစ်တွေ အစိုးရနည်းပညာကျောင်းတွင် ကျောင်းသားများတက်ရောက်မှုအခြေအနေ**

| စဉ် | ပညာသင်နှစ် | ကျောင်းသားအရေအတွက် |
|---|---|---|
| ၁ | ၂၀၁၀ -၁၁ | ၇၀ |
| ၂ | ၂၀၁၁- ၁၂ | ၈၆ |
| ၃ | ၂၀၁၂-၁၃ | ၈၂ |
| ၄ | ၂၀၁၃-၁၄ | ၆၉ |
| ၅ | ၂၀၁၄-၁၅ | ၅၁ |
| ၆ | ၂၀၁၅-၁၆ | ၁၆၀ |
| ၇ | ၂၀၁၆-၁၇ | — |
| ၈ | ၂၀၁၇-၁၈ | ၁၉၈ |

**ပြီးခဲ့သောနှစ်တွင် ပုဂ္ဂလိကလုပ်ငန်းများမှ ပညာတတ်အရည်အချင်းရှိသူများကို လိုအပ်လာသဖြင့် လူသားအရင်းအမြစ်ကဏ္ဍတွင် အခွင့်အလမ်းများစွာ ရှိလာသည်။**

ဇယား ၆၀၊ **စစ်တွေ အစိုးရနည်းပညာကျောင်းများတွင် အဓိကသင်ကြားသည့် ဘာသာရပ်များ**

| စဉ် | ဘာသာရပ် | အလုပ်အကိုင် အမျိုးအစား | |
|---|---|---|---|
| | | အစိုးရလုပ်ငန်း | ပုဂ္ဂလိကလုပ်ငန်း |
| ၁ | မြို့ပြအင်ဂျင်နီယာပညာ | ၃၀% | ၇၀% |
| ၂ | အီလက်ထရွန်နစ်ပညာ | ၂၇% | ၆၃% |
| ၃ | လျှပ်စစ်အင်ဂျင်နီယာ | ၃၅% | ၆၅% |
| ၄ | စက်မှုအင်ဂျင်နီယာ | ၄၀% | ၆၀% |

ဇယား ၆၁၊ **တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စုစုပေါင်းကျောင်းများ** [141]

